

မောင်နှင်းဇော
မြေမှုန်မသင်း ကိုးမျက်နှာရှင်
ဇာတ်လမ်း ၈/ဆုံး အသစ်စက်စက်

# ကိုးမျက်နှာသိုင်းသမား

## (ဒုတိယပိုင်း)

## အခန်း(၇)

ထိုအချိန်မှစပြီး ဆိုချင်စုနှင့်သူတို့ ညီအစ်ကိုလို ဖြစ်ခဲ့ကြ၏။ ဆိုချင်စုနေထိုင်သော ရွာကလေးမှာ တောင်ခြေတစ်ခုတွင်ဖြစ်ပြီး ရွာသူရွာသားများမှာလည်း ဆိုချင်စုကို အားကိုးအားထား ပြုခဲ့ကြ၏။

အရေးအကြောင်းရှိလျှင်လည်း ဆိုချင်စုဆီ အပြေးရောက်လာတတ်၏။ ဆိုချင်စုသည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်လှသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပေရာ တိုင်းပြည်အပေါ် မတရားကျူးကျော် စော်ကားချင်ကြသည့် မွန်ဂိုတပ်ကြီးကို တန်ပြန် တိုက်ခိုက်ဖို့အတွက် အမြဲတမ်းအင်အားစု နေတတ်



သူဖြစ်၏။

သူရောက်ရှိသွားချိန်တွင် တစ်ရွာလုံးရောက်ရှိလာ၏။ ဆိုချင်စုနှင့် ရွာသားများကို လောင်စုနှင့်မိတ်ဆက် ပေးခဲ့၏။ အလွန်ပင် နေချင်စရာကောင်းလှသည့် ရွာစရိုက်မို့ လောင်စု အကျေနပ်ကြီး ကျေနပ်ခဲ့၏။ ရွာသားများကလည်း ကောင်းပေ့ညွန့်ပေ့ဆိုသော အစားအစာများကို သူတို့ နှစ်ဦးထံ လာရောက် ပို့ပေးတတ်၏။

သူ ဆိုချင်စု၏ ရွာကလေးသို့ ရောက်ခဲ့သည်မှာ သုံးပတ်ရှိပြီဖြစ်သည်။ သူစရိုက်က တစ်မျိုး၊ တောထဲတောင်ထဲ လျှောက်သွားချင်သလို တစ်ခါတစ်ရံ မြို့တွေရွာတွေ အနှံ့အလျှောက်သွားချင်သည်။ ယခုလည်း စားလိုက်အိပ်လိုက်နှင့် နေရသည်ကို လောင်စု ငြီးငွေ့လာ၏။ ထို့ကြောင့်လည်း ရွာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်တွင် ရွာသားတစ်ဦး၏ သတင်းစကားကို ကြားလိုက်ရသဖြင့် သူရော ဆိုချင်စုပါ ပြောနေသည့်စကားကိုဖြတ်ပြီး ရွာထိပ်သို့ထွက်ခဲ့ကြ၏။ သတင်းအရ မွန်ဂိုတပ်အင်အား သုံးရာခန့်သည် သူတို့နေထိုင်ရာရွာကို ဖျက်ဆီးရန် လာနေကြပြီဆိုသည့် သတင်းပင်ဖြစ်၏။

ဆိုချင်းစုသည် ရွာသားများကို ပြောက်ကျားသင်တန်းပေးခဲ့သည် မှာကြာခဲ့ပြီဖြစ်ရာ မွန်ဂိုတပ်များ လာမည်ဆိုသည့် သတင်းကြားသည်နှင့် တစ်ရွာလုံးလူတွေ ကြက်ပျောက်ငှက်ပျောက် သွား၏။

သူကိုယ်တိုင်လည်း လောင်စုကိုခေါ်ကာ ကိုယ်ရောင်ဖျောက်ခဲ့၏။ မွန်ဂိုတို့ဦးဆောင်သူမှာ အခြားသူ မဟုတ်ပါပေ။ ကျားလက်သည်း ချူးထင်းပင်ဖြစ်၏။

သူတို့လူစု ရွာထဲဝင်လာသည်နှင့် တွေ့သမျှ ခွေး၊ ကြောင်အစ သတ်ပစ်၏။ ရွာကိုလည်း မီးတိုက်ဖို့ စိုင်းပြင်းနေ၏။ ထိုစဉ် မြေတွင်းတူးကာ ပုန်းအောင်းနေကြသော ရွာသားများက ဓားတွေ၊ တုတ်တွေ၊ လေးတွေ၊ မြားတွေ ပစ်လွှတ်ကာ မွန်ဂိုတပ်ကို တိုက်ခိုက်တော့၏။

ရုတ်တရက် သူတို့တပ်ဖွဲ့ကြီးတစ်ခုလုံး ပြင်ဆင်ရန်မရလိုက် မြင်းတွေလည်းကြောက်လန့်ပြီး ထွက်ပြေးကုန်သလို စစ်သားတွေကလည်း ဖရိုဖရဲဖြစ်ကုန်၏။

အမှန်တော့ ဟာကွက်ဖွင့်ပြီး ထောင်ချောက်ဆင်လိုက်ခြင်းဖြစ်ရာ ချူးထင်းနှင့် မွန်ဂိုတပ်သားများမှာ ရွာလယ်ပိုင်းတွင် အူလည်ချာလည် ဖြစ်ကာ ဝရုန်းသုန်းကား ဖြစ်ကုန်



တော့၏။

ထိုအချိန်တွင် ဆိုချင်စု၏တိုက်ကွက်က ကြောက်မက်ဖွယ်ကောင်းလှ၏။ မြင်းပေါ်တွင် အမိန့်ပေးနေသော မွန်ဂိုခေါင်းဆောင်ကြီးမှာ ဆိုချင်းစု၏လက်ထဲမှ ဓားတိုကလေးကြောင့် လည်ပင်းတိကနဲပြတ်သွားပေရာ ထိုမြင်ကွင်းကို မြင်လိုက်ရသော သူတပည့်အားလုံး ကြောက်လန့်တကြားဖြစ်ကာ တောင်ပြေးမြောက်ပြေး ဖြစ်ကုန်၏။

ကျားလက်သည်း ချူးထင်းမှာလည်း ပထမ မွန်ဂိုတပ်နှင့်ဖိပြီး ချေမှုန်းပစ်မည်ဟု စိတ်ထဲတွင်ကြုံးဝါးခဲ့ပေမယ့် ဆိုချင်စုနှင့် တိုက်ကွက်ကြားတွင် အလူးအလဲခံလိုက်ရပြီး ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ရလေတော့၏။

လောင်စုမှာ ဆိုချင်စု၏ လေးစားဖွယ်ကောင်းလှသည့် လုပ်ရပ်ကို မြင်ရသောအခါ ပို၍ကြည်ညိုစိတ်တွေဖြစ်ပေါ်ခဲ့၏။ ရွာသားများ၏ စိတ်ဓာတ်ကိုလည်း ပို၍ပို၍ လေးစားခဲ့၏။

ထိုအခါ ဆိုချင်ဆူး၏ လမ်းစဉ်အတိုင်း ရပ်ရွာ၏ကောင်းကျိုးကို သယ်ပိုးလိုသည့်စိတ်တွေ တဖွားဖွားပေါ်ပေါက်ခဲ့ပေရာ နောက်ဆုံးတွင် သူကိုယ်တိုင် ဆိုချင်စု

နည်းတူ လုပ်ဆောင်ရန်အတွက် ခရီးထွက်ခဲ့ပေတော့၏။

စိတ်ထဲတွင် ဆိုချင်ဆူး၏ဝါဒ သဘောထားကို နှစ်သက်ခဲ့သဖြင့် ရောက်လေရာအရပ်တိုင်း ရွာတိုင်းတွင် မျိုးချစ်စိတ်နှင့်စပ်လျဉ်းပြီး ဟောပြောစည်းရုံးခဲ့၏။

သို့နှင့် ဆိုချင်းစုနှင့်သူတို့ ဝေးခဲ့ကြရ၏။ သူလည်း ရပ်တကာ ရွာတကာ လှည့်လည်ရင်း သူတောင်းစားကြီး အသွင်နဲ့နေခဲ့ပြီး လူမျိုးအတွက် တစ်ဖက်တစ်လမ်းမှနေ၍ တတ်အားသမျှ စွမ်းဆောင်ခဲ့ရာ တစ်ချိန်တွင် ဆိုချင်းစုတို့ လူစုနှင့် ကြုံခဲ့ရသည်။

ဆိုချင်စု အသေဆိုးနဲ့ အသတ်ခံရပြီးသည့်နောက်တွင် လက်သည်ကို မမိ မိအောင်ခြေရာခံ ခဲ့၏။ ဒေသမရွေး နေရာမရွေး တွေ့ရာသချိုင်းဓားမဆိုင်းဆိုသည့် စိတ်ဓာတ်ဖြင့် တရားခံကိုရှာခဲ့၏။ ယခုထိတော့ မကြုံရသေး၊ သတင်းကို အခိုင်အမာရထား၏။

စင်စစ် သူတွေ့ချင်နေသည့် ရန်သူ၏အမည်မှာ ချင်ထင်းကျက်ဖြစ်၏။ ရှင်းရှင်းပြောရလျှင် မိစ္ဆာဂိုဏ်းအားလုံးကို စိုးမိုးချုပ်ကိုင်ထားသော ချင်းထင်းကျက်ကို အသေရရ အရှင်ရရလိုချင်၏။



သူ့နောက်လိုက်ခဲ့ရင်း သူကိုယ်တိုင်ပင် ထောင်ချောက်မိခဲ့ပြီး ထောင်ချောက်ထဲတွင် နှစ်ပေါင်းများစွာ နေခဲ့ရ၏။

ယခုတော့ ချိန်ကွမ်းဆိုသော လူငယ်ကလေး၏ ကောင်းမှုကြောင့် သူ့ထောင်ချောက်က လွတ်လာခဲ့ချေပြီ။ အပြင်ရောက်သည်နှင့် ကြားရသည့်သတင်းကလည်း မကောင်းလှချေ။

ကိုးမျက်နှာမကိုင်ရှုကြီးက ဟိုလူယူသလို ဒီလူ ယူသလိုနှင့် ပျောက်ဆုံးနေချေပြီ။ မိစ္ဆာဂိုဏ်းသားတွေကလည်း သူ့ကိုထင်နေ၏။

သူ၏စိတ်ထဲတွင်တော့ မကိုင်ရှုကြီးကို ချင်ထင်းကျက်မှလွဲ၍ မည်သူမှမယူနိုင်ပေဟု တွေးမိ၏။ အမှန်မတော့ ချင်ထင်းကျက်ကို ယနေ့အထိ လူကိုယ်တိုင်မမြင်ဖူးသော်လည်း သတင်းက ကြောက်မက်ဖွယ်ရာပင်။

ချင်ထင်းကျက်သည် တစ်ခါတစ်ရံ တောထဲတောင်ထဲတွင် နေတတ်သလို တစ်ခါတစ်ရံ လူတောသူတောထဲ၌လည်း သွားလာကျက်စားတတ်၏။ သူ့ကို ရုပ်ပြောင်းရုပ်လွဲ ချင်ထင်းကျက်ဟုလည်း ခေါ်ကြ၏။ တချို့ကလည်း သိုင်း

ဘီလူး ချင်ထင်းကျက်ဟု ခေါ်ကြ၏။

သိုင်းပညာတွင်လည်း အံ့မခန်းလောက်အောင် ကြောက်စရာ ကောင်းလှကြောင်း သတင်းရထား၏။ သို့ပေသည့် ဘယ်လိုပဲ သတင်းတွေရရ လောင်စုက်ာတော့ ချင်ထင်းကျက်နှင့် တစ်ပွဲတစ်လမ်းတွေ့ချင်သေး၏။

ထို့ကြောင့်လည်း အရပ်တကာလှည့်ပြီး ချင်ထင်းကျက်၏ သတင်းကို စုံစမ်းတော့မည့်ဟု ဆုံးဖြတ်ပြီး ရွာမှ ထွက်ခဲ့ခြင်းဖြစ်၏။

လူငယ်ကလေး ချိန်ကွမ်းကို သံယောဇဉ်ဖြစ်မိသော်လည်း သူ့စိတ်ထဲတွင် ချင်ထင်းကျက်ကို တွေ့ဖို့က အရေးကြီးနေသည့်မို့ လမ်းခွဲခဲ့ရ၏။

ယခုတော့ ရဲဘော်ကြီး ဆိုချင်စု ကျဆုံးသွားသည့် တော့ယန်ရေတံခွန်ကြီးနားသို့ ရောက်လာသောအခါ အဟောင်းကအသစ်တွေဖြစ်လာ၏။

ရင်ထဲတွင် မကျေမချမ်းစိတ်များ တဖွားဖွားပေါ်လာ၏။ ချင်ထင်းကျက်ကို အစိမ်းလိုက် ဝါးစားချင်သည့်စိတ်များ တရိပ်ရိပ်ပေါ် ထွက်ခဲ့၏။

ထို့ကြောင့်လည်း ချင်ထင်းကျက်၏ သတင်းရနိုင်မည့်



ဒေသကို ခရီးဆက်၍ထွက်ခဲ့လေတော့၏။ ထိုအချိန်တွင် ချိန်ကွမ်းတစ်ယောက်မှာမူ တာစူတောင်ကြီးပေါ်တွင် လေ့ကျင့်ခဲ့သည်မှာ သုံးလပြည့်ခဲ့ပြီ ဖြစ်၏။

မြောက်ပိုင်း သိုင်းဆရာကြီး ရီလင်တန်ချီ ကိုယ်ပွားလှိုင်းခွဲပညာ အဆင့်ခုနစ်ဆင့်သို့ အောင်မြင်စွာကျင့်ကြံနိုင်ခဲ့ပြီမို့ ဝမ်းသာအားရ ဖြစ်နေခဲ့၏။

သုံးလပြည့်မြောက်သည်နှင့် သူကျင့်ကြံခဲ့သော လှိုင်းခွဲပညာကို အနုလုံပဋိလုံ ပြန်၍ကျင့် ကြံလိုက်၏။ ပထမအဆင့်မှ သတ္တမအဆင့်၊ သတ္တမအဆင့်မှ ပထမအဆင့် စသည်ဖြင့် အပြန်ပြန်အလှန်လှန် ကျင့်ကြံလိုက်ရာ သူ့ကိုယ်သူပင် အံ့အားသင့်ခဲ့ရ၏။

ကိုယ်ပွားခုနှစ်ဆယ်အထိ ပွားနိုင်သော ကိုယ်ပွားသိုင်းခွဲပညာကြောင့် နားအစုံခုနှစ်ဆယ် မျက်နှာအစုံခုနစ်ဆယ်စသည်ဖြင့် အာရုံခြောက်ပါး၏ ကိုယ်ပွားတွေက အဆင့်ဆင့် အစီအရီ ထွက်လာ၏။

ချိန်ကွမ်းသည် ဆရာကြီးရီလင်တန်၏ပညာကို အရိပ်ခွဲပညာဟုပင် ခံယူမိ၏။ လူတစ်ယောက်၏ စိတ်အာရုံအမြင်အာရုံများကို ကိုယ်ပွားများစွာ ခွဲထုတ်နိုင်သဖြင့် တစ်ဖက်ရန်

သူများစွာကို ကြောင်စီစီဖြစ်သွားအောင် တိုက်ခိုက်နိုင်သည့် ပညာဖြစ်ကြောင်း နားလည်မိ၏။

ချိန်ကွမ်းသည် ရီလင်တန်၏ သိုင်းပညာကိုလေ့ကျင့်ပြီးမြောက်သောအခါ ဆရာကြီးကိုရည်စူး၍ ကန်တော့လိုက်၏။ ထို့နောက် ဒုတိယအဆင့်တက်ဖို့ရန် ဆုံးဖြတ်လိုက်ပြီး ဂူထဲတွင်ဝှက်ထားသော ကိုးမျက်နှာကျမ်းစာအုပ်ကလေးကို ထုတ်လိုက်၏။

သူ့အနေနှင့်မကိုင်မှုကိုတော့ လုံခြုံသည့်ဂူတစ်နေရာတွင် ဝှက်ထား၏။ ရန်သူဆိုသည်မှာ ပြော၍ရသည်မဟုတ်၊ အချိန်မရွေး ရောက်လာနိုင်သည်မို့ ကိုးမျက်နှာမကိုင်မှုကြီးကို ဂူအမိုးပေါ်ရှိ ကျောက်ပန်းဆွဲကြီး၏ အထဲတွင် သိမ်းဆည်းထားခဲ့၏။ ချိန်ကွမ်းသည် ကိုးမျက်နှာမကိုင်မှုကျမ်း စာအုပ်ကလေးထဲမှ ဖတ်ခဲ့မိသမျှကို ပြန်စဉ်းစားလိုက်၏။

ဒုတိယမြောက် သိုင်းဆရာကြီးကား တောင်ပိုင်းသိုင်းဆရာကြီး ဆယ်ဟိုလုံဖြစ်၏။ သူ့ပညာက အပျော့သိုင်းပညာဖြစ်၏။

ခြေလက်အင်္ဂါမှန်သမျှ ငှက်တစ်ကောင်၊ သစ်ရွက်တစ်ရွက်၊ သို့တည်းမဟုတ် ဝါဂွမ်းဆိုင်ကလေး တစ်ခုပမာ



ပျော့ပျောင်းနူးညံ့လှသော ပညာဖြစ်၏။

ဆရာကြီးကျန်းစန်းဖုံး၏ပညာမှာ စိတ်တည်ငြိမ်မှုပေါ်တွင် တည်ဆောက်ထား၏။ ငြိမ်သက်မှုကို ပေါက်ကွဲမှုကြားမှ ရယူရန်ဖြစ်၏။

မကောင်းမှုကြားမှ အေးမြခြင်းကို နှိုက်ထုတ်ရန်ဖြစ်၏။ ဖရိုဖရဲဆန်မှုများထဲမှ စနစ်တကျသော နည်းစနစ်ကို တည်ဆောက်ရန် ဖြစ်၏။

ခက်ခဲနက်နဲလှသလို လျှို့ဝှက်ဆယ့်သုံးချက်ကို ခန္ဓာကိုယ်၏ ဗဟိုချက်ပြု၍ လှုပ်ရှားရသော ပညာဖြစ်၏။ ကျင့်ကြံရမည်မှာ အလွန်ပြင်းထန်လှသော ရေတံခွန်နှင့် တစ်တောလုံး ပြာကျသွားနိုင်သည့် မီးတောက်မီးလျှံများကြားတွင်သာ ဖြစ်၏။

ဦးဆုံးအဆင့်မှာ မီးတောက်မီးလျှံကြားမှ အေးချမ်းမှုအာရုံကို နှိုက်ထုတ်သည့်နည်းဖြစ်၏။

ထိုနည်းစနစ် နောက်ကွယ်တွင် ခန္ဓာကိုယ်၏ အတွင်းအားလှိုင်းသည် အအေးလှိုင်းများသဖွယ် ပေါ်ပေါက်လာနိုင်သည်ဟု ဖော်ပြထားပြီး ရေတံခွန် အလျဉ်အောက်တွင် ကျင့်ကြံသောအကျင့်မှာမူ ခန္ဓာကိုယ်မှ အပူလှိုင်းကို

ဖြစ်ပေါ်စေ၏။

ထိုအပူလှိုင်း အအေးလှိုင်းကို ဆက်စပ်လေ့ကျင့်ခြင်းဖြင့် ဝိုးတဝါးဆန်လှသော သမလှိုင်းဖြစ်မည့် အနှေပျော့သိုင်းပညာကို ရရှိလာနိုင်သည်ဟု ညွှန်းဆိုထားပေ၏။

ချိန်ကွမ်းမှာ ဆရာကြီးဆယ်ဟိုလုံ၏ ပညာကို အံ့အားသင့်နေမိ၏။ ထူးဆန်းလှသော အာရုံများ၊ ထူးဆန်းလှသော အတွေးအသိများကို ပေးစွမ်းနိုင်သည့်ပညာဟု နားလည်မိ၏။

သူသည် စာအုပ်ထဲမှ ပညာရပ်များကို ပိုစိတ်ဝင်စားနေစဉ် ခြေသံတချို့ကို ကြားလိုက်ရသဖြင့် ဂူထဲမှထွက်၍ ကြည့်လိုက်၏။ တောတောင် ထူထပ်လှသည်မို့ အရိပ်အယောင် မမြင်ရသော်လည်း အာရုံထဲတွင် လူသံဆူသံတွေကို ကြားနေရ၏။

ထို့ကြောင့် မြေပြင်ပေါ်သို့ နားကပ်ပြီး နားထောင်ကြည့်လိုက်ရာ ဂူနှင့်တစ်မိုင်ခန့်အကွာတွင် လူငါးဦး အပြေးအလွှားတက်လာသည် ခြေသံကိုကြားလိုက်ရ၏။

ချိန်ကွမ်းသည် ရေတံခွန်ဘေးရှိ တောင်ဆင်းအတိုင်းဆင်းခဲ့ရာ တောင်ခြေအရောက်တွင် တောအုပ်ထဲမှ လူငါးဦး



အမောတကောနှင့် ပြေးလွှားလာနေသည်ကို တွေ့ရ၏။

ရှေ့ဆုံးမှပြေးလာသူမှာ အဘိုးဟူကျင်းဖြစ်၏။ ဟူးကျင်းသည် သူ့ကိုမြင်သည်နှင့် အားတက်သရော ပြေးလာကာ အနားရောက်သည်နှင့် ပြောသည်။

"လူကလေး ကယ်. . ကယ်ပါဦး"

"ဟင်. . ဘာတွေဖြစ်ကုန်လို့လဲ အဘိုး"

"ဟို. . ဟိုရွာ. . ရွာကို ဝတ်ရုံမည်းတွေ မြေလှန်နေပြီကွယ့်. . ."

"ဟုတ်ပါတယ်. . ညီလေးရယ်၊ တို့ရွာကို မီးတိုက်ဖို့ လုပ်နေကြပြီကွယ်. ."

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဟို. . . ဆရာကြီး လောင်စုကို လိုက်ရှာနေကြတာဗျာ. . . ရွာကလူတွေက သူတို့ကို လိမ်ညာပြောတယ်ဆိုပြီး ရွာသားတွေကိုလည်း နှိပ်စက်နေကြတယ်"

အဘိုးဟူကျင်းနှင့် ရွာသားကြီးနှစ်ဦးကား မျက်လုံးအပြူးသားနှင့် ပြေးလာ၏။ ချိန်ကွမ်းမှာ မိစ္ဆာသိုင်းသမားများဖြစ်ရမည်ဟု တွက်မိသည်။ ထိုစဉ် အ ဟူးကျင်းသည် နဖူးပေါ်မှ ချွေးစက်များကို သဘက်ကြီးနှင့်သုတ်ရင်း မေးသည်။

"လူကလေး . ."

"ဗျာ . . ."

"ဆရာကြီး လောင်စုကော ဟင် . . ."

"ဆရာကြီးလောင်စုကို မြင်မိသလားကွယ်၊ သူဟာ တို့ရွာရဲ့ ကယ်တင်ရှင်ကြီးပါကွယ်၊ သူရှိရာကို အမြန်ဆုံး အကြောင်းကြားပေးပါလား . . လူကလေးရယ် . ."

အဘိုးဟူးကျင်း၏အသွင်မှာ မကျန်းမမာဖြစ်နေသည့် အသွင်ပြင်။ သို့သော် ရပ်ရေးရွာရေးရယ်မို့ အသက်ကို ပဓာန မထားဘဲ ယခုလို အပြေးအလွှား လာခဲ့မိလေ၏။ သူတို့၏ စိတ်ထဲတွင် ဆရာကြီးလောင်စုမှာ တာစူတောင်ပေါ်တွင် ရှိသည်ဟု ထင်မှတ်နေပုံပင် . . .

ချိန်ကွမ်းမှာ အဘိုးဟူကျင်းကိုကြည့်ရင်း . . .

"ဆရာကြီး ကျွန်တော်ခုထိ ရှာမတွေ့သေးပါဘူး . . အဘိုးရယ်၊ ဒါပေမယ့် ဘာမှမပူပါနဲ့၊ ကျွန်တော် ဖြေရှင်း နိုင်ရင် ဖြေရှင်းပေးပါ့မယ်"

"အိုး . . . ဖြစ်ပါ့မလားကွယ် . . ."

"စိတ်ချပါအဘိုး၊ ကျွန်တော်ဖြေရှင်း နိုင်လိမ့်မည်လို့ ယုံကြည်ပါတယ် အဘိုး"



"ဟင် . . . ဟုတ်လား"

ဟူးကျင်းတို့လူစု ချိန်ကွမ်း၏စကားကြောင့် အံ့အားသင့်နေ၏။ မယုံနိုင်ဖွယ်ရာ စကားရပ်မို့ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသည်။ ထိုစဉ် ချိန်ကွမ်း မေးသည်။

"အဘိုး . ."

"ဟေ . ."

"အဘိုးတို့ဆီရောက်လာတဲ့ မိစ္ဆာဂိုဏ်းအဖွဲ့မှာ ဘယ်သူ ပါလာသလဲ"

"ဟင် . . နေဦးကွ၊ ဟို . . နတ်လင်းဆွဲ ပေကျန်တဲ့"

"နတ်လင်းဆွဲ ပေကျန် . . . . ဟုတ်လား"

"ဟုတ်တယ် လူကလေး၊ အဘိုးတော့ သူတို့ကို ရဲရဲတောင် မကြည့်ရဲပါဘူးကွယ်၊ တစ်ရွာလုံးကို မွှေပြီးရှာနေတုန်း အဘိုးတို့လည်း လစ်ထွက်လာကြတာကွယ်။ အင်း . . ပြောသာပြောရတယ်။ နောက်ကများ လိုက်လာကြပြီလား မသိဘူးကွယ်"

"ဖြစ်နိုင်တယ် အဘိုးရေ၊ ကျုပ်တို့ ဘာလိုလုပ်ကြမလဲဗျ . . ."

"အင်း . . ဒုက္ခပါပဲ"

အဘိုးဟူကျင်းနှင့် ရှာသားတချို့မှာ နောက်ကျောမလုံသည့် အကြည့်များနှင့်ကြည့်ရင်း ထိတ်လန့်နေ၏။ နောက်ဆုံး ချိန်ကွမ်းသည် အဘိုးဟူကျင်းနှင့်လူစုကို ခေါ်ဆောင်ကာ သူနေထိုင်သည့်ဂူထဲတွင် ပုန်းအောင်းခိုင်ပြီးသည်နှင့် တောင်ပေါ်မှအမြန်ဆုံး ဆင်းလာခဲ့လေတော့သည်။

သူရှာဖက်သို့ ရောက်ရှိသွားချိန်တွင် ရှာလယ်ပိုင်းမှ မီးခိုးလုံးကြီးများ တဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့လိုက်ရသည်။

ထိုမြင်ကွင်းမှာ တစ်ခြားတော့ မဟုတ်ပါချေ။ ရှာလယ်ကွက်လပ်ကြီးပေါ်တွင် ရှာသားအားလုံးကို တစ်စုတစ်ဝေးတည်း ချည်နှောင်ထားပြီး လူကြီးသူကြီးကို တိုင် ကြီးများတွင် တုပ်နှောင်ထားသည်။

သူတို့သုံးဦးရှေ့တွင် မျက်နှာဖုံးစွပ်ကာ အနက်ရောင်ဝတ်ရုံကြီးများ ခြုံလွှမ်းထားသော မိစ္ဆာဂိုဏ်းအဖွဲ့ကို တွေ့ရသည်။

ချိန်ကွမ်းသည် ဖမ်းဆီထားသော လူအုပ်စုနားသို့ ပုန်းလျှိုးကွယ်လျှိုး ရောက်သွားခဲ့စဉ် မိစ္ဆာသိုင်းသမားကြီးတစ်ဦးသည် လက်ထဲမှဓားရှည်ကြီး တစ်လက်ကိုဆွဲထုတ်ကာ တိုင်



ကြီးတစ်လုံးတွင် ချည်ထားသော လူကြီးသုံးဦးအား သတ်ဖြတ်ရန် ရွယ်ထားသည်။ ချိန်ကွမ်းသည် လက်ထဲမှဝါးစိမ်းတုတ်ကလေးကို လူအုပ်ကြားမှနေ၍ အရှိန်နှင့်ပစ်ထည့် လိုက်သည်။

"ဝှစ်. ."

"ဝှစ်. . ဝှစ်. . ဝှစ်. ."

"ထောက်. . ."

"ချွမ်. . ."

"ဟာ. . ဘယ်ကောင်လဲကွ"

ချိန်ကွမ်းပစ်လိုက်သော ဝါးစိမ်းတုတ်ကလေးမှာ အရှိန်ဟုန်ပြင်းထန်လှသော သံမဏိတုံးကြီးနှယ်ပင် မိစ္ဆာသိုင်းသမားကြီး လက်ထဲမှဓားမှာ ချွမ်ကနဲမြည်ကာ အဝေးသို့ ထွက်သွားလေတော့သည်။

"ပြောကြလေကွာ. . စောစောက ပစ်ထည့်တာဘယ်သူလဲကွ. . ."

မိစ္ဆာသိုင်းသမားကြီးသည် ဓားကြီးတဝင့်ဝင့်နှင့် ရပ်ကာ လူစုကိုခြိမ်းခြောက်သည်။ ထိုစဉ် လူအုပ်ကြားထဲမှ ဝါးခမောက်ကြီးကို ခပ်ငိုက်ငိုက်ဆောင်းကာ လူတစ်ဦးထွက်

လာသည်။

"မင်းလားကွ. . ငါ့ကို ပစ်တာ"

"ဟုတ်တယ်. . "

"ဘာ. . ခွေးမသား သေပေတော့"

လက်ကဓားကြီးကို တလွှားလွှားမြှောက်ရင်း ဝါးခမောက်နှင့်လူကို အတင်းဝင်ခုတ်လေတော့သည်။ လေထုကို ဖောက်ခွဲဖြတ်ထွက်သွားသော ဓားချက်ကပြင်းထန်လှ၏။

ခမောက်နှင့်လူသည် တစ်ချက်ကလေးပင် မရှောင်၊ သူ့ထံသို့ တည့်တည့်ဝင်လာသော ဓားချက်ကို လက်ဝါးနှစ်ဖက်နှင့် ဖျတ်ကနဲ ဖမ်းသည်။

"ဟာ. . . "

"မြန်လှချည်းလားကွ"

အားလုံးအံ့အား သင့်နေ၏။ ထိုစဉ် ဝါးခမောက်နှင့်လူသည် လက်ထဲမှဓားကို ဖြောင်းကနဲမြည်အောင် ချိုးပစ်ပြီး အဝေးသို့ လွှင့်ပစ်လိုက်လေရာ မိစ္ဆာသိုင်းသမားကြီးမှာ အံ့အားသင့်သွားသည်။

ထိုစဉ် သူတို့အနီးသို့ မိစ္ဆာသိုင်းသမား ဆယ်ယောက်ခန့် လွှားကနဲ ဝင်ရောက်လာ၏။ လက်ထဲတွင်လည်း တဝင်း



ဝင်း လက်နေသော ဓားကြီးကိုကိုင်ဆောင် ထားသည်။ သူတို့အားလုံးသည် ဝါးခမောက်နှင့် လူကိုဝိုင်းလိုက်ကြ၏။

"ဟော့. . မလွှတ်စေနဲ့ကွ"

"ဘယ်ကကောင်လဲကွ"

"မေးမနေစမ်းပါနဲ့ကွာ. . ခုတ်သာခုတ်"

မိစ္ဆာဂိုဏ်းသားများသည် ဓားလွတ်ကိုယ်စီကိုင်ကာ ဝါးခမောက်နှင့်လူကို ဝိုင်း၍ခုတ်ကြသည်။

"ရွှမ်း. . ရွှမ်း. . "

"ချွမ်. . ချွမ်. . ချွမ်"

"ဖြောင်း. . . "

"ဝုန်း. . "

"ဟာ. . အောင်မယ်လေးဗျ. . "

"ဘယ်လိုလဲကွာ. . . "

ဝါးခမောက်နှင့်လူ၏ လှုပ်ရှားမှုက ငြင်သာပျော့ပျောင်းလှသလို ရှောင်တိမ်းတိုက်ခိုက်သွားပုံကလည်း အံ့မခန်း ကြောက်စရာပင်။ ဓားသမားများမှာ ကြည့်ရင်းကြည့်ရင်းနှင့် ဝါးခမောက်နှင့်လူမှာ တစ်ယောက်တည်းမှ ဆယ်ယောက်ခန့် ဖြစ်လာ၏။ ဆယ်ယောက်မှ အယောက်နှစ်ဆယ်ခန့် ဖြစ်

လာပေရာ အားလုံးအံ့အား သင့်နေ၏။

သူတို့အားလုံး ဝိုင်းဝန်းခုတ်လိုက်ကြသော်လည်း ဝါးခမောက်နှင့်လူကို တစ်ချက်ကလေးပင် မထိ။ ထို့ပြင် ဝါးခမောက်နှင့်လူ၏ ပင်ရင်းသဏ္ဌာန်ကို မခွဲခြားနိုင်ကြသဖြင့် သူတို့၏ခုတ်ချက်များမှာ လေကိုသာခုတ်မိသလို ဖြစ်သွားကြ၏။

အားလုံး နောက်တစ်လှမ်းဆုတရင်း အံ့သြသွားကြ၏။ ထိုစဉ် သူတို့ရှေ့ရှိ ကိုယ်ပွားအသွင်များက လက်ထဲကဓားတွေယူကာ တဖြောင်းဖြောင်း ချိုးပစ်လိုက်သဖြင့် မြင်သူတကာ တအံ့တသြ ဖြစ်နေကြသည်။

ထိုစဉ် ဝုန်းကနဲမြည်သံနှင့်အတူ ဝါးခမောက်နှင့်လူ၏ ခြေဖျားကန်ချက်တွေက တဗိုဗိုနှင့် ဝင်လာပေရာ အားလုံးမင်တက်မိနေ၏။ ကန်ချက်ကလည်း လည်တိုင်တည့်တည့်ချည်းပဲမို့ အားလုံးလက်တုန်ပြန်ဖို့ပင် အချိန်မရဘဲမြေပြင်ပေါ်တွင် လဲကျကုန်လေသည်။

ထိုမြင်ကွင်းကြောင့်လည်း ရွာသားများမှာ အံ့အားသင့်နေ၏။ ထိုစဉ် ကျယ်လောင်သော အသံနက်ကြီးနှင့်အတူ မြင်းနှစ်စီး ရွာလယ်လမ်းပေါ်မှ ဝင်လာ၏။

မြင်းများပေါ်တွင် အနက်ရောင် ဝတ်ရုံကြီးများ ဝတ်



ထားသော လူကြီးနှစ်ဦး လိုက်ပါလာ၏။ သူတို့နှစ်ဦးမှာ တစ်ခြားတော့ မဟုတ်ပါချေ။ မိစ္ဆာသိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော နတ်လင်းဆွဲ ပေကျန်နှင့် ချိမိန်နှစ်ဦးပင် ဖြစ်သည်။ ပေကျန်နှင့် ချိမိန်တို့မှာ ခမောက်နှင့်လူ၏ တိုက်ကွက်ကို ဝေးဝေးမှမြင်နေပေရာ နှစ်ဦးစလုံးရင်ထဲတွင် တစ်မျိုးတမည် ခံစားလိုက်ရသည်။

ပေကျန်က ဝါးခမောက်နှင့်လူ၏ လှုပ်ရှားဟန်ကို ကြည့်ပြီး အကြီးအကျယ် အံ့အားသင့်နေ၏။ ထို့ကြောင့် သူ့နံဘေးတွင် လိုက်ပါလာသော ချိမိန်ကို တိုးတိုးပြောလိုက်သည်။

"ချိမိန်. . "

"ဗျာ. . ဆရာကြီး"

"ထူးဆန်းတဲ့ သိုင်းကွက်တွေဟေ့. . "

"ဟုတ်ပါ့ ဆရာကြီးရာ"

"ဧကန္တ. . . . သူဟာ ကိုယ်ပွားလှိုင်းခွဲ ပညာရှင်ကြီးများလား မသိဘူး"

"ဗျာ. . ကိုယ်ပွားလှိုင်းခွဲပညာ၊ ဟုတ်လား ဆရာကြီး"

"အေး. . ဒါ ဆရာကြီး ကုန်းစွန်းပြောဖူးတဲ့ လူကြီးရဲ့

ပညာပဲဖြစ်ရမယ်"

"ဟုတ်ပ့ါမလား. . ဆရာကြီးရယ်"

"ဖြစ်ဖို့များတယ်၊ ဒါပေမယ့် သတိနဲ့ရင်ဆိုင်မဟေ့"

ပြောပြောဆိုဆို မြင်းကြီးများကို တစ်ရှိန်ထိုးနှင်ကာ ခမောက်လူနားသို့ အတင်းထိုးဖောက် ဝင်ရောက်လာသည်။ နှစ်ဦးစလုံး၏ လက်ထဲတွင်တော့ သံမဏိကြိုးကြီးများကို တချင်ချင် လွှဲမြောက်ချိန်ဆလာ၏။

ကြောက်မက်ဖွယ်ရာ ကောင်းလှသော မြင်ကွင်းပင် တဝုန်းဝုန်း တချွမ်ချွမ်နှင့် ဝင်လာသော သံမဏိကြိုးများ၏ ရိုက်ချက်မှာ မိုးပြိုသလိုပင် အောင့်မေ့ရသည်။

"ဝုန်း . . . . ဝုန်း"

"ဟာ. . သေပါပြီ"

"ကဲကွာ. . . "

"ဝုန်း . . . . . ဝုန်း"

"ချွမ်. . ချွမ်. . ချွမ်"

"ဝုစ်. . ဒုတ်"

"အောင်မယ်လေး. . . "

ထူးဆန်းလှသည့် တုန့်ပြန်ချက်ကြောင့် ပေကျန်



တစ်ယောက် မြင်းပေါ်မှ ခုန်ရှောင်ထွက်လိုက်ရသည်။ ချိမိန်မှာတော့ သူ့လက်ထဲမှ သံမဏိကြိုးကြီးက သူ့လည်ပင်း ပြန်ပတ်ကာ မြင်းပေါ်က ဘုန်းကနဲ ပြုတ်ကျသွားလေသည်။

ဖေကျန်မှာ သူတစ်ခါမျှ မမြင်ဘူးသော တိုက်ကွက်မို့ ဆရာကြီးကုန်းစွမ်း၏ ပြောစကားကို ကြုံဘူးမှ ယုံခဲ့ရချေပြီ။

ကြောက်စရာ ကောင်းလှသော ကိုယ်ပွားလှိုင်းခွဲပညာ၏ခမောက်နှင့်လူ၏ လက်ထဲတွင် လက်နက်တစ်စုံတစ်ရာမပါဘဲ ရန်သူ့လက်နက်ကို သူ့လက်နက်အနေနှင့် တုန့်ပြန် တိုက်ခိုက်သွားသည်။ လှုပ်ရှားပုံက သစ်ရွက်ကလေးတစ်ရွက် လေတွင် ဝေ့ဝဲသွားသလိုပင်။

ရှောင်တိမ်းသွားပုံနှင့် တုန့်ပြန်တိုက်ခိုက်သွားပုံမှာလည်း ရန်သူမျက်လုံးပြူးလောက်၏။ ပေကျန်သည် ခမောက်နှင့် လူ၏ပညာကို စိတ်ထဲမှကြိတ်၍ ချီးမွမ်းလိုက်သည်။ ထိုစဉ် ခမောက်နှင့်လူက သူ့အနားသို့ ခပ်အေးအေးလျှောက်လာသည်။

"ဘယ်လိုလဲ မိတ်ဆွေကြီး၊ ခင်ဗျားတို့ မိစ္ဆာဂိုဏ်းက လူတွေကလဲ သွေးကြောင်လှချည်လားဗျ၊ နည်းနည်းလေး

တိုက်ရသေးတယ်၊ အားလုံး အတုံးအရုန်းပါလားဗျ ဟဲ ဟဲ"

"မင်း. . . မင်း ဘယ်သူလဲကွ"

"ဘာလုပ်မလို့လဲဗျ"

"တောက်. . . မင်းလေသံက သိပ်မာလှချည်လား ကွ"

"ဩော်. . . ခင်ဗျားက ခုထိကြွားဝါနေတုန်းပဲကိုး"

"အောင်မယ်. . . ငါဘယ်သူဆိုတာ မင်းသိလား"

"ဘယ်သိမှာလဲဗျ"

"နတ်လင်းဆွဲ . . . ဖေကျန်ကွ"

"ခင်ဗျား နာမည် ကျုပ်တော့ မကြားမိပါဘူးဗျာ"

"ဘာ . . . မင်း မိုက်ရိုင်းလှချည်လား"

ဖေကျန်သည် ခမောက်သမား နောက်ဘက်တွင် ပုန်းအောင်းနေသော လူများကိုအချက်ပေးလိုက်ရာ မိစ္ဆာသိုင်းသမားငါးဦးက သံမဏိလုံးကြီးများ တပ်ထားသည့် သံကြိုးကြီးကိုလွှဲကာ ခမောက်သမားထံ ခုန်ဝင်လာသည်။

"ဝှစ် . . . ဝှစ်"

"ဟာ . . . လူပါပြီ"

"ဝုန်း . . . ဝုန်း"



"ဟာ . . . ဘာလိုလဲဟ"

ပေကျန်တစ်ယောက် ရုတ်တရက်မို့ မင်သက်မိသွား၏။ ခမောက်သမား၏ လှုပ်ရှားမှုဟာ လျှပ်ပြက်သလိုပင် ပေါ့ပါးလျင်မြန်လှပြီး ရိပ်ကနဲ ရိပ်ကနဲ လှုပ်ရှားလိုက်ရာ မိစ္ဆာသိုင်းသမားငါးဦးစလုံး မြေပြင်ပေါ် လဲကျကုန်သည်။

အံ့မခန်း မြင်ဆန်လှသည့် လှုပ်ရှားမှုအောက်တွင် သူတို့ငါးဦးစလုံး မလူးသာမလွန့်သာ၊ လက်ထဲမှသံကြိုးကြီးများလည်း ပြုတ်တောက်ကုန်သလို ခမောင်သမားလည်း ပျောက်သွားသည်။

မျက်စိအောက်တွင်မို့ ကိုယ်ရောင်ဖျောက်သွားသလားဟုပင် အောက်ခြေ၌ ဖေကျန်သည် ခမောက်သမား၏လုပ်ရပ်ကြောင့် အရှက်ရသွားကာ ခါးမှကျာပွတ်နီကြီးကို ဆွဲထုတ်လိုက်သည်။

"ဟင် . . . ဘယ်ရောက်သွားပါလိမ့်"

သူအံ့အားသင့်စွာနှင့် ငုံ့ကြည့်လိုက်တော့ ခါးကြားတွင်ကျာပွတ်နီကြီး မရှိတော့ ဟိုဟိုဒီဒီလှည့်၍ရှာနေစဉ် သူ့ရှေ့သို့အပိုင်းပိုင်းပြတ်နေသော ကျာပွတ်နီကြီး ဘုတ်ကနဲ့ ပြုတ်ကျလာ၏။

" ဟင်"

သူပစ်ချလိုက်သူကို လှမ်းကြည့်လိုက်တော့ ခမောက်သမား ဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရပေ၏။

"ဘယ်လိုလဲ ဖေကျန် . . . ခင်ဗျား ဒါဆို ကျုပ် အကြောင်း သိသွားပြီထင်တယ်"

"ဟင် . . . မင်း . . . မင်း မိုက်ရိုင်းလှချည်လား"

"တိတ်စမ်းဗျာ . . . မိုက်ရိုင်းတာခင်ဗျား . . . ကဲ ခုထွက်သွားစမ်း. . . မသွားဘူးဆိုရင် ကျုပ် အဆိုးမဆိုနဲ့"

" မင်း . . . မင်း . . . တောက် . . . နေနှင့်ဦးပေါ့ကွာ"

"ဟား . . . ဟား . . . ဟား"

ပေကျန်မှ မြင်းပေါ်သို့လွှားကနဲ့ ခုန်တက်ကာ ရှက်ကိုး ရှက်ကန်းနှင့် ထွက်သွား၏။ ထိုစဉ် ခမောက်နှင့်လူသည် မြေပေါ်တွင် ရှိနေသော ကျောက်ခဲတစ်လုံးအား ခြေထောက်ဖြင့် ကန်ပစ်လိုက်၏။

"ဝှစ်"

"ဒေါက်"

"အောင်မလေးဗျ"



ဖေကျန်မှာ သူနောက်ကျောကို လာမှန်သော ခဲအရှိန်ကြောင့် မြင်းပေါ်မှ ခွေးကျ,ကျသွား၏။

"ဟား . . . ဟား . . . မြင်းမစီးတတ်ဘဲလည်း စီးတဲ့လူပဲ . . . လမ်းသာလျှောက်သွားပါ"

"တောက် . . . မင်း မှတ်ထားဦးပေါ့ကွာ"

ဖေကျန်မှာ လှည့်ကြည့်ရင်း မျက်နှာမဲ့ကာ ထွက်သွားသည်။ ထိုစဉ် ချိမိန်နှင့် မိစ္ဆာဂိုဏ်းသားများ လူးလဲထကာ သူတို့ဆရာကြီးနောက်သို့ အတင်းပြေးလိုက်သွား၏။

ခမောက်သမားမှာ သူတို့လူစုကို ခါးထောက်ပြီး ကြည့်နေဆဲ၊ တအောင့်မျှအကြာတွင် ရွာသားများကို ကြိုးဖြေပေးပြီး ရွာထဲမှ အေးအေးလူလူနှင့် ထွက်သွားသည်။

ရွာသားများမှာ ထူးဆန်းသော သူရဲကောင်းလေးကို ငေးကြည့်နေကြသည်။ ထိုသူက သူတို့ကို ပြုံးရွှင်စွာနှုတ်ဆက်ရင်း တရွေ့ရွေ့ လျှောက်သွားပေတော့သည်။

* * * * *

## အခန်း(၅)

ဖေကျန်တို့လူစုမှာ အရေးမလှဖြစ်ခဲ့ရသဖြင့် မကျေမချမ်းဖြစ်နေကြ၏။ ယခုလို မရှုမလှ တစ်ခါမျှမဖြစ်ဘူးချေ။ သူတို့ဝင်စီးသမျှ ရွာတွေအားလုံး ဆင်ရိုင်းအုပ်ဝင်သလို ခံစားခဲ့ရသည်သာ ဖြစ်သည်။

ယခုတော့ နှင်ပစ်ခံလိုက်ရချေပြီ။

စင်စစ်သူတို့လူစု ဝင်ရောက်မွှေနှောက်ခဲ့သည်မှာလည်း အကြောင်းရှိ၏။ သတင်းအရ မိုးလက်ဝဲလောင်စုံ အောင်းနေသည်ဟု သတင်းရထားသဖြင့် ယခုလိုဝင်ရောက်မွှေနှောက်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ သူတို့တွေခဲ့သည်မှာ မိုးလက်ဝဲမဟုတ်။



ကြောက်စရာကောင်းသော "ကိုယ်ပွားလှိုင်းခွဲ" သိုင်းသမားတစ်ဦးဖြစ်နေသည်။ ပြီးတော့ သူ့အသွင်က အနုညာတအသွင်၊ ထိုသူက သူတို့ကို ကိုယ်ပွားလှိုင်းခွဲပညာနှင့် မောင်းထုတ်ခံခဲ့ရသည်ကို မခံမရပ်နိုင်ဖြစ်နေမိသည်။

ထို့ကြောင့် သူတို့လူစု မျက်နှာဖုံးရှင် ကုန်းစွန်းတို့ရှိရာသို့လာပြီး သတင်းပို့၏။ ကုန်းစွန်းမှာ ဖေကျန်၏ စကားကြောင့် မျက်လုံးပြူးသွားသည်။

"ဘာ. . ကိုယ်ပွားလှိုင်းခွဲ ဟုတ်လား"

"ဟုတ်တယ်. . အစ်ကိုကြီး၊ အစ်ကိုကြီး ပြောဖူးတဲ့ သိုင်းဆရာကြီး ရီလင်တန်ရဲ့ ပညာလေ. . ."

"ဟာ. . . မဖြစ်နိုင်ဘူးကွာ. . ."

"မယုံမရှိနဲ့ အစ်ကိုကြီး၊ ကျွန်တော်တို့ကိုယ်တိုင် ကြုံခဲ့ရတာ ဘယ်သူမှန်းလဲ မသိဘူး။ ခေါင်းပေါ်က ခမောက်တောင် မချွတ်ဘူးဗျ. . . ပြီးတော့ သူ့အရိပ်တွေဟာ သုံးလေးဆယ်လောက် ပေါ်လာတယ်။ အတော်ကို မြန်တဲ့လူပဲ"

"ဟာ. . ဖေကျန်ရာ. . ဒီပညာဟာ ဟို ရီလင်တန်ဆိုတဲ့လူကြီးနဲ့ အတူပါသွားကြာပြီ။ မင်း မ[illegible] နိုင်တာတွေ ပြောနေပြန်ပြီ"

"ဟာ. . မယုံလဲ ချိမိန်သာ မေးကြည့်ပေတော့"

"ဟင်. . ."

ကုန်းစွန်းမှာ အံ့အားသင့်နေ၏။ ချိမိန်ကလည်း သူကြုံခဲ့ရသမျှကို အသေးစိတ်ပြောပြလိုက်သည်။ ကုန်းစွန်းပို၍ အံ့အားသင့်လာ၏။ ခေါင်းကုတ်ရင်း တွေးတောနေသည်။

"အင်း. . . မိုးလက်ဝဲ လောင်စုကို ခြေရာခံကာမှ ရီလင်တန်ဆိုတဲ့လူက ပြန်ပေါ်လာပြီထင်တယ်။ ဒုက္ခပဲ ဒီလိုသာ သေတဲ့လူတွေ ပြန်ရှင်လာရင်တော့ ဒုက္ခပဲ၊ အိုး. . . မဖြစ်နိုင်ဘူး. . . လုံးဝမဖြစ်နိုင်ဘူးကွာ"

ကုန်းစွန်းမှာ တစ်ယောက်တည်းပြောရင်း ပေါက်ကွဲနေသည့် ဖေကျန်နှင့်ချိမိန်မှာ သူတို့ကိုယ်သူတို့ အိပ်မက်များ မက်နေသလားပင် အောက်မေ့နေကြသည်။

မယုံနိုင်ဖွယ် လှုပ်ရှားမှုတွေကြား သူတို့ ပျာယာခတ်ခဲ့ရသည်ကို တွေးရင်း အရှက်ရနေကြသည်။ ကုန်းစွန်းကတော့ လက်သီးကိုဆုပ်ရင်း အံတကြိတ်ကြိတ် ဖြစ်နေသည်။

နောက်ဆုံးတွင် လောင်စုနှင့် ခမောက်သိုင်းသမားနှစ်ဦး၏ သတင်းကို အမိအရလိုက်ရန် ဖေကျန်နှင့် ချိမိန်ကို တာဝန်ပေးလိုက်သည်။ ထိုအချိန်တွင် ခေါင်းမီးတောက်နေ



သူမှာ ရှောင်လင်ဂိုဏ်းချုပ်ကြီး ဝူရှန်ပင်ဖြစ်၏။ ကိုးမျက်နှာမကိုင်ကြီးကို ရှာဖွေရန် စေလွှတ်လိုက်သူ တောကြီးကန် ကျိစန်းမှာလည်း ခုထိဘာသတင်းမှ မကြားသေးပေ။

ထို့အပြင် အန်းယုကျိဆိုသော ပုဂ္ဂိုလ်ကြီးကလည်း တစ်မျောက်၊ သူကလည်း မွန်ဂိုခေါင်းဆောင်ကြီးများနှင့် ပေါင်းကာ ရှောင်လင်ကို မှေးမှိန်အောင် လုပ်ချင်သူဖြစ်၏။

ကျောင်းတော်ပေါ်သို့ မကြာခဏ ရောက်ရှိလာတတ်ပြီး သူတို့သိုင်းပညာသင်တန်းကိုပင် ရပ်တန့်ရန်အကြိမ်ကြိမ် ဟန့်တားခဲ့ဘူး၏။ ဘာသာရေးနှင့် လုံးဝမသက်ဆိုင်ကြောင်း အကြောင်းပြ မွန်ဂိုစစ်ခေါင်းဆောင်များကို ကုန်းချောခဲ့၏။

ထို့ကြောင့်လည်း မွန်ဂိုတပ်က ရှောင်လင်ကျောင်းတော်ကြီးကို မျက်စိစပါးမွေး စူးသွား၏။ ဘုန်းတော်ကြီးများ သွားလာလှုပ်ရှားပုံကို စောင့်ကြည့်ပြီး အမျိုးမျိုး ခြိမ်းခြောက်ခဲ့သည်။

စုန်စန်တောင်ခြေတစ်ဝိုက်တွင်လည်း အန်းယုကျိတပည့်များနှင့် မွန်ဂိုတပ်သားများက နေရာအနှံ့ ယူထားကြပြီးဖြစ်၏။ ဂိုဏ်းချုပ်ကြီး ဝူရှန်ကလည်းသိ၏။ ဝူရှန်ကလည်း ရိပ်မိ၏။ ဘုရားသားတော်များမို့ ရန်,ရန်ချင်းမတုန့်နှင်းကြရန်

သူ့ဂိုဏ်းဝင်များကို အထူးမှာထား၏။

စိတ်ရှည်ကြရန် ၊သည်းခံကြရန်လည်း မှာကြားထား၏။ ဝူရှန်၏စိတ်ထဲတွင် အန်ယုကို ဘာကြောင့် စုန်စန်းတောင်ပေါ် တက်လာပြီး နှောင့်ယှက်နေသည်ကို မသိ၍မဟုတ်။

စင်စစ် ဒီကိစ္စအားလုံး၏ တရားခံမှာ ကုန်းစွန်းပင်ဖြစ်သည်။ ထိုစဉ် ကုန်းစွန်းတစ်ယောက် ရှောင်လင်ကျောင်းတော်တွင် တရားအားထုတ်သည့် သူတော်စင်ယောင်ဆောင်ပြီး ရှောင်လင်၏လျှို့ဝှက်ချက်များကို နှိုက်ထုတ်သွားခဲ့သည်။

ထို့ကြောင့်လည်း ကိုးမျက်နှာမကိုင်ရှုကြီး ကိစ္စသိခဲ့ရသည်။ ထိုအခါ မကိုင်ရှုကြီးသတင်း အန်းယုထံပေးပို့ခဲ့ရာ အန်းယုတစ်ယောက် မကိုင်ရှုလိုချင်သည်မှာ အရူးအမူးဖြစ်နေ၏။

သူ့တပည့်များကို ရှောင်လင်ကျောင်းတော်ကြီးသို့ သူလျှိုအဖြစ်နေ၏။ သူ့တပည့်များကို ရှောင်လင်ကျောင်းတော်ကြီးသို့ သူလျှိုအဖြစ် စေလွှတ်ကာ အမျိုးမျိုးသောနည်းဖြင့် စုံစမ်းခိုင်း၏။

ဝူရှန်ကလည်း ကိုးမျက်နှာမကိုင်ရှုကြီး ကိစ္စကို သူတို့ဂိုဏ်းခေါင်းဆောင်မှလွဲ၍ သင်တန်းတာဝန်ခံတွေကို အသိ



မပေး ခဲ့။

နောက်ဆုံး မကိုင်ရှုကြီးထားသည့် နေရာကိုပင် လျှို့ဝှက်ထားခဲ့၏။ ထိုသို့သော အခြေအနေတွင် အန်းယုကျိုတစ်ယောက် ကျောင်းပေါ်သို့ ချောင်းပေါက်မတတ် ရောက်လာခဲ့၏။

သူလာသည့်အခါတိုင်းတွင်လည်း မွန်ဂိုတပ်ခေါင်းဆောင်ကြီး လုကိုနှင့်အဖွဲ့ ပါလာတတ်၏။ ဝူရှန်မှာ စကားနည်း ရန်စဲသဘောဖြင့် ကောင်းမွန်စွာ ဧည့်ခံခဲ့ပေ၏။ သို့ပေသည့် အန်းယုကျိုက မလွယ်၊ သူလိုချင်သည်မှာ မကိုင်ရှုကြီးမို့ မရ,ရတဲ့နည်းနှင့် တစ်ဖက်လှည့်ပြီး စုံစမ်းလေ၏။

ဝူရှန်ကလည်း တတ်နိုင်သမျှ သိပ်သိပ်သည်းသည်းနှင့်နေခဲ့၏။ အန်းယုကျို မျက်စိလည်အောင် အမျိုးမျိုး လှည့်စားခဲ့၏။ သို့ပေသည့် အခြေအနေက တစ်နေ့တစ်ခြား ဆိုးရွားလာ၏။

ဂိုဏ်းချုပ်ကြီး ဝူရှန်ကိုပင် ချောင်ပိတ်မေးခွန်းတွေမေးကာ မကိုင်ရှုကြီးကို မရရအောင် ကြံစည်တော့၏။ ထိုအခါ ဂိုဏ်းချုပ်ကြီး ဝူရှန်မှာမကိုင်ရှုကြီးကိစ္စကြောင့် ဘုရားပင်ဖြောင့်အောင် မရှိခိုးနိုင်တော့ချေ။

နောက်ဆုံး သူတို့ထိန်းသိမ်းခဲ့သော အနှစ်နှစ်ဆယ် ပြည့်သည့် နေ့မရောက်မီ တစ်ပတ်ခန့်အလိုတွင် အဖြူရောင် ဂိုဏ်းခေါင်းဆောင်များကိုခေါ်ကာ တံခါးပိတ် ဆွေးနွေးခဲ့သည်။ ထိုအခါ စိတ်အချဆုံး အရဲရင့်ဆုံးအဖွဲ့ကို ရွေးချယ်ဖို့အတွက် သိုင်းပြိုင်ပွဲကြီးတစ်ရပ် ကျင်းပခဲ့၏။

ယခုတော့ ပြိုင်ပွဲကျင်းပရသည်မှာလည်း အချည်းနှီး ဖြစ်ခဲ့ချေပြီ။ ကိုးမျက်နှာမကိုင်ရှုကြီးက ဘယ်သူ့ဆီ ရောက်နေမှန်းလည်း မသိတော့ချေပြီ။ သူ့စိတ်တွင်လည်း အမည်းရောင် မိစ္ဆာဂိုဏ်းများ၏ လက်ချက်လို့ပင် ထင်နေမိ၏။

သို့ပေသည့် လက်ဆုပ်လက်ကိုင် မပြနိုင်သေး၍ မကျေမချမ်း ဖြစ်နေ၏။ ထိုအချိန်တွင် ကြားကဆေးရိုးသည် လုပ်နေသူမှာ အန်းယုကျိပင် ဖြစ်သည်။ သူသည် မွန်ဂိုခေါင်းဆောင်ကြီး လုယိုနှင့်အတူ တစ်နေ့တွင် ကျောင်းပေါ်သို့ ရောက်ရှိလာ၏။

ထိုအချိန်တွင် ရှောင်လင်ဂိုဏ်းဝင်များ အားလုံး ဘုရားဝတ်ပြုနေချိန် ဖြစ်၏။ အန်းယုကျိသည် ဘာသာရေးကို အလေးအနက်ထားသူ မဟုတ်ချေ။ ကျောင်းအောက်ထဲသို့ ဝုန်းဒိုင်းဒိုင်းဝင်လာရာ ဝတ်ပြုကိုယ်တော်များကိုက မကျေ



မချမ်းဖြစ်လာကြ၏။ ဂိုဏ်းချုပ်ကြီး ဝူရှန်မှာ သူ့ဂိုဏ်းသားများကို မနည်းဖျောင်းဖျခဲ့ရ၏။

အန်းယုကျိနှင့် မွန်ဂိုတပ်မှူးကြီး လုယိုတို့နှစ်ဦးသည် ရင်ပြင်တော်ကိုဖြတ်ကာ ဂိုဏ်းချုပ်ကြီးရှိသည့်နေရာသို့ ရဲရဲရင့်ရင့် ရောက်လာကြ၏။ ဝူရှန်မှာ သူတို့နှစ်ဦးကို မြင်သည်နှင့် စိတ်မချမ်းမသာ ဖြစ်သွား၏။ သို့ပေသည့် အပူရုပ်ကိုဟန်လုပ်ရင်း ဝတ္တရားအရသာ မေးခဲ့၏။

“ဘာကိစ္စလည်း ဒကာကြီး အန်းယုကျိ”

“ဟာ. . ကျုပ်တို့ ဘာကြောင့်လာတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး သိပါတယ်ဗျာ. . ကဲဗျာ. . ရှည်ရှည်ဝေးဝေး သိပ်မပြောချင်ဘူး ခင်ဗျားနှင့်ကျုပ်တို့ တစ်နေရာမှာ အေးအေးလူလူ စကားပြောချင်တယ်ဗျာ. . . ဘယ်လိုလဲ”

“ဩော်. . . . ရပါတယ်၊ ဒကာကြီး ဒါဆိုကျုပ်နေတဲ့ အဆောင်ဖက်ကို လိုက်ခဲ့ကြပေါ့”

ဝူရှန်သည် သူတို့နှစ်ဦးကို အချုပ်ထဲမှ ခေါ်ထုတ်ခဲ့ရ၏။ မခေါ်ထုတ်လို့ကလည်း မဖြစ်ပါချေ။ ဂိုဏ်းသားအားလုံး မျက်စိပျက်မျက်နှာပျက်နှင့် ပေါက်ကွဲလုလုနီးနီး အခြေအနေကို ရောက်နေပြီဖြစ်ပေသည်။

ဝူရှန်သည် သူနှင့် သီးသန့် အဆောင်ထဲသို့ အန်းယုကျိတို့နှစ်ဦးကို ခေါ်ခဲ့ပြီး ကောင်းမွန်စွာ ဧည့်ခံ၏။ အန်းယုကျိသည် ထိုင်ခုံပေါ်မှာ ခြေပစ်လက် ပစ်ထိုင်ချလိုက်ပြီး စကားဝိုင်းကို သူကအရင် ဦးဆောင်၏။

"ဂိုဏ်းချုပ်ကြီး. . . "

"ပြောပါ. . . ဒကာကြီး"

"ကျုပ်တော့ ဂိုဏ်းချုပ်ကြီး လုပ်တာကိုတော့ ဘဝင်မကျဘူး ဗျာ. . "

"ဟင်. . ဘာဖြစ်လို့လည်း ဒကာကြီးရဲ့"

"ဟာ. . ကိုးမျက်နှာမကိုဋ္ဌ ပျောက်သွားတာဟာ ကျုပ်တို့ပြောတာ နားမထောင်လို့ပေါ့ဗျာ. . . တကယ်ဆိုရင် ခင်ဗျားတို့ဟာ ဘာသာရေးသမားတွေပါ၊ ဒီမကိုဋ္ဌကြီးနဲ့ ဘယ်လိုမှ အပ်စပ်ပါဘူး။ ဒါကြောင့်လည်း ကျုပ်တို့ ထိန်းသိမ်းထားပါမယ့်လို့ပြောတော့ ခေါင်းခါတယ်။ ခုတော့ ခင်ဗျား အစီအစဉ်နဲ့ ခင်ဗျားလုပ်တာ အားလုံးရှုပ်ကုန်ပြီ မဟုတ်လား"

"ဟင်. . "

ဝူရှန်မှာ အန်ယုကျိ၏စကားကြောင့် ဘာပြန်ပြောရမှန်း မသိဖြစ်နေ၏။ ထိုစဉ် အန်ယုကျိက လုယိုကို တီးတိုးပြောပြပြီး ဝူရှန်ဖက်လှည့်ကာ ပြော၏။



"ကဲ. . ခင်ဗျား ဘာမှအူကြောင်ကြောင် လုပ်မနေနဲ့နော်. . ခင်ဗျားဟာ ကိုးမျက်နှာမကိုဋ္ဌကြီးကို တစ်ဖက်လှည့်ပြီး ယူထားတယ်လို့ ကျုပ်ရော ဟောဒီက ခေါင်းဆောင်ကြီးလုယိုပါ သိနေတယ်။ ကဲ. . ခင်ဗျား ဘာပြောချင်သေးသလဲ"

"ဟာ. . ခင်ဗျား မဟုတ်တာတွေ ပြောနေပြန်ပြီဗျာ ကျုပ်တို့ မယူတာ အမှန်ပါ အန်ယုကျိရာ၊ ဒါထက် ခင့်ဗျားကရော ဘာကြောင့် ဒီဟာကို ယူချင်နေတာလဲဗျ. . "

"ဒါ ခင်ဗျားမေးစရာ မေးခွန်းမဟုတ်ပါဘူး။ ကဲ. . ခင်ဗျားဘယ်မှာ ဝှက်ထားသလဲသာ ပြောစမ်း၊ မပြောရင်တော့ ခင်ဗျား ရှောင်လင်ကျောင်းကြီးကို မြေလှန်ပစ်မှာနော်"

"ဟာ. . မလုပ်ကြပါနဲ့ဗျာ၊ ကျုပ်တို့ ဘာမှမသိရိုး အမှန်ပါဗျာ. . "

"တော်စမ်းဗျာ. . သူခိုးက ခိုးတယ်ပြောမလားဗျ. . ကဲ. . ပြောနေတာ ကြာတယ်ဗျာ. . ခင်ဗျားဟာ. . သိုင်းလောကကြီး တစ်ခုလုံးကို ထိန်းချုပ်ထားချင်လို့ ဒီကိုးမျက်နှာမကိုဋ္ဌကြီး ဝှက်ထားတာပဲ ဖြစ်ရမယ်။ ဒီတော့ ကျွန်တော်မေးရမယ့် တာဝန်ကုန်ပြီ၊ ဒီတော့ ကျွန်တော်တို့က ဘာဆက်

လုပ်ရမယ်ဆိုတာပဲ စဉ်းစားတော့တယ်"

အန်ယုကျိသည် ရှောင်လင်ဂိုဏ်းချုပ်ကြီး ဝူရှန်ကို ဒေါနဲ့ပြောကာ မွန်ဂိုခေါင်းဆောင် လုယိုကိုခေါ်ကာ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်ခွာသွားလေတော့၏။

ဝူရှန် ထိုင်ခုံ ကြီးပေါ်တွင် သူ ငိုင်ငိုင်ကြီး ထိုင်နေမိ၏။ သူ့အတွေးထဲတွင် အန္တရာယ် အငွေ့အသက်ကြီးက ရှောင်လင်ကျောင်းသို့ တရှိန်ထိုး ဝင်ရောက်လာတော့မှာ ပါလားဟု တွေးမိ၏။

စိတ်ကိုထိခိုက်လွန်းသဖြင့် ဝမ်းနည်းကြေကွဲရိပ်တွေ ပြန်ပေါ်နေ၏။ ထိုအချိန်တွင် ရှောင်လင်ဂိုဏ်းဝါစဉ်ကြီး ပုဂ္ဂိုလ်ဆယ်ယောက်သည် ဝူရှန်အခန်းထဲသို့ ဝင်လာကာ ဂါရဝပြု၏။ ထို့နောက် ဝါစဉ်အကြီးဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သော ရန်ရှောင်က လေသံတိုးတိုးနှင့် မေး၏။

"ဆရာကြီး. . ခင်ဗျား အန်ယုကျိကြောင့် အနှောင့်အယှက် ဖြစ်နေပြီထင်ပါရဲ့"

"ဟုတ်ပ့ါ. . ရန်ရှောင်ရယ်၊ ကျုပ်တော့ အတော့်ကို စိတ်မကောင်း ဖြစ်နေရပြီဗျာ"

"ဘာတွေများ ဖြစ်လို့ပါလိမ့် ကျွန်တော်တို့ ကူညီနိုင်



ရင် ကူညီပါရစေ ဆရာကြီး"

"အိမ်း. . ဒီကိစ္စ ခင်ဗျားတို့သိမှ ဖြစ်မှာပေါ့၊ ပြီးတော့ ကျုပ်တို့ အရေးတကြီး ပြင်ဆိုင်မှုတွေ လုပ်ဆောင်မှ တော်ရုံကျမယ် ဗျို့"

"ဟင်. . အခြေအနေ ဆိုးနေပြီလား ဆရာကြီး"

"ဟုတ်ပ့ါ. . . . ရန်ရှောင်ရေ အဖြစ်ကဒီလိုဗျ. ."

ဂိုဏ်းချုပ်ကြီး ဝူရှန်သည် အန်ယုကျိနှင့် ဆုံခဲ့စဉ်က အဖြစ်ကို မျက်စိပျက်မျက်နှာပျက်နှင့် ပြောပြသည်။ သူ့စကားကို ကြားသိရသောအခါ ဝါစဉ်အရ ပုဂ္ဂိုလ်ဆယ်ဦးမှာလည်း မျက်လုံးအပြူးသား ဖြစ်ကုန်၏။ ရန်ရှောင်မှာ ဝူရှန်ကို မျက်လုံးအပြူးသားဖြစ်ကုန်သည်။

"ဟင်. . ဒါဆို ကျွန်တော်က ဘယ်လိုလုပ်ကြမလဲ"

"အဲဒါပြောတာပေ့ါ ရန်ရှောင်၊ ကျုပ်တို့ ကြိုတင်ကာကွယ်မှုတွေ မလုပ်ရင် မဖြစ်တော့ဘူး ဗျ၊ ဒီတော့ ခင်ဗျားတို့ ဆယ်ယောက်ဦးစီးပြီး ရှောင်လင်ရဲ ဝင်ပေါက်မှန်သမျှမှာ လုံခြုံရေးဂိုဏ်းဝင်တွေကို အချိန်မရွေး အစောင့်ထားဖို့ လိုပြီဗျ"

"စိတ်ချပါ. . . . ဆရာကြီး"

"ဖြစ်နိုင်ရင် တစ်ပတ်အတွင်းမှာကို အသေအချာ

စောင့်ကြည့်မှ ဖြစ်မယ်ဗျို့"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့အားလုံး စီစဉ်လိုက်ပါမယ်"

"ဒါဆို မြန်မြန်လုပ်ကြဗျာ။ ကျုပ်တို့ဂိုဏ်းကြီးဟာ နှစ်အဆက်ဆက် ကောင်းမြတ်တဲ့အစဉ်အလာကို ထိန်းသိမ်းခဲ့တဲ့အဖွဲ့ကြီးပါ။ ဒီတော့ ကျုပ်တို့ လက်ထက်ကြမှ ရန်သူလက်ချက်နဲ့ ပြိုပျက်သွားရမယ်ဆိုရင် ရာဇဝင်ရိုင်းလှတယ်ဗျာ၊ ကျုပ်တို့ဟာ မတရား မလုပ်ဘူးဆိုတာ ဘုရားသိပါတယ်။ ဒီတော့ ကျုပ်တို့ဟာ ရှောင်လင်ကို အသက်နဲ့ရင်းပြီး ကာကွယ်ရမယ်"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့အားလုံး ရှောင်လင်အတွက် အသက်စွန့်ပြီး ကာကွယ်ပါ့မယ်"

"ကဲ. . ဒါဆို ခုအချိန်ကစပြီး စီစဉ်ပေတော့ဟေ့"

"ဟုတ်ကဲ့. . ဆရာကြီး"

ရန်ရှောင်တို့လူစုသည် ဆရာကြီးဝူရှန်တို့ နှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားကြ၏။ ဝူရှန်ကတော့ အန်ယုကျိစော်ကားလွန်းလှသော စကားများကို ပြန်လည်ကြားယောင်စိတ်ထဲမကျေမချမ်းမှုများ တဖွားဖွားပေါ်ထွက်နေသည်။

ထို အချိန်တွင် အန်ယုကျိနှင့်မွန်ဂို



ခေါင်းဆောင်လုယိုတို့နှစ်ဦး ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေကြသည်။

သူတို့၏ စိတ်ထဲ၌ ကိုးမျက်နှာမကိုဋ္ဌ်ကြီးကိုသာ မြင်ယောင်နေမိသည်။ လုယိုကတော့ အန်ယုကျိလောက် နားမလည်ချေ။ ထို့ကြောင့်လည်း အန်ယုကျိကိုကြည့်ပြီး မေးလိုက်သည်။

"နေပါဦး အန်ယုကျိရဲ့ ခင်ဗျားက ဘာကြောင့်များ မကိုဋ္ဌ်ကြီးကို လိုချင်နေတာလဲဗျ"

"ဟာ. . ခေါင်းဆောင်ကြီးကလည်း ကျုပ်တို့ ဒီမကိုဋ္ဌ်ကြီးသာ ရကြည့်. . . . တရုတ်ပြည်တပြည်လုံးကို အုပ်ချုပ်လို့ရတယ်ဗျ. ."

"ဟင်. . . ဟုတ်လား. ."

"ဟုတ်ပ့ါဗျာ. . တရုတ်ပြည်သာ မဟုတ်ဘူး၊ ဟောဒီ စကြာဝဠာကြီးကိုပါ လွှမ်းမိုးနိုင်မှာဗျ၊ ဒီမကိုဋ္ဌ်ကြီးထဲမှာ ထိပ်သီးအဆင့်မြင့် သိုင်းပညာရှင်တွေရဲ့ပညာတွေ ရေးသွင်းထားတာဗျ၊ ဒါကြောင့်လည်း မရမက လိုချင်နေတာပေ့ါဗျာ"

"ဪ. . ဒီလိုကိုး"

"ဟုတ်တယ်. . ခေါင်းဆောင်ကြီး၊ ကျုပ်တို့ ဒီပစ္စည်း

ကြီးရဖို့ အင်အားသုံးရမှာပဲဗျာ. . ရှောင်လင်မှာသိုင်းသမားကောင်းတွေ အတော်များများ ရှိကြတယ် ခေါင်းဆောင်ကြီးရဲ့. . ”

“အို. . ဒီကိစ္စအတွက် မပူပါနဲ့၊ ကျုပ်မှာ လက်ရွေးစင်တပ်တွေ ရှိပါတယ်ဗျ၊ ခင်ဗျား ဘာမှပူစရာ မလိုပါဘူး။ ခင်ဗျားပြောတာနဲ့ ကျုပ်တောင် မကိုင့်ရှုကြီးကို စိတ်ဝင်စားလာပြီဗျို့”

“စိတ်ချပါ. . ခေါင်းဆောင်ကြီးရာ၊ ဒီမကိုင့်ရှုကြီးသာ ကျုပ်ထဲရောက်လာရင် လိုတရတဲ့ဘဝကို အလိုလိုနေရင်း ရောက်သွားမှာဗျို့”

“ဒါဆို ဘာမှမပူနဲ့ အန်ယုကျိဖြစ်နိုင်ရင် အမြန်ဆုံး တိုက်ခိုက်ပြီး ရှောင်လင်ကို မြေလှန်လိုက်ချင်တယ်”

“ကောင်းသားပဲ. . ခေါင်းဆောင်ကြီး”

“ကဲ. . ပြောနေကြာတယ် ဗျာ. . ကျုပ်ညာလက်ရုံးတွေခေါ်ပြီး အစီအစဉ်တွေ လုပ်လိုက်မယ်”

“အသင့်တော်ဆုံးပါပဲ ခေါင်းဆောင်ကြီး၊ ကျွန်တော်လည်း ခေါင်းဆောင်ကြီးနဲ့အတူ ရှောင်လင်ကျောင်းကို ရအောင် ဖြိုပါ့မယ်”



“ကဲ. . ဒါဆို. . ခုပဲ စီစဉ်လိုက်ကြစို့ ဗျာ”

“ဟုတ်ကဲ့. . ခေါင်းဆောင်ကြီး”

သူတို့နှစ်ဦး ဆွေးနွေးပြီးသွားသည်နှင့် မွန်ဂိုလက်ရွေးစင်တပ်ဖွဲ့ကိုခေါ်ကာ စနစ်တကျ စီစဉ်လိုက်ကြ၏။ အမှန်မတော့ လုယိ၏လက်ရွေးစင်တပ်ဆိုသည်မှာလည်း ထိပ်သီးသိုင်းသမားများနှင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သူတို့အစီအစဉ် အောင်မြင်ရမည်ဟု စိတ်ထဲတွင် အကြီးအကျယ် ကြုံးဝါးကာ ကျေနပ်အားဖြစ်နေပေသည်။

* * * * *

တိုးတက်ရေး
၈၁၄၀

အခန်း(၉)

မှောင်မိုက်နေသော ကောင်းကင်ကြီးက စုန်စန်းတောင်ကြီးပေါ်သို့ တအိအိပြိုကျနေသလိုပင်၊ လကွယ်ညဖြစ်၍လည်း လမင်းကြီး၏ အရိပ်အယောင်က စိုးစဉ်းမျှမမြင်ရချေ။

စုန်စန်းတောင်ကြီးမှာလည်း အမှောင်ထုအောက်တွင် တစ္ဆေသူရဲကောင်းကြီးတစ်ယောက် ထီးထီးကြီးရပ်နေသလား အောက်မေ့ရ၏။

တောင်တန်းကြီးပေါ်ရှိ သစ်တောအုပ်ကြီးထဲမှ ပိုးမွှားများအော်သံ၊ သားရဲတိရစ္ဆာန်တို့၏ အော်သံတွေကလည်း



တစ်ချက်တစ်ချက် ထွက်ပေါ်လာတတ်သည်။

တိတ်ဆိတ်သောညကို ဖောက်ခွဲ၍ထွက်လာသော ဝံပုလွေများ၏ အူသံများကလည်း ချောက်ချားဖွယ်ရာကောင်းလှသည်။

ထိုအချိန် စုန်စန်းတောင်၏ တောင်ခြေလမ်းကလေးပေါ်တွင် လူအုပ်ကြီးတစ်စုမှာ အနက်ရောင် ခြုံလွှာကြီးများကိုခြုံကာ တောင်ခြေလမ်းကလေးအတိုင်း တရွေ့ရွေ့တက်လာကြသည်။

အားလုံး၏ လက်ထဲတွင်လည်း လူသတ်လက်နက်အပြည့်အစုံကို ကိုင်ဆွဲထား၏။ သူတို့သည် လူအင်အားတောင့်တင်းသော်လည်း ချီတက်လာပုံမှာ ခြေသံပင် မကြားရ။ ရှေ့ဆုံးမှ ဦးစီးဦးဆောင်ပြုခဲ့သူမှာ မွန်ဂိုခေါင်းဆောင်ကြီးလုယိုနှင့် အန်ယုကျိုတို့ပင် ဖြစ် သည်။

အမှောင်ထုကလည်း လမ်းတစ်လျှောက်တွင် သိပ်သိပ်သည်းသည်း ကျဆင်းနေ၏။ ခြေသံဖျောက်၍ ချီတက်ခဲ့ကြသော မွန်ဂိုလက်ရွေးစင် သိုင်းသမားအဖွဲ့မှာ တဖြည်းဖြည်းနှင့် ရှောင်လင်နယ်နိမိတ်သို့ ေ…ကျ်ရှိလာကြ၏။

ထိုအခါ လုယိုက သူ့လူများကို ရပ်တန့်စေပြီး အုပ်စု

သုံးစု ခွဲလိုက်၏။

သူ့အစီအစဉ်မှာ အလွန်ပင် စနစ်ကျလှ၏။ ရွှေလင်ကျောင်းတော်ကြီး၏ ဘေးဘယ်ညာနှင့် ထိပ်တိုက်အသွင် သဘောထားကာ မြားသုံးစင်သဏ္ဍာန် ဖွဲ့စည်းလိုက်၏။

တစ်စုကို ရွှေလင်ကျောင်းတော်ကြီး ညာဘက်အရပ်မှ ချီ တက်စေခဲ့ပြီး တစ်စုကို ဘယ်ဘက်မှ ချီတက်စေခဲ့၏။ ကျန်တစ်စုကိုတော့ ရွှေလင်ကျောင်းထဲသို့ တစ်ဟုန်ထိုး ဝင်ရောက်ရန် စီစဉ်ခဲ့၏။ သူတို့အားလုံး လူစုခွဲပြီး ချီတက်ခဲ့ကြရာ တဖြည်းဖြည်းနှင့် ကျောင်းတော်ကြီး၏ အစပ်သို့ ရောက်ရှိလာကြလေ၏။

ထိုအချိန်တွင် ကျောင်းတော် ကြီး ပေါ်တွင်လည်း ဂိုဏ်းသားအားလုံးမှာ မအိပ်မနေ စောင့်ကြပ်နေကြသလို ကင်းပုန်းများလည်း ချထားသေး၏။

ထိုစဉ် ဦးဆုံးဖောက်ထွက် လာသည်မှာတော့ ကျောင်းတော်ကြီး၏ ညာဘက်အခြမ်းမှ ဖြစ်သည်။ ထိုအခြမ်းဘက်မှ တက်လာသော မွန်ဂိုတပ်ဖွဲ့သည် တောရိပ်တောင်ရိပ်များခိုကာ ကျောင်းတော်ကြီးနှင့် အနီးကပ်ဆုံးနေရာတွင် နေရာယူလိုက်ကြ၏။



ထို့နောက် အချိန်ကောင်းကို စောင့်ရင်း သူတို့လက်ထဲမှ လေးနှင့်မြားကို ကျောင်းတော်ကြီးပေါ်သို့ ချိန်ရွယ်လိုက်၏။ ပြီးသည်နှင့် မြားဦးတွင် မီးရှို့လိုက်ကာ တဝှစ်ဝှစ်နှင့် ပစ်ခွင်း လေတော့၏။

“ဟာ. . မီးမြားတွေဟေ့. . ”

“မီးမြားတွေ ပစ်ပြီကွ”

“ငြိမ်းကြဟေ့. . ဟာ. . ဟိုဘက်မှာလဲ မီးစွဲနေပြီ”

“ငြိမ်းကြဦးဟေ့. . . ”

“ဝုန်း. . ဝုန်း. . ”

“သံချောင်းခေါက်ကွာ. . . ”

“ဒေါင်. . ဒေါင်. . ဒေါင်. . ”

“ရန်သူဟေ့. . . ရန်သူ. . ”

“အသက်စွန့်ပြီး တိုက်ကြ. . . ”

“ဝုန်. . အောင်မယ်လေးဗျ. . ”

စောစောက တိတ်ဆိတ်နေသော ညများ ငရဲပွတ်သံလားပင် အောက်မေ့ရ၏။ စုန်စန်းတောင်ထိပ်ပေါ်တွင် မီးလုံးကြီးတွေ တဝုန်းဝုန်းတက်လာ၏။ အော်ဟစ်သံ၊ ပြေးသံ၊ လွှားသံနှင့် ဆူညံလာ၏။ တစ်တောင်လုံး တစ်တောလုံး ဝရုန်းသုန်း

ကား ဖြစ်လာ၏။ မီးခိုးလုံးကြီးတွေကလည်း တောင်ထိပ်တွင် အုံးမှိုင်းပြီး တက်လာ၏။

ထိုစဉ် ဘယ်ဖက်အခြမ်းတွင် ခြေရာ ဖျောက်နေသော မွန်ဂိုတပ်သားများသည် တောင်ထိပ်ပေါ်တွင် မီးရောင် မြင်လိုက်သည်နှင့် ညာသံပေးကာ တပေါးပေါးနှင့် အပြေးတက်လာကြလေတော့၏။

ရှောင်လင်ဂိုဏ်းသားများမှာ ညာဖက်အခြမ်းကို သဲကြီးမဲကြီး ပြန်တိုက်ခိုက်နေစဉ် ဘယ်ဖက်ခြမ်းမှာ အသံများကြောင့် ဖရိုဖရဲဖြစ်ကုန်ကြ၏။

ဟိုပြေးဒီလွှားနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်၏။ မြားအစင်းစင်းကလည်း မီးတဝင်းဝင်း တောက်ပကာ ရှောင်လင်ကျောင်းကြီးပေါ်သို့ တဒေါက်ဒေါက် ကျလာတော့လေ၏။

ထိုစဉ် ကျောင်းတော်ကြီး၏ အလယ်ဗဟိုကို ရင်ခွဲ၍တိုက်ခိုက်မည့် မွန်ဂိုတပ်ကြီးကလည်း အော်သံဟစ်သံတွေနှင့်အတူ တဟုန်ထိုးဝင်၍ တိုက်ခိုက်လေတော့သည်။

ရှောင်လင်ဂိုဏ်းသားများမှာ ခံစစ်ပြုရင်း နောက်သို့တရွေ့ရွေ့ ဆုတ်ခဲ့ကြရာ နောက်ဆုံးတွင် ကျောင်းတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ပင် ရောက်လာတော့၏။



တစ်ချိန်က ဘုရားသံတရားသံနှင့် စည်ဝေခဲ့သော ရှောင်လင်ကျောင်းတော်ကြီးမှာ ယခုတော့ ငရဲသံများ အော်သံဟစ်သံတွေ ထွက်ပေါ်လာသည်။

တဝုန်းဝုန်းနှင့် တောက်လောင်နေသော မီးတောက်ကြီးများကလည်း ရှောင်လင်၏ကျောင်းတော်ကြီး၏ အမိုးကြီးများပေါ်မှ ပေါ်ထွက်လာ၏။

ပြေးလွှားအော်ဟစ်သံတွေကလည်း ရင်ပြင်တစ်ခုလုံးဆူပွက်နေ၏။ တဖြည်းဖြည်းနှင့် ရင်ပြင်ပေါ်တွင် သွေးရောင်တွေလွှမ်းသွားသလို အလောင်းတွေကလည်း ထပ်ကုန်၏။

မွန်ဂိုတပ်သားများသည် ကျောင်းတော်ကြီးအတွင်းရှိ ဘုရားပုထိုးများကိုပါ ခုတ်ထစ်ဖျက်ဆီး ချေမွပစ်လိုက်၏။ အခြေအနေ မဟန်တော့သည်မို့ ဝါစဉ်ရဂိုဏ်းသားကြီး ဆယ်ဦးမှာ ဝူရှန်ထံသို့ အပြေးတက်လာ၏။

"ဟင်. . ဘယ်လိုလဲ ရန်ရှောင်. . ."

"အခြေအနေ မလွယ်ဘူး ဂိုဏ်းချုပ်ကြီး၊ ရန်သူဟာ ကျွန်တော်တို့ ကျောင်းတော်ကို ညှပ်တိုက်နေကြပြီ၊ သူတို့အားလုံးဟာ မီးမြားတွေသုံးပြီး လူအင်အားကြီးမားစွာနဲ့ တိုက်ခိုက်လာပါတယ် ဂိုဏ်းချုပ်ကြီး"

"ဟင်. . . ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်ကဲ့. . ခုအချိန်မှာတော့ ကျွန်တော်တို့ ဂိုဏ်းသားတွေဟာ ခံစစ်အနေအထားမှာ ရှိနေပါတယ်။ ကျွန်တော့် စိတ်ထင်ပြောရရင် တဖြည်းဖြည်း ခံစစ်ပြိုကွဲသွားမယ့် အခြေအနေတောင် ရှိနေပါပြီ"

"ဟင်. . ဒါဆို ကျုပ်ဂိုဏ်းသားတွေ အားလုံး ဒုက္ခရောက်ကုန်ကြတော့မှာပဲ၊ ကဲ. . . ဒီမှာ ရန်ရှောင်"

"ပြောပါ. . ဂိုဏ်းချုပ်ကြီး"

"အခြေအနေအရ ကျုပ်တို့ ရှောင်ကြမှဖြစ်မယ်။ အားလုံးကို လွတ်ရာလွတ်ကြောင်း ရှောင်ကြဖို့ အမြန်ပြောလိုက်ဟိုဖက်က ရန်သူဟာ လူစိတ်ကင်းနေပြီဆိုတာ ထင်ရှားနေတယ်"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒါဆို အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်"

ရန်ရှောင်သည်သူ့ဘေးမှ ခေါင်းဆောင်များကို အမိန့်ပေးလိုက်သည်။ ထို့နောက် သူကိုယ်တိုင်ကလည်း ဂိုဏ်းချုပ်ကြီး ဝူရှန်ကိုခေါ်ကာ စုန်စန်းတောင်ကြီး၏ အနောက်ဖက်တောထဲမှ ရှောင်ထွက်ခဲ့ကြလေသည်။



တိုက်ပွဲက ပြင်းထန်နေဆဲ၊ ရှောင်လင်ဂိုဏ်းသားများလည်း အတုံးအရုံး သေဆုံးကုန်ကြသည်။ ရန်ရှောင်ထံမှ အမိန့်ရသည်နှင့် ဂိုဏ်းသာများအားလုံး ကျောင်းတော်ကြီးပေါ်မှ ရှောင်ထွက်ခဲ့ကြလေသည်။

* * * * *

အန်ယုံကျိုးနှင့်လုယိုတို့ နှစ်ဦးမှာ အပျော်ကြီး ပျော်နေကြသည်။ သူတို့နှစ်ဦးသည် ကျောင်းတော်ကြီး ပေါ်သို့တက်ခဲ့ကာ ဝူရှန်အခန်းထဲ ဝင်ခဲ့ကြပြီး အော်ဟစ်မေးလိုက်၏။

"ဗျို့. . ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားဘာလို့ ပုန်းနေတာလဲ ထွက်ခဲ့လေဗျာ. . ခင်ဗျား ဂိုဏ်းသားတွေ အားလုံးထွက်ပြေးကုန်ကြပြီဗျ. . ဟား ဟား ဟားဟား"

ထန်ယုံကျိုး၏ ရယ်မောသံကြီးက ငရဲသားကြီးတစ်ဦး၏ ရယ်သံအလားပင်။ တစ်တောလုံး တစ်တောင်လုံး ညံသွား၏။ ထိုစဉ် တစ်ဖက်မှအသံ တိတ်ဆိတ်နေသဖြင့် အခန်းထဲတွင် မွှေနှောက်ရှာဖွေလိုက်သည်။ ဘုရားပုထိုးများ

တွန်း၍ ဝူရှန်အမည်ကို တကြော်ကြော်နှင့် အော်ဟစ်ခေါ်နေသည်။

အချိန်ကလည်း မိုးလင်းလုအချိန်သို့ ရောက်လာ၏။ ထန်ယုကျိတို့မှာ ဂိုဏ်းချုပ်ကြီးဝူရှန်ကိုလည်း မတွေ့။ ကိုးမျက်နှာ မကိုဋ္ဌကြီးကိုလည်း မတွေ့ရသဖြင့် မကျေမချမ်း ဖြစ်နေသည်။

"ဘယ်လိုလဲဗျ. . ဟိုလူကြီးတွေ ဘယ်ရောက်ကုန်ပြီလဲ"

မွန်ဂိုခေါင်းဆောင်ကြီး လုယိုက မျက်ထောက်နီကြီးနှင့် မေးလိုက်သည်။ အန်ယုကျိမှာ စဉ်းစားရခက်နေ၏။ စင်စစ် စုန်စန်းတောင်ကြီးကို သုံးဖက်ညှပ်ပြီး စီးနင်းခဲ့ခြင်းဖြစ်ပေရာ ဝူရှန်တို့၏အရိပ်အယောင် မတွေ့ရ၊ သို့ဆိုလျှင် တောင်တန်း၏ အနောက်ဘက်မှ ဆင်းသွားကြလေပြီလားဟု သူစဉ်းစားလိုက်သည်။

အနောက်ဖက်ဆင်းဖို့ ဆိုသည်မှာလည်း လွယ်ကူလှသည့်အလုပ် မဟုတ်ချေ။ အနောက်ဖက် တောင်တန်းကမြင့်မားမတ်စောက်လှသလို ကျောက်သားပကတိနှင့် ဖွဲ့စည်းထားသည်မို့ ဆင်းဖို့လွယ်ကူလိမ့်မည် မဟုတ်ဟု တွက်လိုက်



မိသည်။ သို့ဆိုလျှင် ဝူရှန်တို့လူစု မြေလျိုးသွားလေပြီလား၊ အလွန်ပင် တွေးရခက်လှသော ပုစ္ဆာတစ်ပုဒ်နှယ်ပင်။ အန်ယုကျိမှာ လုယိုကို မျက်လုံးအပြူးသားနှင့် ကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

"ကျွန်တော်လည်း ဘယ်လိုစဉ်းစားရမယ်တောင် မပြောတတ်တော့ ပါဘူးဗျာ"

"ဒါဆို. . . . အနောက်ဖက် တောင်တန်းကို ကြည့်ပြီးပြီလား"

"ဟာ. . ဒီဖက်ကဆင်းဖို့ မလွယ်ဘူးဗျ. ."

"ဟာ. . ခင်ဗျားက ရန်သူကိုလျှော့တွက်တာကိုး၊ ကဲ. . လာဗျာ သွားကြည့်ရအောင်"

သူတို့နှစ်ဦးအခန်းထဲမှ ထွက်ခဲ့ကြပြီး ရှောင်လင်ကျောင်းကြီး၏ အနောက်ဖက် တောတန်းအစပ်သို့ ရောက်ရှိလာသည်။ ချွန်မြနေသော ကျောက်တုံးကျောက်ခဲများ ကျောက်စွယ်ကျောက်ထပ်ကြီးများကြောင့် ဘယ်လိုမှဆင်း၍ မရနိုင်ဟု တွက်ထားသည်။

"အင်း. . ဒီနေရာကနေဆင်းဖို့ မလွယ်ဘူးဗျ၊ ခင်ဗျားလူကြီးအတောင်ပံ ပေါက်သွားပြီလား မသိဘူး။ ထားပါတော့

လေ သူဘယ်အထိ ပြေးနိုင်မှာလဲလို့ ၊ ကဲ. . . ကျုပ်တို့ တောင်ခြေ ပြန်ဆင်းကြစို့"

"ဟင်. . ဆင်းတော့မှာလား ခေါင်းဆောင်ကြီး"

"ဆင်းမယ်လေဗျာ. . အောက်ရောက်ရင် ဝူရှန်တို့ အဖွဲ့ကို တွေ့ရာသချိုင်း ဓားမဆိုင်းပေ့ါဗျာ. . . "

"ကောင်းပါတယ်. . ခေါင်းဆောင်ကြီးရဲ့ အစီအစဉ်ဟာ သင့်လျော်လှပါတယ်"

"ကဲ. . ကဲ သွားကြစို့ တော်ကြာ မိုးလင်းလာရင် အခက်တွေ့နေဦးမယ်"

"ဟုတ်ကဲ့. . "

ပြောပြောဆိုဆိုနှင့် သူတို့လူစု ရှောင်လင်ကျောင်းပေါ်မှ အမြန်ဆုံးဆင်းခဲ့ကြလေတော့သည်။ မနက်မိုးလင်းသည့်အခါတွင် စုန်စန်းတောင်ခြေတစ်ဝိုက်ရှိ ရွာကလေးများမှာ ရှောင်လင်ကျောင်းတော်ကြီး၏ အကြောင်းကိုသိရှိသောအခါ ထိတ်လန့်ချောက်ချားကုန်၏။ သူတို့ အထွက်မြတ်ထားခဲ့သော ဘာသာရေးနယ်မြေကား သွေးစိမ်းရှင်ရှင် လွှမ်းခဲ့ပြီးမို့ အားလုံးစိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။

တစ်ချို့ကလည်း ငိုကြီးချက်မဖြင့် တောင်ပေါ်သို့



ရောက်လာကြကာ အတုန်းအရုန်းလဲကျနေသော ရှောင်လင်အလောင်းများကို ကောင်းမွန်စွာ သဂြိုဟ်လိုက်ကြသည်။ အားလုံး၏ရင်ထဲ၌လည်း တိရစ္ဆာန်ထက် ယုတ်မာရိုင်းစိုင်းလှသော လုပ်ရပ်ကိုကြည့်ပြီး မကျေမနပ် ဖြစ်နေကြသည်။

ထိုအချိန်တွင် စုန်စန်းတောင်၏ အနောက်ဖက် တစ်လျှောက်တောင်ကြောမှ ခက်ခက်ခဲခဲ ဆင်းသွားကြသော ဝူရှန်တို့လူစုမှာ လျှို့ဝှက်ဂူထဲသို့ ရောက်ရှိနေ၏။ သူတို့အားလုံး မျက်စိပျက်မျက်နှာပျက်နှင့် ဖြစ်ပျက်ခဲ့သည့် အလုံးစုံသော ကိစ္စကိုတွေးကာ ဝမ်းနည်းကြေကွဲနေကြသည်။

ထိုအချိန်တွင် ဝူရှန်တို့လွှတ်လိုက်သော တောကျီးကန် ကျီစန်း ရှောင်ဆ[illegible]တောင်ခြေတွင် သူ့လူများနှင့် စတည်းချနေသည်။ အနီးအနားရှိ ရွာများသို့လည်း သူ့လူများကို စေလွှတ်ကာ သတင်းကို စုံစမ်းနေသည်။

ထိုစဉ် သူတို့စုံစမ်းမှုမှာ အနည်းငယ် တိမ်းစောင်းသွား၏။ ထိုအရာကား အခြားတော့ မဟုတ်ပါချေ။ ကုန်းစွန်းအပေါ် သစ္စာခံထားသော ရွာကလေးတစ်ရွာတွင် ဝင်၍ စုံစမ်းမိခဲ့ခြင်းဖြစ်သည်။ သူတို့ ဝင်လာသည်ဆိုကတည်းက ရွာသားအချို့က ရှောင်ဆက်တောင်သို့ပြေး၍ သတင်းပို့ပြီး

သွားဖြစ်သည်။

ထို့ကြောင့်လည်း တောင်ပေါ်တွင် စခန်းချနေသော ကုန်းစွန်းမှာ ပြင်ဆင်ချိန် ရသွား၏။ ထိုက်လီမှာလည်း ကုန်းစွမ်း၏ အစီအစဉ်ကို စောင့်မျှော်နေသည်။ထိုစဉ် အခြေအနေအားလုံးကို သိုသိုသိပ်သိပ် ဆောင်ရွက်ရန် ထိုက်လီကိုမှာကြားလိုက်ပြီး တောကျီးကန်ကျိစန်းကို ချေမှုန်းရန် လက်ရွေးစင်ငါးဦးနှင့် လွှတ်လိုက်သည်။

ထိုက်လီမှာ ရှောင်ဆက်တောင်ပေါ်တွင် ကြီးပြင်းခဲ့သည်မို့ နေရာအနှံ့တွင် သူ့ခြေရာ ဖြစ်နေသည်။ ထို့ကြောင့်လည်း ကျိစန်းတို့ စတည်းချသည့် စခန်းကို အသေအချာ စနည်းနာလိုက်ပြီး အချိန်ကိုစောင့်ရသည်။

ထိုအချိန်တွင် ကျိစန်းတို့လူတစ်သိုက်သည် ကြီးမားလှသော ညောင်ညိုပင်အောက်တွင် တအောင့်တနား အပန်းဖြေနေကြသည်။ အားလုံးကတော့ သတိဝီရိယကြီးကြီးနှင့်နေကြ၏။ ထိုစဉ် လုယိုသည် သူ့လူများကို မြေပြင်ပေါ်မှ မသွားရန် တားမြစ်ထားသည်။

ထို့ကြောင့် လုယိုတို့လူ တစ်သိုက်မှာ သစ်ပင်များပေါ်မှနေ၍ တစ်ပင်ချင်း တစ်ပင်ချင်းကို လွှားကနဲ လွှားကနဲ



ခုန်ကူးကာ ကျိစန်းတို့ စခန်းအနီးသို့ အရောက်လာခဲ့ကြသည်။

အချိန်မှာနေဝင်လု အချိန်အခါဖြစ်သည်။ ကျိစန်းတို့လူတစ်သိုက်မှာ အပန်းဖြေရင်း ရန်သူ့အခြေအနေကို စောင့်ကြည့်နေကြသည်။ သူ့အနေနှင့် အချိန်အခါကိုလည်း စောင့်ဆိုင်းနေခြင်း ဖြစ်၏။

အမှောင်သို့ရောက်သည်နှင့် ရှောင်ဆက် တောင်ပေါ်ဝင်စီးရန် ကြံစည်ထား၏။ ထိုအချိန်တွင် သူတို့ ကွန်းခိုရာ ညောင်ပင်ပေါ်သို့ ထိုက်လီတို့ လူစု မျောက်လွဲကျော်များပမာ ခုန်ကူးရင်း ရောက်လာကြသည်။

ထိုအဖြစ်ကို ကျိစန်း တို့လူစု သတိမထားမိ ခဲ့ကြချေ။ ထိုစဉ် ထိုက်လီသည် သူ ငါးဦးကို ခေါင်းညိတ်ပြလိုက်ရာ အချိန်အနည်းငယ်မျှ အကြာတွင် အပြာရောင် သံမဏိ လက်နက်ပုန်းများကို ကျိစန်းတို့ထံ ပစ်သွင်းလိုက်သည်။

"ဝှစ်. . ဝှစ်. ."

"ဝုန်း. . ဝုန်း. ."

"ဟာ. . ဘာတွေလဲကွ. ."

"ရန်သူ. . ရန်သူ. ."

ကျိစန်းသည် သူ့ရှေ့တွင် ဝုန်းကနဲ ပေါက်ကွဲသွား

သော အပြာရောင်မီးခိုးငွေ့ကို ရှောင်ရင်း ခါးကြားမှ ဓားကိုဆွဲထုတ်ကာ သစ်ပင်ပေါ် မော့ကြည့်လိုက်သည်။ ထိုစဉ် မျက်နှာဖုံးစွပ်ထားသော ထိုက်လီတို့လူစု သစ်ပင်တစ်ပင်ပေါ်မှ တလွှားလွှား ခုန်ချလာသည်။

"ဟာ. ."

"ရန်သူဟေ့"

"ဆော်ကွာ. . ."

"ချွမ်. . ချွမ်. . ချွမ်. ."

"အူး. . အား. ."

ညောင်ညိုပင်အောက်တွင် အသံဗလံများ ဆူညံကုန်သည် ခုတ်သံထစ်သံ ပေါက်ကွဲသံ ပစ်သံတွေကလည်း ဆူညံလာသည်။

ကျိစန်းတို့လူစုမှာ အပြာရောင်မီးခိုးငွေ့များ ရှူရှိုက်မိကြသဖြင့် ကသောင်းကနင်း ဖြစ်ကုန်၏။ ရန်သူ၏ တိုက်ကွက်ကို သတိကြီးကြီးနှင့် ရှောင်တိမ်းခဲ့ကြသော်လည်း သူ့နောက်လိုက် အဖွဲ့သားများမှာ အတုန်းအရုန်း ဖြစ်ကုန်၏။

ကျိစန်းသည် အာရုံပြုလက်နက်ပုန်းကို ရှူရှိုက်မိသဖြင့် စိတ်တွေဂဏာမငြိမ် ဖြစ်နေ၏။ သို့ပေသည့် အံကြိတ်



ရင်း ဝင်လာသည့်အငွေ့များကို အတွင်းအားနှင့် ပြန်လည်ခြေဖျက်နေရသည်။ ထိုစဉ် သူ့အနီးသို့ ထိုက်လီ ရောက်လာကာ လက်ထဲက သံမဏိ ကျာပွတ်နီနှင့် တဝှန်းဝှန်းလှိမ့်၍ ရိုက်ချလေ၏။

"ဝှစ်. . ဝှစ်. ."

"ဝုန်း. . ဝုန်း. ."

"ဟာ. . မိုက်ရိုင်းလိုက်တာကွာ"

"ရှောင်နိုင်ရင် ရှောင်စမ်းကွာ. ."

"ကဲ. . . ကဲ. . ."

"ဝှစ်. . ဝှစ်. ."

"ဝုန်း. . ဝုန်း. ."

"အောင်မယ်လေး. ."

ကျိစန်းမှာ တောကျီးကန်ဆိုသော ဘွဲ့နှင့်လိုက်လှ၏။ အမြင်အာရုံက ယခုအထိ ကောင်းနေဆဲ၊ ထိုက်လီ၏ အဖွဲ့သားများ၏ရိုက်ချက်ကို ရှောင်ရင်းတိမ်းရင်း ရအောင် ရုန်းထွက်ခဲ့သည်။

"ဟာ. . . ပြေးပြီဟေ့. ."

"လိုက်. . . လိုက်. . လိုက်ကွာ. ."

"ဝှစ် . . ဝှစ် . . "

"ဝုန်း . . "

ကို[illegible]န်းသည် သွေးသံရဲရဲဖြစ်နေသော သူ့ခန္ဓာကိုယ်ကို မကြည့်အား ထိုက်လီ ထောင်ချောက်မှ အလွတ်ရုန်းကာ တောင်စောင်းတစ်ခုပေါ်မှ စွန့်စွန့်စားစား ခုန်ချလိုက်၏။

"ဟာ . . . ခုန်ချသွားပြီဟေ့ . . "

"သေမှာပါကွာ . . "

"သေစမ်းပါစေကွာ . . သတိနဲ့ကြည့်ဦးဟေ့ . . တောကျီးကန်ဟာ ကြောက်စရာကောင်းတယ်ကွ . . "

ထိုက်လီသည် တောင်စောင်းထိပ်တွင် ရပ်ရင်း ချောက်ထဲကို လှမ်းကြည့်နေ၏။ ချောက်ထဲတွင် သစ်ပင်အုပ်ကြီးများက အုပ်ဆိုင်းနေပြီး ပေသုံးရာခန့်အနက် ရှိလေသည်။

ထိုအခြေအနေကိုကြည့်ပြီး ထိုက်လီ ကျေနပ်အားရနေ၏။ ကျီစန်းတစ်ယောက် ဘယ်လိုနည်းနှင့်မျှ အသက်ရှင်နိုင်ရန် လမ်းမမြင်တော့ဟု တွက်မိသည်။ ထို့ကြောင့်လည်း သူ့လူများကိုခေါ်ကာ ရှောင်ဆက်တောင်ကြီးပေါ်သို့ တက်ခဲ့ကြလေသည်။

ထိုအချိန်တွင် ချောက်ထဲခုန်ဆင်းသွားသော ကျီစန်း



မှာ ဒဏ်ရာဗလပွနှင့် မြေပေါ်တွင် လဲကျနေသည်။ သူက လဲကျနေရာမှာ အံကြိတ်၍ ဒယီးဒယိုင်နှင့် ထလိုက်သည်။ သူ၏ ညာခြေထောက်မှာ လုံးလုံးလှုပ်ရှား၍ မရတော့ချေ။

ထိုအခါ သစ်ခြောက်တစ်ခုကို ခြေထောက်တွင် ကပ်ပြီး ကြိုးစနှင့် ချည်နှောင်လိုက်သည်။ ပြီးနောက် လျှိုထဲသို့ ဖြည်းဖြည်းချင်း လျှောက်ခဲ့ပြီး ရှောင်ဆက်တောင်ကြီးနှင့် ဆန့်ကျင်ရာဘက်သို့ လျှောက်ခဲ့သည်။ စိတ်ထဲမှာတော့ ထိုက်လီကို လုံးဝ မကျေနပ်၊ သို့သော် သူ့တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေနှင့် ပွရွနေ၏။

ခြေလှမ်းတွေပင် အနိုင်နိုင်လှမ်းရင်း တောတွင်းသို့ ပုန်းကွယ်၍ ဝင်ခဲ့ရသည်။ အောက်တန်းကျလွန်းသော ထိုက်လီ၏ယုတ်မာမှု ကို တွေးရင်းမကျေမနပ် ဖြစ်နေမိတာ အမှန်ပင်။

သို့ပေသည့် တစ်ချိန်ချိန်တွင် ပြန်၍ဆုံနိုင်ဦးမှာပဲဟု တွေးရင်း ရှောင်ဆက် တောအုပ်မှနေ၍ တဖြည်းဖြည်း ထွက်ခွာခဲ့ရလေတော့သည်။

* * * * *

## အခန်း(၁၄)

ကုန်းစွန်းမှာ စဉ်းစားရခက်နေ၏။ မိုးလက်ဝဲ လောင်စုနှင့် ခမောက်သိုင်းသမားကို မြေလှန်ပြီးရှာဖွေရန် ပေကျန်နှင့် ချိမိန်တို့နှစ်ဦးကို စေလွှတ်ခဲ့စဉ်က တောကျီးကန်းကျိစန်းက သူတို့နေရာ တောင်တန်းပေါ်သို့ အဘယ်ကြောင့် ရောက်လာရသနည်း။

စိတ်တွင်း မေးခွန်းများစွာ ပေါ်လာသည်။ အဘယ်ကြောင့် ကျိစန်း လိုက်လာရသနည်း။ ကိုးမျက်နှာမကိုင်ကြီးမည်သူ့ထံတွင်ရှိသည်ဟု မစဉ်းစားတတ်အောင်ပင် ဖြစ်နေသည်။ ထိုအချိန်တွင်မူ ဥသြငှက်ကလေးနှင့် ပို့လွှတ်လိုက်



သောစာမှာ အန်ယုကျိထံသို့ ရောက်သွား၏။ စာရရှိချိန်မှာ ရှောင်လင်ကျောင်းကို စီးနင်းပြီးအပြန်တွင် ဖြစ်သည်။ အန်ယုကျိသည် ငှက်ကလေးခြေထောက်မှစာကို ဖတ်၍အံ့အားသင့်နေသည်။

"ဟင်. . မယုံနိုင်စရာပါလား၊ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက် အစားဝင်ပြီး လှုပ်ရှားနေတာပဲဖြစ်မယ်။ အိုး. . သေချာပါတယ်၊ ဒါ တစ်ယောက်ယောက်ရဲ့ ပယောဂပဲ ဖြစ်မယ်"

အန်ယုကျိသည်စာဖတ်ပြီး ခေါင်းတခါခါဖြစ်နေသည်။ သို့သော် ကုန်းစွန်းကလုပ်ကြံ၍ ပြောတတ်သည့် လူမဟုတ်။ သို့ဆိုလျှင် လောင်စုဘယ်လိုလုပ်ပြီး ပေါ်လာသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေ၏။ စိတ်တွင် ရှောင်လင်ကျောင်းကို မြေလှန်ခဲ့သော်လည်း ကိုးမျက်နှာမကိုင်ကြီးကို အစအနပင် မတွေ့ခဲ့ရ။

ထိုအခါ သိုင်းပြိုင်ပွဲတွင် လောင်စုမှာ ရုပ်ဖျက်ပြီး ဝင်ရောက် လုယူသွားလေသလားဟု စိတ်တွင်မေးခွန်းများစွာ မေးနေမိသည်။ ထိုအချိန်တွင် သူ့အနီးတွင် သမီးလေးကျောက်မိန် ရောက်ရှိလာသည်။ အသက်က ဆယ့်ခြောက်

နှစ်ပင် မစွန်းသေး၊ မိခင်ဖြစ်သူမှာ သူရှစ်နှစ်သမီးက ကွယ်လွန်သွားသဖြင့် အန်ယုကျိုမှာ သမီးလေး ကျောက်မိန်ကို အစွမ်းကုန် အလိုလိုက်ထား၏။ သမီးလေးအသွင်မှာ နုသစ်စနှင်းဆီပွင့် တစ်ပွင့်နှယ်ပင်။

နှုတ်ခမ်းကလေးကလည်း နီနီထွေးထွေး ဖူးဖူးလုံးလုံး၊ ပါးကလေးကလည်း မို့မို့တစ်တစ်၊ နှာတံကလေးကလည်း ဖြောင့်စင်းနေသည်မို့ သူ့မျက်လုံးထဲတွင် သမီးကလေး၏ အလှကား ကမ္ဘာပေါ်တွင် ယှဉ်နိုင်သည့်အလှဟု ထင်မိ၏။

ယခုလည်း သူ့အနားကပ်လာကာ တွတ်တီးတွတ်တာ လုပ်နေသည်။ ထိုအချိန်တွင် သူတို့နေထိုင်ရာ စံအိမ်ရှေ့သို့ ဗီရိုစစ်မြင်းလှည်းကလေးတစ်စီး ထိုးဆိုက်လာသံကို ကြားလိုက်ရသဖြင့် ထိုင်ရာမှထကာ ပြတင်းဝမှကြည့်လိုက်သည်။

"တပ်မှူးကြီးတို့ သားအဖပါလား"

မြင်ကွင်းကြောင့် သူဝမ်းသာအားရ ဖြစ်သွား၏။ စင်စစ် ချင်းလုံမြို့ထဲတွင် တစ်ဩဇာတစ်အာဏာ ထူထောင်နိုင်ခြင်းမှာလည်း အခြားကြောင့်မဟုတ်၊ ပြည်ပက ပြောင်းလာသော မွန်ဂိုတပ်မှူးကြီး လုယိုကြောင့်ပင် ဖြစ်သည်။ သူ့အရှိန်



အဝါကို မှီပြီး နေခဲ့ရသည်မို့ တစ်နယ်လုံးက သူ့ကိုဖိန့်ဖိန့်တုန်အောင် ကြောက်နေရ၏။ သို့ပေသည် အန်ယုကျိုက လူမှုဆက်ဆံရေးပညာမှာ ချီးကျူးနေသည်။ မွန်ဂိုတပ်နှင့် အပိုင်ပေါင်းသလို တစ်ဖက်ကလည်း ပြည်ပအစိုးရကို ကပ်ထား၏။ မြို့စားကြီး နယ်စားကြီးတို့မှာလည်း အန်ယုကျို၏ အိတ်ထဲတွင်ရှိ၏။

ထို့ပြင် အန်ယုကျိုမှာ ငွေကြေးဥစ္စာကလည်း ချမ်းသာလှသလို သူပိုင်ဆိုင်သည့် လယ်ယာမြေများကလည်း ချင်းလုံနယ်တစ်ပိုက်တွင် လက်ညှိုးထိုး၍ မလွဲနိုင်အောင်ပင် ရှိခဲ့၏။ ယခုလည်း မွန်ဂိုခေါင်းဆောင်ကြီး ရောက်လာသဖြင့် ဝမ်းသာအားရနှင့် ကြိုဆိုလိုက်၏။

"ဟော. . တပ်မှူးကြီးလုယိုတို့ ကြွပါခင်ဗျား၊ ကြွပါ၊ ဩော်. . သားလေးလဲ ပါလာသကိုး"

"ဟုတ်ပ့ါ သူ့နာမည် စစ်ထိုတဲ့"

"ဩော်. . . တော်တော် ယောကျ်ားပီသတဲ့ သူငယ်ပဲကိုး။ ကဲ. . အထဲကို ကြွပါဗျာ. . . "

"ဟုတ်ကဲ့. . . "

သားအဖနှစ်ဦး ဧည့်ခန်းမကြီးထဲသို့ ဝင်ခဲ့ကြ၏။ ခန်း

မကြီးမှာ ကျယ်ဝန်းလှပြီး ကြက်သွေးရင့်ရောင် ကတ္တီပါ ကော်ဇောကြီးကို ခင်းထားသည်။

ဧည့်ခန်းအလယ်တွင် ကြီးမားသော ကျွန်းကုလားထိုင်ကြီးများ ချထားပြီး ကုလားထိုင်ကြီးများမှာ ကနုတ်ပန်းခက်များနှင့် ထုဆစ်ထားလေ၏။ လုထိုတို့ သားအဖသည် ဧည့်ခန်းအလယ်တွင် ထိုင်လိုက်ကြ၏။

လုထို၏သားစစ်တိုမှာ အလွန်ပင် အကျည်းတန်လှ၏။ နဖူးကြီးကြီး၊ နှာခေါင်းကလည်း ပိန်ချိုင့်ချိုင့် နှုတ်ခမ်းတွဲတွဲနှင့်မို့ အရုပ်ဆိုးလွန်းလှသည်။

အရွယ်မှာ နှစ်ဆယ်ကျော် သုံးဆယ်နီးပါးခန့်ရှိပြီး နောက်ပိုးကလည်း သန်လှ၏။ စစ်ထိုသည် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်နှင့် အန်ယုကျိ ဘေးတွင်ရပ်နေသော မိန်းမချောလေး ကျောက်မိန်ကို မျက်စိစားပွဲထိုင်နေ၏။

ကျောက်မိန်သည် သူ့ကို ကြွေပျက်စွာကြည့်နေသော စစ်ထိုကို မျက်စောင်း တထိုးထိုး ဖြစ်နေ၏။ နောက်ပိုးသန်လှသော စစ်ထိုကလည်း မျက်တောင်မခတ်။

အန်ယုကျိ ရိပ်မိသော်လည်း မသိသယောင် ဆောင်နေ၏။ လုထိုမှာ သားဖြစ်သူ၏ အငမ်းမရ ဖြစ်နေပုံကိုကြည့်ပြီး



ရင်ထဲတွင် ကျေနပ်အားရစိတ်တွေ ရှိဝေနေ၏။

ထို့ကြောင့် ကျောက်မိန်ကလေးကို တစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်၏။

"အင်း. . . တန်ယုကျိရဲ့သမီးဟာ မိန်းမချောလေးပါလား။ ကြွေကလဲရှိ၊ အမူအယာကလည်း ပန်းငုံဖူးလေးတစ်ပွင့်ရဲ့ အမူအယာပါလား။ အင်း. . . ကျုပ်သမီးလေးများဖြစ်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲဗျာ. . "

"အိုး. . . "

လုထို၏စကားကြောင့် ကျောက်မိန်ခမျာ ရှက်သွေးဖြာကာ မျက်နှာကလေးမှာ ပန်းသွေးရောင် လှိုင်းကလေးများ ဝေ့ဝဲသွား၏။

အန်ယိုကျိမှာ လုထို၏အပြောကြောင့် သဘောကျနေ၏။ စစ်ထိုမှာလည်း ဖခင်ကြီး၏ပရိယာယ် ကြွယ်ဝလှသော စကားကြောင့် တဟဲဟဲ. . သဘောကျကာ ကျောက်မိန်းကလေးကို စားမတတ် ဝါးမတတ် ကြည့်နေသည်။

တန်ယုကျိနှင့် လုထိုတို့မှာ သားရေးသမီးရေးကိစ္စနှင့်ပတ်သက်ပြီး အမြန်ဆုံးစီစဉ်လိုသည့် ဆန္ဒများတူညီစွာ ပေါ်ပေါက်လာသဖြင့် ကျောက်မိန်နှင့် စစ်ထိုတို့နှစ်ဦးကို တစ်ဖက်

လှည့်ပြီး အိမ်ရှေ့ပန်းခြံကြီးထဲသို့ စေလွှတ်လိုက်၏။

* * * * *

သူတို့နှစ်ဦး ထွက်သွားသည်နှင့် ဦးဆုံးစကား စ,သူမှာ လုထိုပင်ဖြစ်သည်။

"ညီလေး အန်ယုကျို"

"ဗျာ. . အစ်ကိုကြီး လုထို"

"အင်း. . ကလေးတွေက အရွယ်ကလေးတွေလဲ ရလာကြပြီနော်. . "

"ဟုတ်ပါတယ်. . အစ်ကိုကြီး"

"အင်း. . ကျုပ်တော့ ကျုပ်သား စစ်ထိုနဲ့ညီလေးရဲ့ သမီးချောကလေး ကျောက်မိန်နဲ့ပေးစား လိုက်ချင်တယ်ကွာ"

"ဟာ. . အကောင်းဆုံး လုပ်ရပ်တွေပေ့ါ. . အစ်ကိုကြီးရာ၊ ကျွန်တော့်သမီးလေး ကျောက်မိန်ဟာ ကျွန်တော့်စကားကို နားထောင်မှာပါ။ ကျွန်တော်ပြောတဲ့စကားကို သမီးကလေး ကျောက်မိန်ဟာ ဘယ်တော့မှ မပယ်ရှားပါဘူး။ အစ်ကိုကြီးရယ်. . . "



"အိုး. . ဒါဆိုရင် အတော်ပဲညီလေးရေ. . ဒါပေမယ့် ကလေးတွေ တရင်းတနှီးဖြစ်အောင်တော့ တိုင်စီစဉ်ဦးမှ ပေ့ါ"

"ဒါပေ့ါ. . အစ်ကိုကြီးရာ"

"ကဲ. . ဒါဆို ကျုပ်သားလေးကို မနက်ဖြန်ကစပြီး မင်းဆီကို လွှတ်မှာပဲ. . . "

"လွှတ်လိုက်ပါ. . အစ်ကိုကြီးရာ၊ ကျွန်တော့် အကောင်းဆုံး စောင့်ရှောက်ပါ့မယ်"

"ကဲ. . ဒါဆို ကျုပ်လည်းပြန်ဦးမယ်"

"ဟာ. . ပြန်တော့မလား. . အစ်ကိုကြီး"

"ပြန်ဦးမယ်. . ကျုပ်မှာကိစ္စလေးတွေ ရှိလို့ပါ"

"ဟုတ်ကဲ့. . အစ်ကိုကြီး"

လုထိုသည် သားသမီးရေးကိစ္စကို အောင်မြင်စွာ ပြောလိုက်ရသဖြင့် ဖန်ယုကျို ချက်ကျွေးသော စားသောက်ဖွယ်ရာများကို စားဖို့ပင်မေ့နေ၏။

ထို့နောက် သားဖြစ်သူ စစ်ထိုကိုခေါ်ကာ အန်ယုကျိုတို့အိမ်ကြီးမှ ပြန်လာခဲ့လေတော့၏။ လမ်းတစ်လျှောက်လုံးတွင် စစ်ထိုကတော့ ကျောက်မိန်းကလေး ဘယ်လောက်ချောကြောင်း၊ ဘယ်လောက်လှကြောင်းသာ ဖွဲ့.ဖွဲ့.နွဲ့.နွဲ့.

ပြောလာ၏။

လုထိုသည်သားဖြစ်သူ စကားတွေကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေ၏။ နောက်ဆုံးစစ်ထိုက ကျောက်မိန်းကလေးကို တောင်းရမ်းပေးဖို့ပင် ပြောလာလေရာ လုထိုသည် တန်ယုကျိနှင့်တိုင်ပင်ခဲ့ပုံများကို စိကာပတ်ကုံး ပြောပြလိုက်၏။

စစ်ထိုမှာ လုထို၏စကားကိုလည်း ပြောရော တဟီးဟီး တဟားဟား အော်ရယ်ရင်း ဝမ်းအသာကြီး သာနေပေသည်။

ထိုအချိန်တွင် တန်ယုကျိမှာ သမီးကလေး ကျောက်မိန်ကိုပြောပြဖို့ ဝန်လေးနေ၏။ သမီးကလေးကျောက်မိန်ကတစ်ခါတစ်ရံ တဇွတ်ထိုးပြောတတ် ဆိုတတ်သည်မို့ ပြောဖို့ရာ အခက်တွေ့နေ၏။

သမီးကလေး ကျောက်မိန်မှာမူ ပြုံးရွှင်သော အမူအရာနှင့် သူ့နံဘေးတွင် တွတ်တီးတွတ်တာ လုပ်နေ၏။ ထိုစဉ်တန်ယုကျိက ချောင်းတစ်ချက်ဟန့်ပြီး သမီးလေးကို ကြည့်ရင်းပြောလိုက်၏။

"သမီးလေး. ."



"ရှင်. . ဖေဖေ. ."

"သမီးလေး အသက်ဘယ်လောက် ရှိပြီလဲဟင်"

"အို. . ဖေဖေစကားကလည်း ဆန်းလိုက်တာ ဘာလို့မေးတာလဲ ဟင်. . ."

"ဩော်. . သမီးလေးဟာ အချိန်တန်အရွယ်ရောက်ပြီဆိုတော့ ဖေဖေ့အနေနဲ့ ဝတ္တရားရှိတယ်လေ"

"အို. . ဘာတွေပြောနေတာလဲ. . ဖေဖေ. ."

"ဩော်. . ဒီလိုပါ. . သမီးရယ်၊ သမီးငယ်လေး အခါလင့်သွားမှာစိုးသကွယ်၊ ဒါကြောင့် အဖေ့မျက်စိနှစ်လုံး မမှိတ်ခင် ငါ့သမီးလေးကို အိမ်ထောင်ချပေးခဲ့ချင်တယ် ကွယ်. ."

"ရှင်. . ."

ကျောက်မိန်မှာ မျက်လုံးအဝိုင်းသား ဖြစ်သွား၏။ ဖခင်ကြီး၏စကားကို ကြားရသောအခါ ရှက်သွေးက ဖြာသွားသလို ရင်ထဲတွင်လည်း ခံစားလိုက်ရ၏။

"ဖေဖေ. . ."

"ဘာလဲသမီး. . ."

"သမီးငယ်ပါသေးတယ်. . ဖေဖေရယ်. ."

"အို. . . ငါ့သမီးဟာ လူလားမြောက်ခဲ့ပြီလေ ဒီတော့

အားကိုးရမယ့် ယောကျ်ားဆိုတာ ရှိသင့်တယ်ကွယ်"

"ဟင်. . ဖေဖေဟာ. . သမီးရှေ့မှာ မားမားမတ်မတ် ရပ်နေတာပဲဟာ. . ဘာလို့ သမီးကအားကိုး ရှာရမလဲလို့"

ကျောက်မိန်က နှုတ်ခမ်းလေး စူတူတူလုပ်ရင်း ပြောလိုက်သည်။ တန်ယုကျိမှာ သမီးငယ်၏အမူအယာကြောင့် တဟားဟား ရယ်ရင်း. . .

"ဩော်. . သမီးရယ် ဖေဖေ အသက်ကြီးပြီလေ၊ ဖေဖေ မတော်တဆ သေသွားခဲ့ရင်း ငါ့သမီးလေး ဒုက္ခရောက်မှာ စိုးလို့ပါကွယ်"

"ဟင်. . . ဖေဖေကလည်း သမီးကို ဇွတ်အိမ်ထောင်ချပေးချင်တာကိုး၊ ကဲ. . ပြောပါဦး. . ဖေဖေရဲ့ ဘယ်သူနဲ့လဲ"

"ဟို. . မွန်ဂိုစစ်သူကြီး လုထိုရဲ့သား စစ်ထိုလေးနဲ့လေ. . ."

"ဟင်. . . ဖေဖေကလည်း သမီးကို သူ့လိုပုံဆိုးပန်းဆိုးကြီးကိုတော့ မယူပါရစေနဲ့ ဖေဖေရယ်. . ရုပ်ကလဲဆိုး၊ အပြောအဆိုမလည်း မတတ်၊ ဒီကြားထဲ နောက်ပိုးကလည်း သန်သေးတယ်ဆိုတော့. . ."

"အို. . . သမီးကလည်းကွယ်၊ ယောကျ်ားလေးပဲဟာ



ဒီလောက်တော့ ရှိမှာပေါ့ကွယ်၊ တကယ်တော့ စစ်ထိုဟာ ဖခင်ကြီးလိုပါပဲကွယ်။ ရဲရင့်တယ်၊ ယောကျ်ားပီသတယ်။ တစ်ထောင်မှာ တစ်ယောက်ရှိနိုင်မယ့် သူငယ် မဟုတ်ဘူးကွယ့်၊ ဖေဖေ သူ့ရဲ့နဖူးရေ ဒူးရေကို ကြည့်ပြီး အတတ်သိတယ်သမီး"

"အို. . ဖေဖေ့ဘာသာ သဘောကျပေမယ့် သမီးသဘောမှ မကျဘူး၊ သမီးလေ သူ့ကို ရှိတယ်တောင် မအောင့်မေ့ဘူးသိလား ဖေဖေ"

"ကျောက်မိန်"

အန်ယုကျိမှာ လွန်စွာပင် ဒေါသထွက်သွား၏။ သမီးငယ် ကျောက်မိန်ကို ယခုလိုပြန်လည် ပြောဆိုသည်ကို သူတစ်ခါမျှ မပြောဘူး.

သူပြောသမျှကိုသာ သမီးကလေးက အမြဲ ခေါင်းညိတ်တတ်၏။ ယခုတော့ သမီးလေးက သူ့ဆန္ဒကို ပုန်ကန်ခြားနားလေချေပြီ။ ထို့ကြောင့် ဒေါသဖြစ်ဖြစ်နှင့် ခေါ်လိုက်၏။

ကျောက်မိန်မှာ သူ့ကိုမကြည့်ရဲဘဲ ခေါင်းငုံ့ထားရှာ၏။ ထိုစဉ် အန်ယုကျိက လေသံမာမာနှင့် အမိန့်စကားချမှတ်လိုက်၏။

"ဒီမှာသမီး. . ဖေဖေကောင်းတယ်ထင်လို့ စီစဉ်တာကို သမီးဘာမှ ငြင်းစရာမလိုဘူး. . ကြားလားသမီး၊ သမီးစစ်ထိုကို ယူကိုယူရမယ်"

"အို. . ဖေဖေရယ်. . ."

ကျောက်မိန်မှာ မျက်ရည်တဝဲဝဲဖြစ်နေရာမှ သူ့စကားကြောင့် တဟင့်ဟင့်နှင့် ရှိုက်ငိုလေတော့၏။ အန်ယုကျိသည် သမီးလေး ငိုသံကြားရသဖြင့် ရင်ထဲတွင် မခံမရပ်နိုင်အောင် ခံစားနေရသော်လည်း သမီးလေးရှေ့ရေးနှင့် သူ့ရှေ့ရေးက ရှိသေးသည်မို့ မျက်လုံးမှိတ်ပြောရတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်လည်း. . . .

"ဒီမှာသမီး ဖေဖေလက်နဲ့ ရေးတာကို သမီးက ခြေနဲ့မဖျက်နဲ့ မနက်ဖြန်ကစပြီး စစ်ထိုလာရင် ကောင်းကောင်း ဧည့်ခံဖို့လိုတယ် ကြားလား"

ကျောက်မိန်မှာ အသံထွက်မလာတော့ တဟင့်ဟင့် ငိုရှိုက်နေရာက ခေါင်းကလေးကို ညိတ်ပြရင်း သူ့အခန်းကလေးထဲ ဝင်ပြေးသွားလေတော့သည်။

အန်ယုကျိမှာ သမီး လေးကို သူငေါက်လိုက်ရသဖြင့်



စိတ်မကောင်းဖြစ်နေ၏။ သို့ပေသည့် အရေးကိစ္စတွေက ရှိနေသေးသည်မို့ သမီးလေး၏ အဖြစ်ကို ဥပေက္ခာပြုလိုက်ရ၏။

နောက်တစ်နေ့မှစပြီး စစ်ထိုတစ်ယောက် တန်ယုကျိတို့အိမ်သို့ ချောင်းပေါက်မတတ် ရောက်လာတတ်၏။ ကျက်သရေရှိလှသော ကတ္တီပါဝတ်ရုံကြီးကိုခြုံကား တလွှားလွှားနှင့်သွားပုံလာပုံ ပြောပုံဆိုပုံကိုကြည့်ရင်း အန်ယုကျိကတော့ ကွယ်ရာမှာ ကျေနပ်နေသည်။

ကျောက်မိန်ကတော့ မျက်နှာကို အမြဲတမ်း ဆူထားတတ်၏။ ဖခင်ကြီး၏မျက်နှာကို မြင်မှသာ အလိုက်အထိုက် ဆက်ဆံတတ်လေ၏။

စစ်ထိုမှာသူ့ကို မမှုသလိုလုပ်နေသော ကျောက်မိန်ကို မချင့်မရဲ ဖြစ်နေသည်။ အရှိန်အဝါကြီးလှသော အသိုင်းဝိုင်းမှ ဆင်းသက်လာသူမို့ စစ်ထိုမှာ ရာဇမာန် ပြင်းထန်လှသူဖြစ်သည်။

ထို့ကြောင့်လည်း ကျောက်မိန်ကို နိုင်လိုမင်းထက် အပြုအမူများနှင့် စည်းရုံးတတ်၏။ ကျောက်မိန်ကလည်း တစ်စက်ကလေးပင် အလျှော့မပေးချေ။ အမြဲတမ်း ဆူပွပွ

လုပ်ရင်း ရှောင်ရှောင်သွား၏။

အန်ယုကျိမှာ သမီးကလေးလုပ်ရပ်ကို ကြည့်ပြီး စစ်ထိုကို အ[illegible]ဘုံ့အားနာဖြစ်နေ၏။ ထို့ကြောင့်လည်း စစ်ထို ပြန်သွားသည်နှင့် သမီးငယ်ကို ကြိမ်းမောင်း ရိုက်နှက်တော့ ၏။

ကျောက်မိန်မှာ အသားနာသော်လည်း မျက်ရည် တစ်စက်ကလေးမထွက်၊ အံကိုကြိတ်ရင်း တင်းခံနေ၏။ နောက်ဆုံးတော့ အန်ယုကျိ လက်လျှော့ခဲ့ရ၏။ သို့ပေသည့် ရည်ရွယ်ချက်ကိုတော့ ဘယ်တော့မှ အပျက်မခံလို။

ထို့ကြောင့်လည်း ကျောက်မိန်ကို အနူနည်းနှင့် စည်းရုံးပြန်၏။ ကျောက်မိန်ကမူ စစ်ထိုဆိုသည့် နာမည်ပါလာသည်နှင့် ခါးခါးသီးသီး ဖြစ်နေသည်။ အန်ယုကျိမှာ လူငယ်နှစ်ဦးကြား ဗျာများနေရ၏။ သမီးငယ်အသွင်က ပျော့ပျောင်းလှသော်လည်း စိတ်ကြီးလှ၏။

ထို့ကြောင့်လည်း သူ့ကို သပိတ်မှောက်သည့်အနေနှင့် ထမင်းမစား ဟင်းမစားပင် နေခဲ့သည်။ အန်ယုကျိမှာ သမီးကလေးတစ်ခုခု ဖြစ်သွားမှာစိုး၏။ သို့ပေသည့် သူ့နောက်ရေးကိုတွေးရင်း သမီးကို ချော့မော့သိမ်းသွင်းခဲ့ရသည်။



ကျောက်မိန်ကလေးသည် ဖခင်၏စကားကို ခေါင်းတခါခါလုပ်နေဆဲ စစ်ထိုကတော့ မိန်းမတို့၏သဘောကို သိပုံမရ။

အတင်းဝင် အတင်းကပ်နှင့် မျက်[illegible]ာက်အောင် လုပ်နေပေရာ တစ်နေ့တွင် ပန်းအိုးပြင်နေသော ကျောက်မိန်ကလေးကို လူကြီးတွေအလစ်တွင် နောက်မှအတင်း သိမ်းကြုံးဖက်ပစ်လိုက်၏။

"အိုး. . ဖယ်ပါ. . "

"မဖယ်နိုင်ဘူးကွာ. . မင်းလေးကို ငါချစ်လို့ပါ"

"ဖယ်နော်. . နောက်မှ ကျွန်မအဆိုးမဆိုနဲ့"

"မဖယ်ဘူးကွာ. . မင်းဟာ. ငါအသက်ဗူးပဲ. . "

"တော်စမ်းပါရှင်. . ကဲ. . ဖယ်မလား. . မဖယ်ဘူးလားပြော. . "

"မဖယ်နိုင်ဘူးကွာ. . "

စစ်ထိုသည်နောက်မှ အတင်းတိုး၍ဖက်ထား၏။ ကျောက်မိန်ကလေး၏ မျက်နှာမှာ ခရမ်းချဉ်သီးလို နီရဲလာသည်။ စစ်ထိုကိုအံကြိတ်ပြီး လှည့်ကြ[illegible]င်း တစ်စုံတစ်ခုကို ဖျတ်ကနဲ လှုပ်ရှားလိုက်၏။

"ဖြောင်း. ."

"အား. . မင်း. . မင်း. ငါ့ကို ပါးရိုက်တယ်"

"ဟုတ်တယ်. . နောက် ဘယ်တော့မှ အနိုင်မကျင့်နဲ့. . . ."

"ရက်စက်လိုက်လေကွာ. . ."

စစ်ထိုသည် ပါးပြင်ကို ပွတ်သပ်ရင်း ကျောက်မိန်ကို အံကြိတ်ကြိတ်ကြည့်ကာ ထွက်သွားလေတော့သည်။ ထိုအချိန်အခါမှစပြီး စစ်ထိုသည်ဖခင်ကြီးထံ ကျောက်မိန်ကလေးကို တောင်းပေးဖို့ တတွတ်တွတ် ပူဆာလေတော့သည်။ လုထိုမှာ တန်ယုကျိတို့အိမ်သွားပြီး နားဖောက်စကားပြောရင်း မင်္ဂလာရက်ပင် ရအောင်သတ်မှတ်လာခဲ့၏။

လာမည့်သုံးပတ်မြောက်တွင် မင်္ဂလာဆောင်ပေးမည်ဟု စစ်ထိုကိုပြောပြလိုက်ရာ စစ်ထိုတစ်ယောက် ကြမ်းပြင်ပေါ်တွင် ကျွမ်းထိုးခုန်ပေါက်ရင်း ဝမ်းသာအားရဖြစ်နေသည်။ ထိုအချိန်တွင် ကျောက်မိန်မှာတော့ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေ၏။

စင်စစ် သူ စစ်ထိုကို လုံးလုံး ကြည့်မရ၊ အချစ်စိတ်ကလေးမှ ဝေ့ဝဲမတက်လာသည့်မို့ စစ်ထိုကို ကျောက်ရုပ်ကြီး



တစ်ရုပ်လို ဆက်ဆံနေ၏။ စစ်ထိုခမျာမတော့ ပါးအရိုက်ခံပြီး ကျောက်မိန်ကိုယူဖို့ ဆုံးဖြတ်ထားပြီးပြီမို့ မရ-ရအောင် ကြိုးစားနေပေတော့၏။

ထိုအတောအတွင်း ကျောက်မိန်မှာ အိမ်ထဲက အိမ်ပြင် ထွက်သည်မရှိ။ သူမ နေသည့် အခန်းက လေးထဲဝင်နေကာ အခန်းတံခါးပိတ်ထား၏။ အန်ယုကျိ ခေါ်လည်းမရ။

သို့နှင့်တစ်ပတ်ခန့် ဆန္ဒပြခဲ့သည်။ တန်ယုကျိကလည်း သူ၏ဆုံးဖြတ်ချက်ကို မပြင်၊ သမီးငယ်ထွက်ပြေးသွားမည်စိုးသဖြင့် အစောင့်အရှောက်များနှင့် ထားခဲ့သည်။

ကျောက်မိန်မှာ တမှိုင်မှိုင်တတွေတွေ ဖြစ်နေ၏။ဖခင်၏သံမဏိစိတ်ဓာတ်ကိုလည်း သူနားလည်ထားသဖြင့် နောက်ဆုံးတော့ လိုက်လျော့ခဲ့ရ၏။ အန်ယုကျိမှာ သမီးငယ်ထံမှ အဖြေရသည်နှင့် လုထိုနှင့်တိုင်ပင်ကာ မင်္ဂလာအခမ်းအနားကို စီစဉ်လေတော့၏။

ထိုအတော့အတွင်း ကျောက်မိန်ကိုလည်း အိမ်ထဲကအိမ်ပြင် ပေးမထွက်ချေ။ ကျောက်မိန်မှာ မင်္ဂလာရက်နီးလာလေလေ မွန်းကြပ်လာလေလေ ဖြစ်၏။

ထို့ကြောင့်လည်း အခွင့်အရေးနှင့် အချိန်အခါကို

စောင့်မျှော်နေ၏။ ထိုစဉ် သူ့အနားတွင် တစ်ဖဝါးမှမခွာ လိုက်နေသော အာလီကသူခံစားနေရမှုအစုစုကို နားလည် လာ၏။ ကျောက်မိန်ကလည်း သူ့ရင်ထဲကဆန္ဒကို တစ်လုံး တစ်ပါဒကျန် ရှင်းပြခဲ့၏။

နောက်ဆုံးသော် အာလီက ကျောက်မိန် လွတ် မြောက်ရန် ကူညီပါမည်ဟု ကတိပြုလာ၏။ ထိုစကားကြား ရသောအခါ ကျောက်မိန် ဝမ်းသာအားရ ဖြစ်နေ၏။

သူတို့နှစ်ဦး အိပ်ခန်းထဲမှ မထွက်ဘဲကြိတ်ပြီး ကြံစည် ခဲ့ကြ၏။ သို့နှင့် မင်္ဂလာရက် အခမ်းအနားကလည်း နီးကပ် လာရာ မနက်ဖြန်ဆိုလျှင် မင်္ဂလာအခမ်းအနား ကျင်းပပေ တော့မည်။

အန်ယုကျိုမှာ နောက်ဆုံးညအဖြစ် သမီးလေး ကျောက်မိန်နှင့် စကားစမြည်ပြောချင်သော်လည်း သမီးက လေးက ရှက်နေသူဖြစ်တာမို့ အိပ်ခန်းထဲက ထွက်မလာချေ။

ဖြစ်တုတ်သည့် သဘောမို့လည်း အန်ယုကျိုက ခွင့် လွှတ်ခဲ့ရ၏။ စိတ်ထဲမှာတော့ မ[illegible]ကျမချမ်းနိုင်၊ သူ တယုတယ မွေးခဲ့ရသော သမီးကလေးမှာ မနက်ဖြန်ဆိုလျှင် တစ်ပါးသူ ၏လက်ထဲသို့ ပါသွားတော့မည်မို့ ဝမ်းသာဝမ်းနည်း ဖြစ်နေ



၏။

နောက်တစ်နေ့ နံနက်ခင်းအရောက်တွင် ဆိုင်းသံ၊ ဗုံသံများနှင့် လူတစ်စု ထမ်းစင်ကြီးထမ်းကာ သတို့သမီးလာ တောင်းကြ၏။ အန်ယုကျို၏မျက်နှာမှာ အချိုပေါ်သကာ လောင်းထားသည့်အလားပင် ပြုံးရွှင်သောအမူအယာနှင့် ကြိုဆိုရင်း သမီးကလေး အိပ်ခန်းတံခါးကို ခေါက်လိုက်၏။

"ဒေါက်. . ဒေါက်. ."

"သမီးလေး. ."

"ရှင်. . ."

"မင်္ဂလာပွဲစဖို့ အချိန်နီးပြီလေကွယ်. . ."

"အို. . ဖေဖေ အရင်သွားနှင့် သမီးနောက်မှ ထမ်းစင် နဲ့ လိုက်ခဲ့မယ်"

"ဩော်. . သမီးက ရှက်နေသကိုး၊ ကဲ. . . ဒါဆို လည်း သတို့သားအိမ်ကို ဖေဖေ အရင်သွားပြီးပေါ့. ."

"ဟုတ်ကဲ့. . . ဖေဖေ. ."

အန်ယုကျိုလည်း ကျောက်မိန်၏စကားကြောင့် ပြုံး မော့မော့ အမူအယာဖြင့် အခန်းတံခါးမှခွာခဲ့ပြီး သူ ဦးဆုံး မင်္ဂလာအခမ်းအနား ကျင်းပရာအိမ်သို့ ထွက်ခွာသွားလေ

သည်။ တအောင့်မျှအကြာတွင အခန်းတံခါးဖွင့်လာကာ သတို့သမီးကလေး ထွက်လာ၏။ မျက်နှာပေါ်တွင်လည်း အနီရောင် ပိုးပုဝါကလေးကို အုပ်ထား၏။

သတို့သမီးတောင်း အရံများမှာ သူထွက်လာသည်နှင့် ဆိုင်းတွေ ဗုံတွေတီးကာ ပျော်မြူးစွာကြိုဆိုလိုက်၏။ ထို့နောက် သတို့သမီးကလေးသည် ထမ်းစင်ပေါ်သို့ ငြင်သာစွာ တက်ရောက် သွားလေတော့၏။

သတိုသမီးတောင်းအဖွဲ့သည် အိမ်ကြီးပေါ်မှ ဆင်းခဲ့ကြပြီး ဆိုင်းသံဗုံသံ ဆူညံစွာတီးခတ်ရင်း ထမ်းစင်ကိုထမ်းကာ လမ်းမကြီးအတိုင်း ထွက်ခွာသွားလေတော့၏။

စစ်ထိုမှာ တဒုံးဒုံး တဂွမ်းဂွမ်း တီးခတ်လိုက်သော အသံများကြောင့် ရင်ထဲတွင်ဘုရားပွဲ လှည့်နေ၏။ သတို့သမီးကလေး ကျောက်မိန်နှင့် အတူနေရတော့မည်မို့ ဝမ်းသာပီတိစိတ်တွေက တဟုန်းဟုန်း ပေါ်ထွက်နေပေ၏။

ထိုအချိန်တွင် ထမ်းစင်ထမ်းလာသော သတို့သမီးတောင်းအဖွဲ့သည် သူတို့အိမ်ရှေ့သို့ ရောက်ရှိလာပေတော့၏။ အိမ်ဝတွင် နှစ်ဦးနှစ်ဖက်မိဘဆွေမျိုးများနှင့် ပရိတ်သတ်အားလုံးကလည်း သတို့သမီးကလေးကို ကြိုဆိုနေ၏။



ထိုစဉ် သတို့သားလောင်း စစ်ထိုက ထမ်းစင်အနားသို့ ကပ်ခဲ့ကာ လိုက်ကာလေးကို ဖြည်းဖြည်းမရင်း ပြောလိုက်၏။

"ထွက်ခဲ့တော့လေ ညီမရယ်. . ."

"ဟုတ်. . . ဟုတ်ကဲ့ရှင်. . ."

ကျောက်မိန်၏အသံတွေက သူ့နားထဲတွင် ခပ်ထောင့်ထောင့် ဖြစ်နေ၏။ စစ်ထို၏ စိတ်ထဲတွင်. . .

ကေန္တ သူ့ကိုရှက်နေ၍ ဖြစ်မည်ဟုတွေးကာ လေဖြေအေးအေးနှင့် ချော့မော့ ပြောလိုက်ပြန်၏။

"ကဲ. . လာ ပရိသတ်ကြီးကလည်း နတ်သမီးလေးလို့ လှပတဲ့ညီမလေးကို ကြိုဆိုနေပါတယ်။ ရှက်စရာမလိုပါဘူး. . ညီမရယ်၊ ကဲ. . . လာ. . ."

"ဟုတ်. . ဟုတ်ကဲ့. ."

သတို့သမီးသည် ထမ်းစင်ထဲမှ ထွက်လာ၏။ အန်ယုကျို၏စိတ်ထဲတွင် ကျောက်မိန်တစ်ယောက် ပိန်ကျသွားသည်ဟု ထင်၏။ မျက်နှာလေးကို မမြင်ရသော်လည်း တစ်သက်ပိုင်ဆိုင်ရတော့မည့်မို့ ဝမ်းသာအားရ ဖြစ်နေ၏။

ထို့ကြောင့်လည်း သတို့သမီးလေးကိုတွဲကာ လူဘုံအလယ်သို့ ခေါ်လာ၏။ ကျောက်မိန်၏ လက်ဖျားတွေက

အေးစက်နေ၏။ ထို့ကြောင့် စစ်ထိုက လေသံတိုးတိုးနှင့် ပြုံးပြုံးလေးမေး၏။

"ကြောက်နေသလား. . ညီမလေး"

"ဟုတ်ကဲ့. . . "

"မကြောက်ပါနဲ့ကွာ. . ဒါ အစ်ကိုတို့ နှစ်ဦးရဲ့ မင်္ဂလာအချိန်ပါကွယ်. . အစ်ကိုကို အားကိုးစမ်းပါ. . ကဲ. . လာလာ. . . "

* * * * *

သတို့သမီးလေးက သူ့ကိုတစ်ခွန်းမျှ ပြန်မပြော၊ သူခေါ်ရာနောက်သို့သာ တိတ်တဆိတ် လိုက်ပါလာ၏။ သတို့သမီး၊ သတို့သားတို့၏ နှစ်ဦးနှစ်ဖက်များမှာ မင်္ဂလာပွဲစတင်နိုင်ပြီဖြစ်ကြောင်း ကြေငြာရင်း အခမ်းအနားကို ဆိုင်းတွေဗုံတွေ သီချင်းသံတွေနှင့် ဆူညံစွာ စတင်လိုက်လေတော့၏။

တန်ယုကျိမှာ သမီးလေးကို သတို့သားလက်ထဲပါလာတာတွေတော့ ဝမ်းသာအားရဖြစ်နေ၏။ ထိုအချိန်တွင် စစ်ထိုသည် လက်ထဲကမုန့်ကလေးကို သတို့သမီးလေး၏



မျက်နှာဖုံးအောက်မှ လျှို၍ ကျွေးမွေးလိုက်ရာ ပရိတ်သတ်အားလုံးက ဝမ်းမြောက်ဝမ်းသာနှင့် လက်ခုပ်လက်ဝါးတီးလိုက်ကြ၏။

စစ်ထို၏ဖခင်ကြီး လုထိုမှာလည်း ဝမ်းသာအားရပီတိဖြင့် လက်ထဲကအရက်ခွက်ကိုပင် မချတော့။ သတို့သားစစ်ထိုမှာလည်း အပေါင်းအသင်း မိတ်ဆွေများ၏။ အမမွတိုက်မှုကြောင့် အရက်ကို အရူးအမူး သောက်နေ၏။

ထိုစဉ် သတို့သမီးလေးမှာ စစ်ထိုကို ခွင့်ပန်ရင်း သူတို့နှစ်ဦးအတွက် ပြင်ဆင်ထားသော အိပ်ဆောင်လေးထဲရှိ ဖဲမွေ့ယာကြီးပေါ်တွင် ထိုင်နေ၏။

စစ်ထိုတို့သားအဖမှာ မူးလို့ကောင်းနေဆဲ အန်ယုကျိမှာ သူ့တာဝန်ပြီးဆုံးပြီမို့ လုထိုနှင့် သားဖြစ်သူ စစ်ထိုကို နှုတ်ဆက်လိုက်၏။ သမီးလေး ကျောက်မိန်ကို နှုတ်ဆက်လိုသော်လည်း သမီးလေး ရှက်နေမည်စိုးသဖြင့် နှုတ်မဆက်ဘဲ အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။

နေဝင်ချိန် ရောက်သည့်အခါ စစ်ထိုမှာအမူးပြေစပြုလာပြီး ရေမိုးချိုးမျက်နှာသစ်ကာ အမွှေးနံ့သာခြယ်သ၍ သတို့သမီးရှိရာအခန်းသို့ ဝင်ခဲ့၏။

သတို့သမီးလေးမှာ မွေ့ယာကြီးပေါ် တွင် ခုထိ ထိုင်နေ
ဆဲ၊ မျက်နှာပေါ်မှ ပိုးပုဝါနီလေးကိုလည်း လွှမ်းထားဆဲ၊
သတို့သမီးဝတ်ရုံလည်း မချွတ်သေး။ စစ်ထိုသည် အခန်းထဲ
ဝင်လာသည်နှင့် ပြုံးစေ့စေ့နှင့် လှမ်းပြောလိုက်၏။

"အို. . ညီမလေးက ဝတ်စုံတွေ မချွတ်သေးပါလား။
ချွတ်တော့လေ ညီမရဲ့. . ."

"ရှက်တယ်. . ."

"ဟာ. . . အရေးထဲကွာ. . မင်းနဲ့ငါဟာ လင်မယား
အရာ မြောက်သွားပြီကွယ်. . ."

"အို. . မပြောပါနဲ့. . ."

စစ်ထိုသည် အရှက်ကြီးလှသော သတို့သမီးလေးကို
အားမလိုအားမရ ဖြစ်နေသည်။ ထို့ကြောင့် ခုတင်အနားသို့
ကပ်ကာ ပခုံးကိုလှမ်းဖက် လိုက်လေသည်။

"အို. . ဖယ်ပါရှင့်. . ."

"ဟာ. . မဟုတ်တာကွာ. . ညီမလေးကလည်း ရှက်
စရာမရှိ ကြံဖန်ရှက်နေတယ်လို့ ကဲလာကွာ. ."

"အိုး. ."

စစ်ထိုသည် သတို့သမီးလေးကို အတင်းဖက်ကာ ခု



တင်ပေါ် သို့ချလိုက်ပြီး မျက်နှာဖုံးပုဝါလေးကို ဖွင့်လိုက်သည်။

"ဟာ. . ."

"ဟင်. . မင်း. . မင်း ဘယ်သူလဲ ပြောစမ်း"

"အိုး. ."

"ပြောလေကွာ. . မင်း. . . မင်း ကျောက်မိန် မဟုတ်
ဘူး။ ဘယ်သူလဲပြောစမ်း။ ဘာသဘောနဲ့ ငါ့ကိုစွက်ကိုဝင် အ
နှောင့်အယှက်ပေးရတာလဲ ပြောစမ်း. . ."

"ဟို. . ကျွန်. . ကျွန်မ. ."

"တောက်. . မိုက်ရိုင်းလိုက်တာကွာ၊ ကျောက်မိန်
ရော ဘယ်မှာလဲပြောလေ. . ပြောလေကွာ. . ."

"ဟုတ်. . ဟုတ်ကဲ့. ."

"ကဲ. . မြန်မြန်ပြောစမ်းကွာ. . . ငါထသတ်မိတော့
မယ် ဟေ့"

"မ. . မလုပ်ပါနဲ့ရှင်. . ကျွန်မ ရှင်းပြပါ့မယ့် အစ်ကို
ကြီးရယ်. . ."

"ဟာကွာ. . ."

စစ်ထိုမှာ အကြီးအကျယ် ဒေါသထွက်နေ၏။ ခုတင်
ပေါ်မှ ရုတ်တရက်ထရင်း ခါးထောက်ပြီးအော်ဟစ် မေးလိုက်

သည်။

ခုတင်ပေါ်မှ အမျိုးသမီးငယ်မှာ မျက်စိသူငယ်လေးနှင့် သူ့ကို လှမ်းကြည့်နေ၏။ မျက်ရည်လေး စမ်းစမ်းလုပ်ရင်း သူ့ ကိုတောင်းပန်းကာ အဖြစ်အပျက်ကို ပြောပြလေတော၏။

ဒီ. . ဒီလိုပါအစ်ကိုရယ်. . ကျွန်မဟာ အစ်မလေး ကျောက်မိန်ရဲ့ အစေအပါးပါ၊ ကျွန်မနာမည် အာလီလို့ ခေါ်ပါတယ်"

"ဟင်. . ဘာတွေလဲကွာ. . ."

"ဒီလိုပါရှင့်. . အစ်မလေး ကျောက်မိန်ဟာ အစ်ကိုကြီးနဲ့အတူ မနေလိုတဲ့အတွက် အခုလို လုပ်လိုက်ရခြင်းပါ"

"ဘာ. . . ငါနဲ့မနေချင်လို့ . . ဟုတ်လား. ."

"ဟုတ်ပါတယ်ရှင်. . . သူက အစ်ကိုကြီးကို မချစ်နိုင်ပါဘူးတဲ့. . . ဒါကြောင့် စိတ်ဆင်းရဲပြီး အိမ်ထဲကအိမ်ပြင် မထွက်ဘဲ ငိုနေတယ်လေ၊ ကျွန်မလည်း သနားတာနဲ့ သူ့ကို ကူညီပါမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ အစ်မလေးက ကျွန်မကို သတို့သမီးအတု လုပ်ပေးဖို့ တောင်းပန်ခဲ့ပါတယ်။

အဲဒါနဲ့ ကျွန်မလည်းအစ်မလေး ကိုယ်စားခုလို



လုပ်မိခဲ့တာပါရှင်. . . အစ်ကိုကြီး မကျေနပ်လည်းကျွန်မကို သတ်ပစ်ပါရှင်. . ."

"ဟာ. . တောက်. . မိုက်ရိုင်းလိုက်တာကွာ၊ ငါ ရာဇဝင်မှာ ဒီလိုကိစ္စမျိုးဘယ်တော့မှ မဖြစ်ခဲ့ဘူးကွ၊ ခုတော့ မင်းတို့ဟာ ငါ့ကိုအကွက်ကျကျနဲ့ လိမ်လည်ခဲ့ပြီပေါ့. . ဟုတ်လားပြောစမ်း. . . ."

"ဟို. . ကျွန်မ တောင်းပန်ပါတယ်ရှင်. . ."

"တိတ်စမ်းကွာ . . မင်းအသံ ငါမကြားချင်ဘူး"

စစ်ထိုမှာ အကြီးအကျယ် ပေါက်ကွဲနေ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေ၏။ ရှက်ရှက်နှင့် အာလီ၏ပါးကို သုံးလေးချက် ရိုက်ပစ်လိုက်၏။

အာလီခမျာ တဟင့်ဟင့် ငိုကြွေးရင်း ကုတင်ပေါ်လဲကျသွား၏။ ပါးစပ်ဖျားတွင်လည်း သွေးစက်များ ယိုစီးကျနေသည်။

"ဟော့ကောင်မ. . . ကျောက်မိန် ဘယ်မှာလဲ ပြောစမ်း. . . ."

"ဟို. . ကျွန်မ. . ကျွန်မ မသိပါဘူး. . အစ်ကိုကြီးရယ်. . ."

"ဘာ. . . ကဲကွာ. . ."

"ဖြန်း. . ."

"အောင်မယ်လေးရှင့်. ."

"ကဲကွာ. ."

"ဖြန်း. . ."

"အား. . ."

အသံဗလံတွေက အိပ်ခန်းလေးထဲတွင် ဆူပွက်နေ၏။ ထိုအသံများကြောင့် မူးမူးရူးရူးနှင့် အိပ်ပျော်နေသော လုထိုမှာ လန့်နိုးလာ၏။

အသံက သူ့သားအသံပြီးတော့ ဒေါ်ကြီးဟာစ်ကျယ် ဖြစ်နေသော အသံမို့ လူးလဲထကာ အိပ်ခန်းထဲသို့ ပြေးဝင်ခဲ့သည်။

"ဟင်. . . ဘယ်. . ဘယ်လိုဖြစ်တာလဲကွာ၊ တိုးတိုးတိတ်တိတ်ပေါ့ စစ်ထိုရယ်. ."

"ဟာ. . အဖေကလည်း ဟိုကုတင်ပေါ်က ဟာမကို ကြည့်စမ်းပါဦး"

"ဟင်. . ."

လုထိုသည် သားဖြစ်သူ၏ မှုန်ကုတ်ကုတ်မျက်နှာနှင့်



ပြောလာသော စကားကြောင့် ကုတင်ပေါ် လှမ်းကြည့်လိုက်သည်။

"ဟာ. . ဟို. . ဟိုကလေးမလဲ မဟုတ်ပါလား။ သူ. . . သူက ဘယ်သူလဲကွ. ."

"အဲဒါပြောတာပေါ့. . အဖေရယ်၊ သူတို့ သားကို ဝိုင်းလိမ်လိုက်ကြတယ်လေ. . ရှက်တယ်. . အဖေရာ. ."

"ဘာ. ဟိုကောင်မကိုသာ မေးကြည့်တော့ဗျာ. . ကျွန်တော်တော့ စိတ်ရှုပ်သွားပြီ. . အဖေရယ်၊ တောက်. . . တော်တော် မိုက်ရိုင်းတဲ့ကိစ္စပါလား"

စစ်ထိုသည် ဒေါသတကြီးနှင့် ပြောဆိုရင်း အခန်းထဲမှထွက်ခွာသွား၏။ လုထိုသည် သားဖြစ်သူ၏စကားကို နားထောင်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေရသည်။ သူသည် ကုတင်ပေါ်တွင် ပုံ့ပုံ့ကလေးထိုင်နေသော အမျိုးသမီးကိုကြည့်ရင်း မေးလိုက်သည်။

"မင်း. . မင်းဘယ်သူလဲကွ"

"ကျွန်မနာမည် အာလီပါ ဦးကြီးရယ်. ."

"ဟေ့. . ဒါ. . ဒါဆို ကျောက်မိန်ရော ဟင်၊ ဟာ. . ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲကွာ. . ဒုက္ခပါပဲ. ."

"ဒီ. . ဒီ. . ဒီလိုပါ ဦးကြီးရယ်"

အာလီသည် ပါးကလေးကို ပွတ်သပ်ရင်း မျက်ရည်တစမ်းစမ်းနှင့် ဖြစ်ကြောင်းရယ်ကုန်စင် ရှင်းပြလိုက်သည်။

"ဘာ. . ဘာလုပ်ရက်ပါပေကွာ. . ဒါ သက်သက် ငါ့တို့သားအဖကို စော်ကားတာပဲ၊ တောက်. . မိုက်ရိုင်းလိုက်ပါဘိ၊ ကဲ. . . ဒါဆို ငါ အန်ယုကျိတို့ဆီ သွားမယ်၊ မင်းပါ. . လိုက်ခဲ့ပေတော့"

"အို. . မ. . မလုပ်ပါရစေနဲ့. . ဦးကြီးရယ်၊ ကျွန်မ. . ဆရာကြီး တန်ယုကျိကို ကြောက်လွန်းလို့ပါရှင်. . ."

"တိတ်စမ်းကွာ. . . ခုချက်ချင်း လိုက်ခဲ့စမ်း"

"မလိုက်ပါရစေနဲ့. ."

"လိုက်ခဲ့စမ်းကွာ. . ."

လုထိုသည် မျက်နှာကြီးနီမြန်းလာပြီး ကုတင်ပေါ်တွင်လဲနေသော အာလီ၏လက်ကို အတင်းအဓမ္မဆွဲကာ အန်ယုကျိတို့နေထိုင်ရာ အိမ်သို့ထွက်ခဲ့လေတော့၏။

* * * * *



ထိုအချိန်တွင် အန်ယုကျိတစ်ယောက်မှာ စာကြည့်ခန်းထဲရှိ ကျွန်းထိုင်ခုံကြီးပေါ်တွင် မှီထိုင်ကာအရက်ကို တစိမ့်စိမ့်သောက်ရင်း တစ်ယောက်တည်း ပြုံးနေသည်။ သမီးငယ်လေး ကျောက်မိန်မှာ မွန်ဂိုခေါင်းဆောင်ကြီး၏ လက်ထဲသို့ရောက်ရှိသွားပြီမို့ စိတ်မချမ်းသာ ကိုယ်ချမ်းသာ ဖြစ်နေသည်။

ထို့အပြင် သမီးကလေးမျက်နှာနှင့် သူလည်းဩဇာအရှိန်အဝါ မြင့်လာသည့်အရေးကိုတွေးပြီး ဝမ်းသာအားရဖြစ်နေသည်။

စင်စစ် သူနေထိုင်သည့် ချင်းလုံမြို့ကလေးသာမကတရုတ်ပြည်ကြီး တစ်ပြည်လုံးအပေါ်မှပါ ဩဇာအာဏာပြောင်းချင်သည်။

ထို့ကြောင့်လည်း သမီးလေးကို သူအရင်း ပြုခဲ့ရ၏။ ယခုတော့ သူဖြစ်ချင်တာမှန်သမျှ ပြီးပြည့်စုံစွာ ဖြစ်ခဲ့ရပြီမို့ အကျေနပ်ကြီး ကျေနပ်နေလေသည်။

ထိုအချိန်တွင် သူနေထိုင်ရာ စံအိမ်ရှေ့သို့ မွန်ဂိုခေါင်းဆောင်ကြီး လုထိုသည် ဒေါင်းဘင်မောင်းတင်နှင့် ရောက်ချလာ၏။

"ဟော့. . အန်ယုကျို ရှိသလား. . "

"ဗျာ. . . "

"ငါမေးနေတာ ဖြေစမ်း. . "

"ဗျာ. . . ဟုတ်. . ဟုတ်ကဲ့ရှိပါတယ် ဆရာကြီး"

"ဒါဆို. . ငါလာတယ် သွားပြောစမ်း"

"ဟုတ်. . ဟုတ်ကဲ့. . "

အိမ်ဝတွင် စောင့်ကြပ်နေသော အစေအပါးလေးများ၏ ကြောက်အားလန့်အားနှင့် စာကြည့်ခန်းထဲ ပြေးဝင်သွားကာ အန်ယုကျိုကို သတင်းပို့လိုက်သည်။

အန်ယုကျိုမှာ မွန်ဂိုခေါင်းဆောင်ကြီး လုထို ရောက်လာပြီဆိုသည့်သတင်း ကြားသည်နှင့် ဝမ်းသာအားရ ဖြစ်နေသည်။

ခမည်းခမက် တော်ခဲ့ပြီမို့ တောင်းစရာရှိတာ ပွင့်ပွင့်လင်းလင်း တောင်းရတော့မည်မို့ ကြုံးဝါးကာ ထိုင်ရာမှ ထလိုက်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့တော့သည်။

"ဟာ. . အစ်ကိုကြီးတို့ပါလား. . ထိုင်ပါဗျာ၊ ထိုင်ပါဟဲ့. . . စားစရာတွေ သွားယူကြစမ်း"

အန်ယုကျိုသည် သူ့လူများကိုလှည့်ပြောရင်း လုထိုကို



ပြုံးရွှင်သော မျက်နှာပေနှင့်ပြောလိုက်သည်။

"ထိုင်ပါ. . အစ်ကိုကြီးရဲ့ ကျွန်တော့ဝတ္တရား မကျေတာကို ခွင့်လွှတ်ပါဗျာ၊ ဟဲ. . ဟဲ. . "

တန်ယုကျိုသည် တဟဲဟဲ ရယ်မောရင်း လုထိုနားကပ် လာသည်။ လုထို၏ မျက်နှာမှာ ပြုံတော့မည့် မိုးနှယ်ပင်၊ သူ့ နံဘေးတွင်လည်း အမျိုးသမီးငယ်တစ်ယောက် ခေါင်းငုံ့ပြီး ရပ်နေ၏။

"အန်ယုကျို. . . "

"ဗျာ. . အစ်ကိုကြီး"

"ဟင်. . "

အမျိုးသမီးငယ်မှာ ဖြည်းဖြည်းချင်း ခေါင်းမော့လာ၏။ အန်ယုကျိုမှာ အမျိုးသမီးငယ်ကိုကြည့်ရင် ပြုံးမြမြဖြစ်သွားသည်။

"သြော်. . ဘယ်သူများလဲလို့ အာလီကိုး၊ ဟုတ်ပါတယ်. . အစ်ကိုလုထို သူဟာ ကျွန်တော့်သမီးကလေးနဲ့ အတူလိုက်သွားတဲ့ ကလေးမပါပဲ. . ဘာများဖြစ်လို့ ပါလိမ့်"

"ဘာဖြစ်ရမှာလဲ. . အိမ်မှာတော့ မိုးမီးလောင်ကုန်ပြီဗျာ. . . "

"ဗျာ. . ဘာတွေများ ဖြစ်လို့ပါလဲ အစ်ကိုကြီးရာ"

"ဘာဖြစ်ရမှာ ခင်ဗျားသမီး ကျောက်မိန်က ကလိန်ကကျစ်ကျတဲ့ကိစ္စပေါ့ကွ. . ."

"ခင်ဗျာ. ."

အန်ယုကျီမှာ လုထိုစကားကြောင့် အူကြောင်ကြောင် ဖြစ်သွားသည်။ သူ မသိနားမလည်စွာဖြင့် ကြောင်စီစီ လှမ်းကြည့်နေသည်။ ထိုစဉ် လုထိုက သူ့ကိုခါးထောက်ကြည့်ရင်း လေသံခပ်ဆတ်ဆတ်နှင့် အော်ဟစ်ပြောလိုက်သည်။

"တောက်. . မိုက်ရိုင်းလိုက်တာဗျာ. . ဒီကိစ္စ ခင်ဗျားစီစဉ်တာ မဟုတ်လား. ."

"ဗျာ. . နေ. . နေပါဦး အစ်ကိုကြီးရဲ့ ဘာတွေများဖြစ်လာလို့လဲဗျ၊ ကျွန်တော့်သမီး ကျောက်မိန်ဘာတွေများကလိန်ကကျစ်လုပ်ခဲ့တာလဲ ဟင်. . ကျွန်တော်ဘာတစ်ခုမှ မသိပါဘူး. . အစ်ကိုကြီးရယ်. ."

"တော်စမ်းဗျာ. . ဒီကိစ္စ ခင်ဗျားညာဏ်တွေလဲပါမှာပဲ. . . တော်ပြီဗျာ. . ကျုပ် ဘာမှမပြောချင်ဘူး၊ သိချင်ရင်သူ့သာ မေးကြည့်ပေတော့"



"ဟင်. . ."

လုထိုသည် ဧည့်ခန်းဆောင်ကြီးထဲမှ ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြန်၍ထွက်ခွာသွားလေတော့သည်။ အန်ယုကျီမှာ ကြောင်အမ်းအမ်းဖြစ်၍ ကျန်ရစ်ခဲ့သည်။ သူသည် အာလီအနားသို့ လျှောက်လာကာ လေသံတိုးတိုးနှင့် မေးမြန်းခဲ့လေသည်။

အာလီမှာ သခင်မျက်နှာကို မကြည်ဝံ့သည်မို့ ခေါင်းငုံ့ကာအဖြစ်မှန်ကို တုန်တုန်ယင်ယင်နှင့် ရှင်းပြလေတော့သည်။

သူ့စကားကြောင့် အန်ယုကျီမှာ အကြီးအကျယ် အံ့အားသင့်နေ၏။ မျက်စိမျက်နှာပျက်ပျက်နှင့် အာလီကို ရိုက်မောင်းပုတ်မောင်းလုပ်ကာ မေးမြန်းလေတော့သည်။

အာလီခမျာ ဟိုကရိုက်ဒီကရိုက်နဲ့မို့ ကြောက်လန့်ပြီးမေ့မျောသွား လေတော့၏။ အိမ်သားများမှာ အာလီရှိရာသို့ အပြေးရောက် လာပြီး ချီပွေ့ခေါ်ဆောင် သွားလေတော့သည်။ ဧကရာဇ် ဖြစ်လွန်းလှသော အန်ယုကျီမှာတော့ အော်ကြီးဟစ်ကျယ်နှင့် တွေသမျှလူကို ဟိန်းဟောက်နေ၏။

သူဘာလုပ်လို့လုပ်ရမှန် မသိတော့ မိုက်မဲလှသည့်

သမီးကလေး ကျောက်မိန်၏လုပ်ရပ်ကြောင့် သူ့အကြီးအကျယ် အရှက်ကွဲခဲ့ရလေပြီ။ တွေ့သမျှပစ္စည်းတွေကိုလည်း ပေါက်ခွဲပစ်၏၊ ကန်ကြောက်ပစ်၏။

ခါးကြားမှဓားကိုဆွဲကာ ဧည့်ခန်းထဲရှိ ပစ္စည်းမှန်သမျှကို ဒေါသတကြီးနှင့် လိုက်လံခုတ်ထစ်ရင်း ရှက်စိတ်မွန်ကာဖြင့် လုပ်ချင်ရာ လုပ်နေပေတော့သည်။

* * * * *



အခန်း(၁၅)

လောင်စုတစ်ယောက် တောထဲတောင်ထဲ ခရီးလှည့်လည်ခဲ့သည်မှာ သုံးလခန့်ပင် ရှိချေပြီ။ သူ အင်မတန်တွေချင်လှသော "ချင်ထင်ကျက်" ဆိုသည့် ရန်သူတော်ကြီး၏ အရိပ်အယောင်ကို စိုးစဉ်မျှ ခြေရာမခံမိခဲ့။

စိတ်ထဲတွင်လည်း အကြီးအကျယ် မကျေမချမ်းဖြစ်နေ၏။ တစ်သက်လုံး မကျေနပ်နိုင်သော အတေးအမှတ်ရယ်မို့ စိတ်ထဲက လုံးလုံးမေ့၍မရ။

ထို့ကြောင့်လည်း ချင်ထင်ကျက်နောက်သို့ အိပ်ရေးပျက်ခံ၊ အစာငတ်ခံပြီး လိုက်ခဲ့သည်။ ယခုထိတော့ သတင်းအစအနပင် မကြားမိသေးချေ။ နောက်ဆုံးတော့ လောင်စု

တစ်ယောက်တည်း တောထဲမှ ထွက်ခွာခါ ကျေးလက်မြို့ရွာများဖက်သို့ ခြေဦးလှည့်ခဲ့လေ၏။

သူ့အသွင်မှာလည်း ညစ်ထေးပေကျံနေ၏။ ခြုံထားသောခြုံလွှာကြီးမှာလည်း အပိုင်းပိုင်း အစိတ်စိတ်ဖြစ်သွားကာ ဖွာလံကြဲသွားနေ၏။

ပခုံးပေါ်တွင်လည်း ကြီးမားလှသော ရေအိတ်ကြီးတစ်လုံးကို ထမ်းပိုးထားပြီး တရုတ်ပြည် တောင်ပိုင်းနယ်စပ်မြို့ကလေးဖြစ်သည့် အီကြယ်မြို့ကလေးသို့ ရောက်ရှိလာသည်။

သူသည် မြို့ထဲရှိ လမ်းမကြီးပေါ်တွင် တလှုပ်လှုပ်နှင့် လျှောက်လာရာ ကောက်လီပျော်ပွဲစားရုံရှေ့သို့ ရောက်လာသည်။ သူသည် လမ်းမပေါ်မှနေ၍ အထဲသို့လှမ်းကြည့်လိုက်သည်။

ရုံထဲတွင် စားသုံးသူတွေ ပြည့်ကြပ်နေသည်။ အသံဗလံတွေကလည်း ပွက်လောညံနေ၏။ အချိန်ကလည်း နေဝင်ချိန်မို့ လူစီကားလွန်းလွန်းလှ၏။

လောင်စုသည် တလှုပ်လှုပ်နှင့် လျှောက်လာခဲ့ပြီး ဆိုင်ဝတွင်ရပ်လိုက်ရာ အမှုထမ်းကလေးတစ်ဦးက သူ့ကိုဒေါ



သတကြီးနှင့် မောင်းထုပ်လေ၏။ လောင်စုသည် ညစ်ပတ်ပေကျံနေသော မုတ်ဆိတ်မွေးများကို သပ်ရင်း အမှုထမ်းကလေးကိုပြုံးပြပြီး ကြည့်လိုက်သည်။

ထို့နောက် ဆိုင်ထဲသို့ တစ်လှမ်းခြင်းတိုးဝင်လာရာ အမှုထမ်းကလေးက သူ့လက်မောင်းကို အတင်းဆွဲကာ ဆိုင်ထဲမှ မောင်းထုတ်လေသည်။ လောင်စုမှာ တစ်ချက်လေးပင်လှည့်မကြည့် အေးအေးလူလူနှင့် အထဲသို့ လျှောက်သွား၏။

အမှုထမ်းကလေးမှာ လောင်စု၏လက်မောင်းကို ဆွဲရသည်မှာ သံမဏိကြိုးကြီးကို ဆွဲရသလိုပင် ခံစားလိုက်ရသဖြင့် ဖြတ်ကနဲ ပြန်လွှတ်လိုက်သည်။

ထိုစဉ် လောင်စုသည် ထောင့်ကလေးတစ်နေရာရှိ ခုံကလေးပေါ်တွင် ဝင်၍ထိုင်လိုက်ပြီး စားပွဲထိုးကလေးကို ခေါ်ကာ စားသောက်ဖွယ်ရာများကို မှာယူလိုက်သည်။ စားပွဲထိုးလေးမှာ သူမှာပေသော စားသောက်ဖွယ်ရာများကို နားစွင့်ရင်း ယုံတစ်ဝက်မယုံတစ်ဝက် ဖြစ်နေ၏။

ထိုစဉ် လောင်စုက ဝတ်ရုံအစုတ်အပြတ်ဘေးရှိ အိတ်ကြီးထဲမှ ရွှေဒင်းဂါး နှစ်ပြားကိုထုတ်ကာ စားပွဲပေါ်သို့ ပစ်တင်

လိုက်သည်။

"ကဲ. . . မြင်ပြီမဟုတ်လား. . . မင်းဟာ စားပွဲထိုး လုပ်ပြီး အတော့်ကို လိုသေးတာကိုး. . . ဒီမှာကောင်လေး မင်အလုပ်ကို မင်းလုပ်စမ်းပါကွာ. . . မင်းဟာ စားသုံးသူမှန် သမျှ နူးနူးဝဲဝဲ ကြိုဆိုရမှာ မင်းတာဝန်လေ . . . . ငါ့ကို သူတောင်းစားဆိုပြီး ဆိုင်ထဲမောင်းထုတ်ဖို့ ကြိုးစားတာ မင်းလွန်သွားပြီကွယ်၊ တကယ်တော့ မင်းဟာ သူများကိစ္စထဲ တယ်ပြီးဝင်ပါချင်တာ ကိုး. . . ဒီတစ်ခါ ခွင့်လွှတ်လိုက်မယ် ဟော့ နောက်တစ်ခါဆို မလွယ်ဘူးသာမှတ်၊ ကြားလား ကောင်လေး"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ ဦးကြီး"

စားပွဲထိုးလေးမှာ လောင်စုကို ရှက်အမ်းအမ်းကြည့် ရင်း စားပွဲဘေးမှ ထွက်သွားလေတော့၏။ သူ့စကားကို နားစွန်နားဖျား ကြားလိုက်ရသည့် ဆိုင်ရှင်ကောက်လီခင်မှာ မှာလည်း အူရားဖားရာနှင့် ပြေးထွက်လာကာ လောင်စုကို တောင်းပန်လိုက်ပြီး စားပွဲထိုးကလေးကိုလည်း အကြီးအ ကျယ် ဆူငေါက်နေလေ၏။

လောင်စုမှာ ဘာတစ်ခုမှ မပြောတော့ဘဲ စားပွဲပေါ်



ရောက်လာသည့် အရက်အိုးကြီးကို အားရပါးရ မော့သောက် လိုက်၏။ စားသုံးသူတချို့မှာလည်း လောင်စု၏ ထူးထူးဆန်း ဆန်းလုပ်ရပ်များကြောင့် အံ့အားသင့်စွာနှင့် ကြည့်နေကြ၏။

ထိုစဉ် စားပွဲပေါ်သို့ ကြက်ကင်တစ်ကောင်နှင့် ဝက် အူချောင်းပန်းပန် အမောက်ကြီး ရောက်လာရာ လောင်စု သည်တူနှစ်ချောင်းကို ကျွမ်းကျင်စွာကိုင်တွယ်ရင်း ခေါင်းငုံ့ ပြီးစားသောက်နေလေတော့၏။

ထိုအချိန်တွင် အမျိုးသမီးငယ်လေး တစ်ဦးကို လူဝကြီးသုံးဦးက အတင်းဆွဲခေါ်ကာ စားသောက်ဆိုင်ထဲသို့ ဝင်လာ၏။

အမျိုးသမီးငယ်လေးမှာ ကျယ်လောင်စွာ ငိုကြွေးရင်း အဓမ္မရုန်းကန်နေ၏။ လူဝကြီးသုံးဦးမှာ အမျိုးသမီးငယ်က လေးကို ရိုက်နှက်မောင်းပုတ်ရင်း ဆိုင်ထဲသို့ ဇွတ်အတင်း ခေါ် လာကြ၏။

စားသုံးသူများမှာ ထိုအဖြစ်အပျက်ကို ကြည့်ရင်း ရှိန်နေကြ၏။ စင်စစ် လူဝကြီးသုံးဦးမှာ နယ်နယ်ရရ မဟုတ်၊ အီကြယ်မြို့ပေါ်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေ သော လူမိုက်ညီအစ်ကို သုံးဦးဖြစ်၏။

မိုက်ကန်းသည့် နေရာတွင်လည်း နှစ်ယောက်မရှိ သူတို့ မကျေနပ်လျှင် တစ်မြို့လုံးကိုပင် ကြိမ်းမောင်းဆဲဆိုနေတတ်၏။ သူတို့ မူးလာပြီဆိုလျှင် မြို့သူမြို့သားအားလုံး နေစရာပင်မရှိကြ။ သူတို့အသံကြားသည်နှင့် အိမ်တံခါးပိတ်ကာ ပုန်းအောင်းနေရသည်အထိ အရှိန်အဝါကြီးလေ၏။

အမှန်တော့ သူတို့ဖခင်မြို့စားကြီး ကျင်းဖုန်းမှာ မွန်ဂိုတပ်နှင့် ပုလဲနံသင့်နေ၏။ ငွေကြေးဥစ္စာကလည်း ပြည့်စုံလှသလို အသိုင်းအဝိုင်းကလဲကြီးလေ၏။

သားသုံး ယောက်ဖြစ်သော ဝေရီ၊ ရန်ကျားနှင့် ထိုက်ရှင်တို့မှာလည်း ဖခင်အရှိန်အဝါနှင့် တစ်မြို့လုံး လှည့်ပတ်ပြီး သောင်းကျန်းနေတတ်၏။

မြို့ခံလူထုကလည်း သူတို့သုံးဦးကို လုံးလုံးကြည့်မရချေ။ သို့ပေတည်း မြို့စားကြီး ကျင်ဖုန်း၏မျက်နှာကို ကြည့်နေရသလို မွန်ဂိုစစ်သားများ၏ ရန်ကိုလည်း ကြောက်နေရ၏။ ထို့အပြင် ညီအစ်ကိုသုံးယောက် အထိမ်းတော်ကြီး ရှောင်ဝမ်ရားကို တစ်မြို့လုံးက ကြောက်လန့်နေရ၏။ ရှောင်ဝမ်ရားမှာ ထိပ်သီးသိုင်းသမားကြီး တစ်ဦးဖြစ်ပြီး မိစ္ဆာဂိုဏ်းသားများပေါ်တွင်လည်း ဩဇာညောင်းလှသူဖြစ်၏။



ထို့အပြင် မြို့စားကြီးကျင်ဖုန်း၏ ညာလက်ရုံးလည်း ဖြစ်ပေရာ သူ့ကိုမြို့ခံလူများက ရဲရဲမော်မကြည့်ဝံ့ကြချေ။ ယခုလည်း ဝေရီတို့ညီအစ်ကို ုံးဦးကို မြင်လိုက်သည်နှင့် စားသောက်နေကြသူများမှာ အလျိုလျို ထပြေးကုန်၏။

ကောင်မလေးခမျာမှာလည်း သုံးယောက်နှင့် တစ်ယောက်မို့ မပြောဝံ့တော့ဘဲ တဟင့်ဟင့်ရှိုက်ရင်း သူတို့သုံးဦးခေါ်ရာနောက်သို့ လိုက်ခဲ့ရ၏။ ညီအစ်ကိုသုံးဦးထဲတွင် ရန်ကျားက ကြောက်စရာအကောင်းဆုံး၊ ကျန်နှစ်ယောက်ထက် ခေါင်းတစ်လုံးပိုမြင့်သလို ခန္ဓာကိုယ်ကလည်း တုတ်တုတ်ခိုင်ခိုင် ရှိလှ၏။

ထိုပြင် ရှောင်ဝမ်ရားကလည်း ရန်ကျားကို သိုင်းပညာနှင့်ပတ်သက်၍ ဆရာစားမချန် သင်ထားပေးရာ အထက်ဆုံးနှင့် အမောက်မာဆုံး ဖြစ်၏။

ရန်ကျားမှာ အမျိုး သမီးငယ်ကလေးကို ပခုံးမှဖက်ပြီး သီးသန့်ခန်းကလေးထဲ ခေါ်ဆောင်သွား၏။ ဝေရီနှင့် ထိုက်ရှင်တို့နှစ်ဦးမှာ နောက်မှ လိုက်သွားလေသည်။ ကလေးမလေးမှာ အခန်းထဲရှိ ထိုင်ခုံကလေးပေါ်တွင် ထိုင်ရင်း တဟင့်ဟင့်နှင့် ငိုရှိုက်နေ၏။

ရန်ကျားကတော့ အရက်အိုးကြီးကို မော့သောက်ရင်း ကလေးမလေးကို ဖက်ရမ်းနမ်းရှုံ့နေသည်။ ဆိုင်ပိုင်ရှင် ကောက်လီမှာလည်း မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။ အမှန်မတော့ အမျိုးသမီးများစွာကို ရန်ကျားတို့ညီအစ်ကို ဖျက်ဆီးပစ်ခဲ့သည်မှာ များလှချေပြီ။

ယခုလည်း အမျိုးသမီးကလေးတစ်ဦးကို မတရား စော်ကားဖို့ ပြင်နေကြ၏။ အမျိုးသမီးလေးခမျာမတော့ အား မတန်မာန်လျှော့နေရ၏။

ထိုအချိန်တွင် အခန်းထောင့်တွင် ထိုင်၍ တစ် ယောက်တည်း ငုံ့စားနေသော လောင်စုသည် မျက်လုံး တစ်ချက် လှန်ကြည့်ပြီး စားစရာရှိသည်ကို ဆက်စားနေ၏။ ဝေရီမှာ အရက်မူးလာသည်နှင့် အခန်းထဲမှထွက်လာရာ ဆိုင်ပိုင်ရှင် ကောက်လီကို ဂျိကျတော့၏။

"ဟေ့ကောင်. . ကောက်လီ. ."

"ဘာကိစ္စရှိပါသလဲ ဆရာလေး. . ."

"ငါတို့အိပ်ခန်းလိုချင်တယ်ကွ. . သော့ပေးစမ်း"

"ဗျာ. . အခန်းက လူပြည့်နေပြီ ဆရာလေးရဲ့"

"ဟာ. . ပြည့်တာမပြည့်တာ ငါမသိဘူးကွာ. . ငါလို



ချင်တာ အခန်းတစ်ခန်းပဲ ဟေ့. . ."

"ဒုက္ခပါပဲ. . ဟို. . နောက်ဆုံးအခန်းကို ဟိုထောင့် က အဘိုးကြီး ငှားပြီးပြီဗျ. ."

"ဟင်. . ဘယ်က အဘိုးကြီးလဲကွ. ."

"ဟိုမှာလေ. . ."

ကျောက်လီသည် လောင်စုကို လက်ညှိုးထိုးပြရင်း မရဲတရဲ ပြောလိုက်၏။ ဝေရီသည် လောင်စုကိုတစ်ချက် လှမ်း ကြည့်ရင်း ထွီကနဲတံတွေး တွေးပစ်လိုက်၏။

"အောင်မယ် ရာရာစစ သူတောင်းစားက မတန်ရာ တွေ လုပ်နေပါလား ဟေ့. . . ကဲ. . ဟေ့ကောင် ကောင်းလီ"

"ဗျာ. . ဆရာလေး. ."

"သော့သွားတောင်း စမ်းကွာ. . ."

"မ. . မဖြစ်ဘူး ထင်တယ် ဆရာလေးရယ်. ."

"သွားတောင်းစမ်းဗျာ. . ."

"ဟုတ်. . . ဟုတ်ကဲ့. ."

ကောင်းလီမှာ ကြောက်ကြောက် ရွံ့ရွံ့နှင့်ကောင်တာ မှထွက်ကာ လောင်စုထိုင်နေသည့် စားပွဲခုံအနားသို့ လျှောက် လာ၏။

"ဆရာကြီး ခင်ဗျား. . ."

"ဘာကိစ္စလဲကွ. . ."

"ဟိုဆရာကြီး ငှားချင်တဲ့ အခန်းကလူရှိပြီးသား ဖြစ်နေလို့ အခန်းလွတ်မရှိတော့ဘူးဆိုတာ ပြောပါရစေ"

"ဟေ. . စောစောကတော့ မင်းပဲ အခန်းလွတ်တယ်ပြောပြီး ငါ့ကိုသော့တောင် ပေးလိုက်တယ် မဟုတ်လား။ မင်းစကားတွေက တောင်တစ်ခွန်းမြောက်တစ်ခွန်း ပါလားကွ ဟေ့"

လောင်စုသည် လေသံသြသြကြီးနှင့် ပြန်ပြောလိုက်ရာ ကောင်းလီမှာ ဇက်ကလေးပိုပြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ထိုစဉ် သူတို့အနီးသို့ ဝေရီတစ်ယောက် ဒယီးဒယိုင်နှင့် လျှောက်လာ၏။ အနားရောက်သည်နှင့် ခါးနှစ်ဖက်ထောက်ပြီး. . .

"ဟေ့. . . လူကြီး ခင်ဗျားကိုယ် ခင်ဗျားလဲ ပြန်ကြည့်ပါဦး. ."

"ဟေ. . ဘာဖြစ်လို့လဲကွ. . ."

"ဟာ. . ခင်ဗျားဟာ သူတောင်းစားပဲဗျာ ... သိန်းလူတွေတည်းတဲ့အခန်းမှာ လာတည်းရတာလဲဗျ. ."



"ဟာ. . ဘယ်လိုသူတောင်းစားမို့ တည်းခိုခန်းမှာ မတည်းဖြဲဘူး ဟုတ်လား. ."

"ဟုတ်တယ်. . သော့ပေးစမ်းဗျာ. . ."

"ရော. . . ဇွတ်ကြီးပါလား. . လူငယ် တယ်ပြီးမောက်မာလှသကိုး၊ ဒီမှာ သူငယ် သူတောင်းစားပဲဖြစ်ဖြစ် ဘုရင်ပဲဖြစ်ဖြစ် အားလုံးဟာ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တာကြီးပဲကွ။ အင်း. . . သူငယ်ကတော့ ခေါင်းအပြင်ချိုပါ ပေါက်နေပါရောလား"

"ဘာ. . ခင်. . ခင်ဗျား. . ကျုပ်ကို နွားလို့ပြောတာလား. . ."

"အိုး. . ဟား. . . ဟား. . . ဟား. . . ဟား ကျုပ်မပြောရသေးပါလား။ ကဲ. . သွားစမ်းပါ မောင်ရယ်. . . ကိုယ့်အလုပ်ကိုယ် လုပ်စမ်းပါ။ ဒီမှာစားရတာ အရှိန်ပျက်သွားပြီ"

"အောင်မယ်. . သူတောင်းစာက သူတောင်းစားစကားမပြောပါလား။ ကဲ. . ဟေ့ကောင် ကောင်းလီ"

"ဗျာ. . ဆရာ. ."

"မင်း. . အဲဒီ သူတောင်းကာစားကြီးကို ဆွဲထုတ် ...း

ကွာ. . ."

"ဟင်. . ."

ကောင်းလီမှာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်နေ၏။ ထိုစဉ် လောင်စုသည် အရက်အိုးကို မ,သောက်လိုက်ပြီး ပါးစပ် ပလုပ်ကျင်းလိုက်၏။

ထို့နောက် ထိုင်ရာမှ ထလာကာ ဝေရီ အနားရောက်သည်နှင့် ပါးစပ်ထဲမှအရက်များနှင့် ဖူးကနဲ မှုတ်ထုတ်ပစ်လိုက်လေသည်။

"အောင်မယ်လေးဗျာ. . ."

"ဟင်. . ခင်ဗျား မိုက်ရိုင်းလှချည်လား"

"ဟေ. . . ငါက မိုက်ရိုင်းတယ် မင်းကများ ပြောရသေးတယ်ကွာ. . ဟား. . ဟား. . ဟား. . ."

လောင်စုသည် တဟားဟား ရယ်မောရင်း နှုတ်ခမ်းမွေးတစ်ဝိုက်တွင် ပေကျံနေသော အရက်များကို အင်္ကျီလက်မောင်းနှင့် သုတ်လိုက်၏။

ဝေရီမှာတော့ လောင်စုမှုတ်လိုက်သော အရက်အရှိန်ကြောင့် အရက်ကရောင်းသည့် ကောင်တာသို့ ဝုန်းကနဲ လွင့်စင်သွား၏။ ရုတ်တရက်မို့ အမူးပြေသွားပြီး ရှက်ကိုး



ရှက်ကန်းနှင့် လူးလဲထကာ လောင်စုကို ရန်စကားပြောလိုက်သည်။

လောင်စုသည် စားပွဲဘေးတွင် ပြန်ထိုင်ကာ တူနှစ်ချောင်းကိုင်ပြီး ဝက်အူချောင်း တစ်ချောင်းကိုညှပ်ရင်း ချဉ်ရည်နှင့်တို့ကာ စားလိုက်၏။

ထိုစဉ် ဝေရီသည် ဒေါသတကြီး ဖြစ်လာကာ တွေ့ရာကုလားထိုင် တစ်လုံးကိုဖြတ်ခနဲ ကောက်ယူရင်း လောင်စုကို ပစ်ပေါက်လိုက်၏။

"ကဲကွာ. . ."

"ဝှစ်. . ."

"ဝုန်း. . ဒိုင်း. . ."

"အောင်မယ်လေးဗျာ. . ."

အံ့အားဖွယ်ရာပင် သူပစ်ပေါက်သော ထိုင်ခုံကြီးမှာ ဝုန်းကနဲမြည်သံနှင့်အတူ သူ့ထံသို့လွင့်လာကာ ခေါင်းပေါ်ကျလာလေသည်။ ဝေရီမှာ ရုတ်တရက်မို့ မရှောင်သာ ထိုင်ခုံအောက်တွင် မှောက်လျက်သား လဲကျသွားလေ၏။

လောင်စုကတော့ အစားအသောက် မပျက်ဖြစ်နေသည်။ ထိုအချိန်တွင် ဟိုက်ရှင် ထွက်လာရာ ဝေရီ၏ အဖြစ်

အပျက်ကို မြင်တွေ့သွားသည်။

"ဟာ. . ဘယ်လိုဖြစ်တာပါလိမ့်. ."

"အား. . တိုက်ရှင်၊ သူ. . . သူ ငါ့ကို"

"ဘာ. . ."

ဝေရီက လဲကျသောနေရာမှ လောင်စုကိုလက်ညှိုး ထိုး ပြီး ပြောလိုက်လေရာ တိုက်ရှင်သည် ခါးကြားမှဓားကို ဆွဲ ထုတ်လိုက်ပြီး လောင်စုရှိရာသို့ ပြေးခုန်ဝင်လာသည်။

"သေပေတော့ သူတောင်းစားကြီး"

"ဝှစ်. ."

"ဖတ်. . ."

"ချမ်. . ဂလွမ်. . ."

"ဟာ. . ခင်ဗျား ဘယ်သူလဲ"

"ဟား ဟား ဟားဟား လာပြန်ပြီ တစ်ယောက်"

တိုက်ရှင်မှာ လောင်စုကို ဓားနှင့်ဝင်ခုတ်ပိုင်း လိုက် လေရာ လောင်စုသည်လက်ထဲမှ တူနှစ်ချောင်းနှင့် ဝင်လာ သော ဓားကို ဖျတ်ကနဲ ဖမ်းညှပ်လိုက်သည်။ ထို့နောက် ဓား ကို ချွမ်ကနဲမြည်အောင် ချိုးချလိုက်ပြီး ထရပ်လိုက်သည်။

"ဒုက္ခပါပဲ. . . ငါတော့ အရက်ကောင်းကောင်း မ



သောက်ရတော့ပါဘူး ကွာ. . တော်တော်ရှုပ်တဲ့ ကောင်တွေ ပဲ. . အင်း. . . ကိုယ့်အလုပ် ကိုယ်မလုပ်ကြဘဲကိုး"

"ပြောစမ်း. . . မင်းက ငါ့ကိုဘာကြောင့် ဓားနဲ့ခုတ် တာလဲ ကွာ. . ."

"ခင်. . ခင်ဗျားဘာလို့ ကျုပ်အစ်ကိုကို လုပ်တာလဲ"

"သြော်. . မင်းက စောစောကကောင်ရဲ့ ညီကိုး၊ ကဲ. . မင်းတို့ဟာ တော်တော်ကို မိုက်ရူးရဲတွေပဲ၊ ကဲ. . . မင်း တို့အားလုံး ထွက်သွားစမ်းကွာ. . ကြာရင် ငါ့အဆိုး မဆိုးနဲ့ ဟေ့. . ."

လောင်စုသည် ဝေရီတို့ညီအစ်ကိုကို တစ်ချက်ငေါက် ရင်း စားသောက်ဆိုင် အပေါ်ထပ်သို့ တက်သွားလေတော့ ၏။

ထိုအချိန်တွင် ထိုက်လီမှာ လက်ထဲက ဓားကျိုးကို ကြည့်ရင်း အံ့အားသင့်နေ၏။ ကြမ်းပြင်ပေါ်တွင် လဲကျနေ သော ဝေရီသည် သူ့အနားသို့ ရောက်ရှိလာ၏။

"ညီလေးထိုက်ရှင်"

"ဗျာ. . အစ်ကိုလေး. ."

"ရန်ကျားကို အမြန်သွားခေါ်စမ်း"

"ဟုတ်. . ဟုတ်ကဲ့. . ."

ထိုက်ရှင်သည် အခန်းထဲပြေးဝင်သွားကာ ရန်ကျားကို ခေါ်လိုက်သည်။

"အစ်ကိုကြီး"

"ဟေ. ."

"ဟို. . . အပြင်မှာ ရန်. . ရန်သူ"

"ဘာ. . ဟာ. . အရေးထဲကွာ. . ငါရှာခိုင်းတဲ့ အိပ်ခန်း မရသေးဘူးလား"

"ဟာ. . ဒီကိစ္စနဲ့ရန် ဖြစ်နေတာ အစ်ကိုကြီးရဲ့"

"ဟေ. . ဘယ်သူလဲကွ. ."

"ဘာ. . ရာရာစစတွေ. . မင်း ဒီမှာနေခဲ့နော်. . ထွက်ပြေးမယ်တော့ မကျန်နဲ့. ."

"ဟုတ်. . ဟုတ်ကဲ့ပါရှင်. ."

အမျိုးသမီးငယ်မှာ ကြောက်ကြောက် ရွံ့ရွံ့နှင့် လက်ကလေးပိုက်ပြီး ခေါင်းညိတ်လိုက်၏။ ရန်ကျားသည် ခါးကြားမှဓားကို ရှမ်းကနဲထုတ်လိုက်ပြီး အခန်းအပြင်သို့ ထွက်ခဲ့လေ၏။

ထိုအချိန်တွင် လောင်စုမှာ အခန်းတံခါးကိုဖွင့်ပြီး



အခန်းထဲသို့ ဒယီးဒယိုင်နှင့်ဝင်သွားကာ ကုတင်ပေါ်တွင် ပစ်လှဲရင်း တရှူးရှူးနှင့် အိပ်မောကျသွားလေတော့၏။

ထိုစဉ် ရန်ကျားတို့ ညီအစ်ကိုသုံးဦးသည် အပေါ်ထပ်သို့တက်သည့် လှေကားအတိုင်း ခြေသံမကြားအောင် တက်ခဲ့ကြပြီး အခန်းတံခါးနားရောက်သည်နှင့် လက်ဖြင့်အသာလေးတွန်းကြည့်၏။

တံခါးက ပိတ်ထားဆဲ၊ ရန်ကျားသည် ဝေရီကို မျက်နှာရိပ် မျက်နှာကဲ ပြလိုက်၏။ ဝေရီသည် သူ၏ ကြီးမားသော ခန္ဓာကိုယ်နှင့် တံခါးကို တအားပြေး ဆောင့်လိုက်သည်။

"ဝုန်း. . ."

"ဒိုင်း. . ."

"ဝှစ်. ."

"ကဲကွာ. . ."

"ရှမ်. . ရှမ်း. . ."

ရန်ကျားသည် တံခါးပွင့်သွားသည်နှင့် ခုတင်ပေါ်တွင် စောင်ခြုံအိပ်နေသူကို လက်ထဲကဓားနှင့် သုံးလေးချက် ကန့်လန့်ဖြတ် ခုတ်ပစ်လိုက်ရာ ခြုံစောင်ကြီးမှာ သုံးပိုင်းပြတ်

ထွက်သွားသည်။

"ဟား. . . ဟား ဟား ငါ့ကို ယှဉ်လို့ မရပါဘူးကွာ"

ရန်ကျားသည် သူ၏လျင်မြန်မှုကို သဘောကျနေ၏။ လက်ထဲကဓားဦးနှင့် စောင်တွေကို ဖယ်လိုက်သည်။

"ဟင်. . "

"ဟာ. . . ဘယ်ရောက်သွားပါလိမ့်"

သုံးဦးစလုံး အံ့အားသင့်နေ၏။ ထိုစဉ် အခန်းထုတ်တန်းပေါ်မှ ရယ်မောသံကြီး ထွက်ပေါ်လာလေ၏။

"ဟား ဟားဟား သတ္တိခဲတွေပဲ. . ဟေ့၊ အိပ်နေတဲ့ လူကိုမှ ဓားစွမ်းပြနေကြတာကိုး၊ ဟား ဟား ရယ်စရာပဲဟေ့"

"ဘာ. . ."

"ခင်. . ခင်ဗျားကြီး"

သုံးယောက်စလုံး ဒေါသထွက်နေ၏။ လောင်စုသည် ထုပ်တန်းပေါ်ခွထိုင်ကာ တဟားဟားနှင့် ရယ်မောနေ၏။ ထိုစဉ် ရန်ကျားသည် ဝုန်းကနဲထွက်သွားကာ လက်ထဲကဓားရှည်ကြီးနှင့် လောင်စု၏လည်တိုင်ကို ပိုင်းချလိုက်သည်။

လောင်စုမှာ တစ်ချက်ကလေးမှ အပြုံးမပျက်သလို နောက်သို့ပင် တွန့်မသွားချေ။ လက်ထဲမှ တူကလေးနှစ်



ချောင်းနှင့် ရန်ကျား၏ဓားကို ဖျက်ကနဲဖမ်းညှပ်လိုက်ပြီး တွဲလောင်းချထားသော ညာခြေဖျားနှင့် ရန်ကျား၏ နံစောင်းကို ကန်ထည့်လိုက်လေသည်။

"ဝုန်း. . "

"အင့်. . "

"ဘုန်း. . "

"အောင်မယ်လေးဗျ. . "

ရန်ကျားမှာကြမ်းပြင်ပေါ်သို့ ခွေးကျကျလာ၏။ လက်ထဲတွင်လည်း ဓားကြီးထက်ပိုင်းကျိုးနေ၏။ ဝေရီနှင့် ထိုက်ရှင်တို့မှာလည်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဖြစ်နေ၏။ ထိုစဉ် လောင်စုသည် ထုပ်တန်းပေါ်ကနေ လွှားကနဲ ခုန်ဆင်းလာလေ၏။

"ဟေ့ လူမိုက်သုံးကောင် မင်းတို့အခုချက်ချင်း အခန်းထဲက ထွက်သွားကြစမ်း၊ ပြီးတော့ ဟိုကောင်မလေးထားခဲ့နော်၊ ငါပြောတာကြားလား"

"ဟင်"

"ခင်ဗျာ"

"ငါပြောတာ မင်းတို့ လုပ်မလား၊ မလုပ်ဘူးလား ပြော

ပေတော့"

"တောက်. . . နေနှင့်ဦးပေါ့ဗျာ"

ရန်ကျားတို့ ညီအစ်ကိုသုံးဦးသည် လောင်စုကို မားကြိမ်းကြိမ်းကာ စားသောက်ခန်းထဲမှ ထွက်ခွာသွားခဲ့ကြလေသည်။

သီးသန့်အခန်းထဲတွင်တော့ မိန်းမငယ်လေး တဟင့်ဟင့် ငိုရှိုက်နေလေ၏။ ထိုစဉ် လောင်စုသည် အိမ်ကြီး၏ အပေါ်ထပ်မှ ဆင်းသည်။ သီးသန့်အခန်းလေးအတွင်းသို့ ဝင်လိုက်၏။

"ဟင် . . . . ဘာဖြစ်လို့ငိုနေရတာလဲ ကလေးမရဲ့"

"ဟို. . . ဟို သူ. . . သူတို့ကျွန်မကို မတရားစော်ကားလို့ပါဦးကြီးရယ်"

"သွားပါပြီကွယ် ဦးကြီး သူတို့ကို မောင်းထုတ်လိုက်ပါပြီကွယ်"

"ဟင်. . . ဟုတ်လား"

"ဟုတ်ပါတယ် ကလေးမရယ်၊ ကလေးမဘယ်ကို သွားမှာလဲ ပြောစမ်း"

"အို. . . ကျွန်. . . ကျွန်မ ဟို. . ဘယ်ကိုသွားရမှန်း



မသိပါဘူး ဦးကြီးရယ်"

"ဟေ"

လောင်စုမှာ မိန်းမငယ်၏ စကားကြောင့်မျက်လုံးနှစ်ဖက်ပင့်သွား၏။ ထူးဆန်းလှသည်မို့ စားပွဲရှေ့ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်ပြီးမေးလိုက်သည်။

"ဘယ်လို ဖြစ်တာပါလိမ့်ကွယ်"

မိန်းမငယ်လေးသည် မျက်ရည်စမ်းစမ်းနှင့် သူ့ကိုမော့ကြည့်ကာ ပြောလိုက်သည်။

"ဒီ. . . ဒီလိုပါဦးကြီးရယ် ကျွန်မနာမည် ရှောင်ချောင်းပါ ကျွန်မဟာ စောစောက လူသုံးယောက်ရဲ့အိမ်မှာ အစေအပါးလုပ်နေတဲ့သူပါ ပြီးတော့ ကျွန်မအဒေါ် ချူကျူးဟာလဲ သူတို့အိမ်မှာ နှစ်ရှည်လများ အလုပ်လုပ်ခဲ့သူပါ။ အခုလဲ အဒေါ်မရှိတုန်း ဒီကိုဆွဲခေါ်လာတာပါရှင်"

"အင်း. . . တော်တော်စော်ကားကြတဲ့ လူငယ်တွေပါလား သူတို့အဖေက ဘယ်သူလဲကွယ့်"

"ဟို. . . မြို့စားကြီး ကျန်းဖုန်းပါဦးကြီး"

"ဟေ. . . မြို့စားကြီး ကျန်းဖုန်း ဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီး"

"ဒါဆို သူ့အဖေနဲ့ တိုင်ပြောရမှာပေါ့ကွ၊ ပြီးတော့ မင်းလုပ်ခတွေလဲ တောင်းရမှာပေါ့ကွာ"

"အို . . . ကျွန်မ မလိုချင်တော့ပါဘူး ဦးကြီးရယ်"

"ဟာ . . . ဒါမတရားသက်သက် စော်ကားမှုပဲကွ၊ ကဲ . . . လာကလေးမ ဦးကြီးကိုယ်တိုင် ဒီပြဿနာကို ဖြေရှင်းမယ်"

"အိုး . . . မလုပ်ပါနဲ့ဦးကြီးရယ် မြို့စားကြီးကို တစ်မြို့လုံးက ကြောက်နေရတာ၊ ပြီးတော့ ဟို ရှောင်ဝမ်ရားဆိုတာ သိပ်ကြောက်စရာကောင်းတဲ့ ဘီလူးကြီး ဦးကြီးရဲ့"

"ဟင် . . . ရှောင်ဝမ်ရားဆိုတာ ဘယ်သူလဲ"

"ဟို . . . မြို့စားကြီးရဲ့ ညာလက်ရုံးပါ သူတို့တစ်စုကို တစ်မြို့လုံးက ရဲရဲတောင်မကြည့်ရဲကြပါဘူး ဦးကြီးရယ်"

"ဟော . . . ဒီလောက်တောင်ပဲလားကွ"

"ဟုတ်ပါတယ် ဦးကြီးရယ်"

"အင်း ဒီလောက်ရမ်းကား စော်ကားနေတာတော့ ဦးကြီးလက်ပိုက် မကြည့်နေနိုင်ဘူးကွယ်"

"အို . . . သွားမလုပ်ပါနဲ့ ဦးကြီးရယ်၊ သူတို့က မွန်ဂိုတွေနဲ့လဲ အဆက်အသွယ်ရှိနေတယ် ဦးကြီးရဲ့"



"ဟင် ဟုတ်လား ဒါဆိုပိုဆိုးပြီပေါ့၊ ကဲ . . . ရှောင်ချောင်း မင်း ဟော့ဒီသောကို ယူပြီး အပေါ်ထပ်အခန်းထဲမှာ သွားနေချေ။ ငါ မကြာခင် ပြန်လာခဲ့မယ်"

"ဟင် . . . . ဦးကြီးက ဘယ်ကိုသွားမလို့လဲ ဟင်"

"မြို့စားကြီးဆီကိုပေါ့"

လောင်စုသည် ရှောင်ချောင်းဆိုသော မိန်းကလေးကို ပြောပြီးသည်နှင့် စားသောက်ခန်းမကြီးပေါ်မှ ဆင်းသွားလေတော့၏။

* * * * *

## အခန်း(၁၆)

"ဘယ်သူနဲ့ တွေ့ချင်လို့လဲဗျ"

"ကျုပ် မြို့စားကြီး ကျန်းဖုန်းနဲ့ တွေ့ချင်လို့ပါ"

"ဗျာ. . . . ဟာ မဖြစ်နိုင်တာဗျာ"

"ဟေ. . . . ဘာဖြစ်လို့လဲဗျ"

"ဟာ. . . . ဦးကြီးဘာလိုချင်သလဲ ပိုက်ဆံလား၊ ဒါမှမ ဟုတ်၊ စားစရာလား"

"ဘာ"

စံအိမ်ကြီးအဝတွင် စောင့်ကြပ်နေသော လူနှစ်ဦး၊ အဝတ်အစား စုတ်ချာချာနှင့် ဝင်လာသော လောင်စုကို သူတောင်းစားကြီးအထင်နှင့် မေးလိုက်ခြင်းဖြစ်လေရာ



လောင်စုမှာ အကြီးအကျယ်ဒေါသဖောင်းသွားလေသည်။ ထို့ကြောင့် အစောင့်နှစ်ဦးကို မပြောဘဲအတွင်းသို့ ခြေလှမ်းကျဲကျဲနှင့် ဝင်လာခဲ့လေသည်။

"နေ. . . နေပါဦးဗျ၊ ဒီ. . . ဒီမှာဦးကြီး"

"ဟင်. . . ဘာဖြစ်လို့လဲကွ မင်းတို့နှစ်ယောက်တယ်ပြီး ရှုပ်သကိုး"

လောင်စုသည် သူတို့နှစ်ဦးဖက်သို့ ခါးထောက်ကြည့်ရင်း မျက်နှာကို ရှုံ့တွတွလုပ်ကာပြောလိုက်၏။ ထိုစဉ် အစောင့်နှစ်ဦးသည် လောင်စု၏လက်မောင်းနှစ်ဖက်ကို အတင်းအဓမ္မဆွဲယမ်းကာ အိမ်ထဲမှ မောင်းထုတ်ရန်ကြိုးစားလိုက်၏။

"ရှုပ်ပါ့ကွာ"

"ဝုန်း. . . ဝုန်း"

"အင့်. . . . . အောင်မယ်လေးဗျ"

အစောင့်နှစ်ဦးစလုံးမှာ အိမ်အပြင်ဖက်သို့ လွင့်စင်ကာလဲကျသွား၏။ လောင်စုသည် ကောဇောနီကြီး ခင်းထားသည့် လမ်းအတိုင်း ခပ်တည်တည်နှင့် လျှောက်ခဲ့လေတော့၏။ထိုအချိန်တွင် မြို့စားကြီးရှေ့တွင် ရန်ကျားတို့

လူစုရပ်က ကျောခိုင်း၍ ပြောဆိုနေသည်ကို လောင်စု မြင်လိုက်သဖြင့် ချောင်းဟန့်သံပေးလိုက်သည်။

"အဟမ်း"

"ဟင်"

"ဟာ. . . သူ. . . သူပဲအဖေ၊ အဲ့ဒီသူတောင်းစားကြီးပဲ ဗျ"

"ဟေ. . . . ဟုတ်လား"

မြို့စားကြီးသည် ကျွန်းကုလားထိုင်ကြီးပေါ်မှ ထကာ သူတို့သုံးဦးကိုကျော်၍ ကြည့်လိုက်၏။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဝင်လာသောလူကြီးတစ်ဦး အသွင်အပြင်ကလည်း သူတောင်းစားကြီးအသွင်ပေါက် နေသည်။

ထို့ကြောင့် မြို့စားကြီးသည် သူ့ကို တစ်ချက်လှမ်းကြည့်ရင်း. . .

"ဟိတ်. . ဘယ်လိုလုပ်ပြီး ဝင်လာလဲကွ. . ဒါ. . မင်းတို့ဝင်အပ်တဲ့ နေရာမဟုတ်ဘူးကွ. . ဟိတ်. . ရှောင်ဝမ်းရား"

"ဗျာ. . . သခင်ကြီး"

မြို့စားကြီးဘေးတွင် ရပ်နေသော လူကြီးက ထူး



လိုက်၏။ ရုတ်တရက်ကြည့်လျှင် ထိုသူ၏အသွင်မှာ ဘီလူးကြီးတစ်ကောင် ရပ်နေသလား အောက်မေ့ရ၏။

အထက်ပိုင်း ဗလာကျင်းနှင့် ခန္ဓာကိုယ်ပေါ်တွင်လည်း ဆေးမင်ကြောင် အနီအပြာတွေ ရေးထိုးထား၏။ သူသည်မြို့စားကြီး ခေါ်သံကြောင့် ခေါင်းငုံ့အရိုအသေပြုကာ မေးလိုက်၏။

ထိုအခါ မြို့စားကြီးက လောင်စုကို လက်ညှိုးထိုးကာပြောလိုက်၏။

"ရှောင်ဝမ်းရား"

"ဗျာ. . . သခင်ကြီး"

"ဟို. . သူတောင်းစားကြီးကို ဆွဲထုတ်လိုက်စမ်းကွာ. . ကျက်သရေ မရှိလိုက်တာ လွန်ပါရော"

"ဟုတ်ကဲ့. . သခင်ကြီး"

ရှောင်ဝမ်းရားသည် မြို့စားကြီးဘေးမှ တစ်လှမ်းချင်းဆင်းလာကာ လောင်စုအနားသို့ ရောက်လာ၏။

"ဟေ့. . . သူတောင်းစားကြီး. . ထွက်သွားစမ်းဗျာ. . ."

"အောင်မယ်. . . မင်းက ဘာကောင်လဲ. . ငါ ဂ

မြို့စားကြီးကို တိုင်စရာရှိလို့ လာတာ"

"ဘာကိစ္စလဲဗျာ"

"ဟို . . မြို့စားကြီးသား သုံးယောက်ဟာ တစ်မြို့လုံးကို စော်ကားမော်ကား လုပ်နေပါတယ်ဆိုတာပဲကွ"

"ဟာ. . . ရှည်လိုက်တာကွာ. . . ခင်ဗျားထွက်မသွားရင် ကျုပ်ကဆွဲထုတ် ရမှာပေါ့"

"ဟင်. . ."

ရှောင်ဝမ်းရားသည် သူတောင်းစားကြီး အထင်နှင့် လောင်စု၏ လက်မောင်းကိုဆွဲကာ စံအိမ်ကြီးထဲမှ နှင်ထုတ်ရန် ဟန်ပြင်လိုက်၏။

လောင်စုသည်အလိုက်သင့် လျှော့ပေးလိုက်ကာ ရှောင်ဝမ်းရား ခေါ်ရာသို့ ကားရားကားရား ပါသွားလေ၏။ ထိုအဖြစ်ကို ကြည့်ရင်း ရန်ကျားတို့ ညီအစ်ကို သုံးဦးမှာ တဟားဟား တဟီးဟီးနှင့် အော်ရယ်နေကြ၏။

ထိုစဉ် ရှောင်ဝမ်းရားသည် လောင်စုကို စံအိမ်ကြီး အဝထိ ဆွဲထုတ်သွားရာ တံခါးဝအရောက်တွင် လောင်စုသည် ခါးကြားမှ တူကလေး တစ်စုံကိုဖျတ်ကနဲ ထုတ်ပြီး ရှောင်ဝမ်းရား၏ လက်မောင်းကို စိုက်ချလိုက်၏။



"ဝှစ်. . ."

"ဖောက်"

"အောင်မယ်လေးဗျ"

"ဟင်. . . ခင် . . . ခင်ဗျား"

"ဟား. . . ဟား. . . ဟား. . "

"ကဲ. . ကွာ"

ရှောင်ဝမ်းရားသည် လက်မောင်းမှစီးကျလာသော သွေးများကို သုတ်ရင်း လောင်စုကို ခြေဖျားနှင့် ခုန်၍ကန်ထည့်လိုက်၏။

လောင်စုသည် ညာခြေတစ်လှမ်း ရုတ်လိုက်ကာ ဝတ်ရုံစုတ်နှင့် ဝေ့ဝဲရိုက်ချလိုက်၏။

"ဝှစ်"

"ဝုန်း"

"ဟာ. . . ဘယ်လိုပါလိမ့်"

ရှောင်ဝမ်းရား ရင်ထိတ်သွား၏။ သူထင်နေသော သူတောင်းစားကြီးမှာ ထိတ်သီးသိုင်းသမားကြီး ဖြစ်နေသည်ကို ရင်ဆိုင်ရင်း တွေ့လိုက်ရသည်။

ရှောင်ဝမ်းရားသည် လောင်စုကို မျက်လုံးပြူးနှင့်

လှမ်းကြည့်ရင်း ခါးကြားမှ သံမဏိကြာပွတ်ကြီး ထုတ်ကာ တရွှမ်းရွှမ်းနှင့် ညာသံပေးလိုက်၏။

"ခင်ဗျား. . . သေပေတော့"

"အောင်မယ်. . မင်း တကယ် အပြောကြီးတာကိုး"

"ကဲဗျာ"

"ဝုစ်. . . ဝုစ်"

"ဝုန်း ဝုန်း"

"ဖုံး. . . အောင်မယ်လေးဗျ"

"ဟာ. . ."

မြင်ကွင်းကြောင့် အားလုံးအံ့အားသင့် နေကြ၏။ ရှောင်ဝမ်းရှားသည် လက်ထဲမှ သံမဏိကြာပွတ်နှင့် လောင်စုကို ဖြတ်၍ရိုက်ချလိုက်စဉ် လောင်စုကသူ့ထံ ဝင်လာသော သံမဏိကြိုးကြီးကို ဆောင့်ဆွဲပြီး အရှိန်နှင့် ပြစ်လွှတ်လိုက်လေရာ ရှောင်ဝမ်းရှား၏ လည်တိုင်တွင် ဖြတ်ကနဲပြန်ပတ်သွား၏။

ထိုစဉ် လောင်စုက အနား သို့ရောက်လာပြီး ရှောင်ဝမ်းရှား၏ ရင်စို့ကို ညာလက်ဖနောင့်နှင့် ဖြည်းဖြည်းလေး ပင့်ရိုက်ပေးလိုက်ရာ ဘုန်းကနဲမြည်သံနှင့်အတူ ရှောင်ဝမ်း



ရှားတစ်ယောက် လဲကျသွား၏။

ပါးစပ်မှလည်း သွေးတွေတဗွက်ဗွက် အန်ကျလာလေသည်။ မြို့စားကြီးနှင့် ရန်ကျားတို့ညီအစ်ကို သုံးဦးမှာ လောင်စု၏ သိုင်းပညာကို မြင်ပြီးထိတ်လန့် နေကြ၏။

ထိုစဉ် လောင်စုက ရှောင်ဝမ်းရှားကို ဝတ်ရုံနှင့်ပတ်၍ ရိုက်ထည့်လိုက်ရာ အိမ်အပြင်သို့ ဖွဲအိတ်ကြီးတစ်အိတ်ပမာ လွင့်စင်သွားလေတော့၏။

ထိုအခါလောင်စုသည် အကျီကို ဆွဲဆန့်ရင်း မြို့စားကြီးဆီသို့ ပြန်၍ခပ်အေးအေး လျှောက်လာသည်။

"ဟင်. . . ခင်. . ခင်ဗျား ဘယ်သူလဲဗျ"

"ကျုပ်နာမည် မိုးလက်ဝဲ"

"ဗျာ. . . မိုးလက်ဝဲ"

"ဟုတ်တယ်. . . ကျုပ် ဒီကိုလာတာ ခင်ဗျားမေးတာကို ဖြေဖို့မဟုတ်ဘူး. . . ကျုပ် ခင်ဗျားသားတွေကိစ္စလာပြောတာ"

"ဘာကိစ္စလဲဗျ"

လောင်စုသည် ရန်ကျားတို့မိုက်ရိုင်းပုံကို ပြောပြလိုက်ပြီး ရှောင်ချောင်း၏လုပ်အားခကို တောင်းခံလိုက်သည်။မြို့

တားကြီးမှာ လောင်စုကို ကြည့်ရင်းမျက်စိပျက် မျက်နှာပျက် ဖြစ်နေ၏။ အခုလိုအပြုအမူမျိုး သူတစ်ခါမှမကြုံဘူးခဲ့။

တစ်မြို့လုံး တစ်နယ်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်နေရသော သူလိုလူကို အန်တုရဲလာသဖြင့် လောင်စုကို နားမလည်နိုင်အောင် ဖြစ်နေ၏။

ထို့ပြင် သူ၏ညာလက်ရုန်း ရှောင်ဝမ်းရားမှာလည်း ကြမ်းပြင်ပေါ် ပုံလျက်သား လဲနေပြီမို့ လောင်စု၏အရှိန်အဝါကိုထိတ်လန့် သွား၏။

ထိုစဉ် လောင်စုက ကျန်ဖုန်းထံမှ ရှောင်ချောင်း၏လုပ်အားခငွေများကို မရမက တောင်းကာစံအိမ်ကြီးမှ တစ်လှမ်းချင်း ထွက်ခွာသွား၏။

သူထွက်သွားသည်နှင့် ကျန်းဖုန်းမှာအကြီးအကျယ် ဒေါပွနေ၏။ သားသုံးယောက်ကိုလည်း ပွက်လောညံအောင် ဆူပစ်လိုက်၏။

ထိုနောက် အားကိုးစရာဆို၍ မွန်ဂိုခေါင်းဆောင်ကြီး လုထိုသာ ရှိတော့ပေရာ မြင်းရထားကို အမြန်ဆုံး စီစဉ်၍ လုထိုရှိရာသို့ အမြန်ဆုံး ထွက်ခဲ့လေတော့သည်။

ထိုအချိန် မိုးလက်ဝဲလောင်စုသည် ကောက်လီ



ပျော်ပွဲစားရုံသို့ ရောက်ရှိလာပြီး ရှောင်ချောင်းကို သူ တောင်း၍ရလာခဲ့သော အသပြာများကို ထုတ်ပေးလိုက်၏။

ရှောင်ချောင်းမှာ လောင်စု၏ အပြုအမူကို အံ့အားသင့်နေ၏။ ပေးလာသော အသပြာများကို ကတုန်ကရီနှင့် လှမ်းယူရင်း. . .

"ဦးကြီးရယ်. . . ကျွန်မယူသာ ယူရတယ်. . စိတ်ထဲမှာ ခပ်လန့်လန့်ပဲ"

"အို. . ဘာမှမကြောက်ပါနဲ့ ကလေးမ. . မင်းရဲ့ အဖြူစင်ဆုံး လုပ်အားနဲ့ ရှာထားတဲ့ ငွေတွေပဲကွယ်. . ကဲ. . ဒါဆို အခု မင်း. . ဘယ်ကိုသွားမလဲ ပြော"

"အို. . ကျွန်မမှာ ပြေးစရာလည်း မြေမရှိပါဘူး. . ဦးကြီးရယ်. . တော်ကြာ ကျန်းဖုန်းတို့ လူစုက ကျွန်မကို တွေ့ပြီး နှောင့်ယှက်မှာလဲ ကြောက်မိပါတယ် ဦးကြီးရယ်"

ရှောင်ချောင်းက ညှိုးငယ်သောမျက်နှာကလေးဖြင့် ပြောပြနေလေရာ လောင်စုတစ်ယောက် ကလေးမလေး အပေါ် ကရုဏာ သက်သွားသည်။ ထို့ကြောင့် တစ်စုံတစ်ရာကို တွေးတောဆုံးဖြတ်ရင်း. . .

"ကဲ. . အဲဒါဆို ဦးကြီးသွားရာကို လိုက်ခဲ့ပေတော့

ရှောင်ချောင်းရေ လမ်းကျမှ ကြည့်စီစဉ်ကြတာပေါ့ကွယ်"

"အိုး. . . ဝမ်းသာလိုက်တာ ဦးကြီးရယ်. . သမီး ဦးကြီးရဲ့ ဝေယျာဝစ္စမှန်သမျှ လုပ်ပေးပါမယ်ရှင်. . သမီးကို လည်း ဦးကြီးရဲ့ သမီးအရင်းလို သတ်မှတ်ပါ"

"အင်း. . စိတ်ချပါသမီးရယ်. . ဦးကြီး သမီးကလေး ကိုစောင့်ရှောက်ပါ့မယ်. . . ဒါပေမယ့် တစ်ခုတော့ရှိတယ် ကွယ်"

"ဘာလဲ ဦးကြီးရဲ့"

"ဟို. . ဦးကြီးဟာ သူတောင်းစားဆိုတော့ တစ်ရွာဝင် တစ်ရွာထွက်နဲ့ တောင်းစားနေရတဲ့ လူလေ. . ဒီတော့ ငါ့သမီးလေး ရှက်မှာစိုးပါတယ်"

"အို. . မရှိလို့တောင်းစားတာပဲ ဘာရှက်စရာ လို လို့လဲ. . ဒါပေမယ့် သမီး ရောက်လေရာမှာ ဦးကြီးကိုအ လုပ်ရှာပြီး ကျွေးပါ့မယ်"

"ကြိုက်သွားပြီဟေ့. . ဒါဆိုသွားကြစို့ ရှောင်ချောင်း ရေ. ."

"ဟုတ်ကဲ့ ဦးကြီး"

နှစ်ဦးသား ပြောပြောဆိုဆိုနှင့် ကောက်လီစား



သောက်ဆိုင်ကြီးမှ ထွက်ခဲ့ကြလေ၏။ လမ်းပေါ်မှာ သွား လာနေသူများကတော့ သူတို့နှစ်ဦးကို အထူးအဆန်းသဖွယ် ကြည့်ရှုနေကြလေသည်။

လောင်စုကတော့ ဘယ်လိုမှ မမှုချေ။ ခေါင်းငိုက် စိုက်ချရင်း ရှောင်ချောင်းကိစ္စကို စဉ်းစားနေ၏။

သို့နှင့် တဖြည်းဖြည်း ခရီးဆက်ခဲ့ကြရာ လောင်စု သည် ချိန်ကွမ်းကို သတိရလာ၏။ သူထားခဲ့သည့် ရွာကလေး တွင်ချိန်ကွမ်း ရှိလိမ့်မည်ဟု ထင်၏။

တို့ပြင် ရွာလူကြီးဟူကျင်းကို သတိရလာ၏။ ဟူကျင်း နေထိုင်သော ရွာကလေးမှာ မျိုးချစ်စိတ် ထက်သန်လှသည့် ရွာကလေးဖြစ်၏။

ရွာသူရွာသားများမှာလည်း သစ္စာသမာဓိ ရှိကြသူ များဖြစ်ကြပြီး အနေအထိုင်ကလည်း ရိုးလှ၏။ ထို့ကြောင့် လည်း ဟူကျင်းတို့ရွာတွင် ရှောင်ချောင်းအား အပ်ထားတော့ မည်ဟု ဆုံးဖြတ်ကာ ရွာကလေးရှိရာသို့ ခရီးဆက်ခဲ့ကြတော့ ၏။

ခရီးက မိုင်နှစ်ရာကျော်မျှ ဝေးလှပေရာ သူတို့နှစ်ဦး မြင်းနှစ်စီးဝယ်ပြီး ခရီးနှင်ခဲ့ကြ၏။ လမ်းတွင် သုံးညခန့် အိပ်ခဲ့

ကြပြီး လေးရက်မြောက်နံနက်ခင်းတွင် ရွာအရှေ့ဘက်သို့ ရောက်ရှိလာ၏။

လောင်စုသည် ရွာကိုခပ်လှမ်းလှမ်းမှ ကြည့်လိုက်ရာမြင်ကွင်းကြောင့် စိုးရိမ်စိတ်တွေ ဝေသွား၏။

"ဟင်. . ဘယ်လိုများဖြစ်ပါလိမ့်"

"ရှင်. . ဘာဖြစ်လို့လဲ ဦးကြီးရဲ့"

"ဟိုရှေ့က ရွာကလေးဟာ ငါ့မိတ်ဆွေ ရွာကလေးပေါ့ကွယ်. . အရင်ကအလွန်ပဲ အေးချမ်းသာယာ လှသကွဲ့ ခုတော့ ဘယ်လိုများ ဖြစ်ကြပါလိမ့် တစ်ဦးတစ်ဖွဲ့ကများ ဖျက်ဆီးသွားလေပြီလား မသိဘူး"

"ဟင်. . . ဟုတ်လား"

ရှောင်ချောင်းသည် လောင်စုညွှန်ပြသည့် ရွာကလေးကိုကြည့်လိုက်ရာ လူသူအရိပ်အယောက်ကိုလည်း မမြင်ရ။ ထို့ပြင် အိမ်ကလေး အချို့မှာလည်း မီးလောင်ကျွမ်းကာ ပြိုပျက်နေပေ၏။ ရွာလမ်းမကြီးပေါ်တွင်လည်း လူရိပ်လူခြေကိုမျှမမြင်ရ။

ကြည့်ရသည်မှာ ရွာပျက်ကြီးကို ကြည့်ရသလိုပင် သူတို့နှစ်ဦး စကားတပြောပြောနှင့် ရွာထဲသို့ဝင်ခဲ့ကြ၏။



ခွေးတစ်ကောင်စ နှစ်ကောင်စက သူတို့နှစ်ဦးကို မြင်သည်နှင့် ထိုးဟောင်နေ၏။

နှစ်ဦးသား တဖြည်းဖြည်းနှင့် လျှောက်ခဲ့ကြရာ ရွာအပြင်ဘက်ရှိ တဲကလေးတစ်လုံး တွင်သက်ကြီးရွယ်အိုလင်မယားကို တွေ့ရ၏။

သူတို့နှစ်ဦးမှာ တဲကလေးရှေ့တွင် စာသင်နေသော အဘိုးကြီး ရှေ့ရပ်ကာ ရွာအကြောင်းကို မေးသည်။

"အဘိုး. . ဒီရွာကလူတွေ ဘယ်ရောက်ကုန်ပြီလဲဗျ"

"ပြောင်းသွားကုန်ပြီကွဲ့. . . ကျုပ်တို့တောင် ဒီနှစ်ကုန်ရင်ဒီရွာက ပြောင်းတော့မယ်လေ"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ. . အဘိုးရယ်. . ဟို. . ဆရာကြီးဟူကျင်းရော. . ဘယ်ရောက်သွားပြီလဲ"

"သူတို့ပြောင်းသွားကြပြီကွဲ့"

"ဘာကြောင့် ပြောင်းသွားတာလဲ အဘိုးရယ်"

"ဒီလိုကွဲ့. . ."

အဘိုးအိုသည် သူမြင်ခဲ့သမျှ အကြောင်းအရာကို စိတ်ရှည်လက်ရှည် နှင့်ရှင်းပြတော့၏။ ထို့ပြင် ဖေကျန့်ဆိုသည့်အသံကို ကြားသည်နှင့် စိတ်ထဲတွင် မကျေမချမ်း ဖြစ်

သွား၏။

စင်စစ် ပေကျန့်မှာ သူရှာနေသော ရန်သူတော်ကြီး၏ နောက်မြီးဆွဲ ဖြစ်၏။ တစ်ပွဲတစ်လမ်း မနွဲလိုက်ရသည်ကို စိတ်ထဲတွင် မကျေမချမ်းဖြစ်၏။

အဖိုးကြီး၏စကားထဲတွင် ခမောက်နှင့် သိုင်းသမား၏ အကူအညီကြောင့် တစ်ရွာလုံး ဒုက္ခရောက်တော့မည့် အရေးမှ ဝေးခဲ့ရသည်ဟု သိခဲ့ရ၏။

သို့ပေသည့် ခမောက်နှင့် သိုင်းသမားဆိုတာ ဘယ်သူမှန်းမသိ။ နောက်ဆုံးတော့ ဟူကျင်းတို့ လူစုပြောင်းသွားသည့်နေရာကို မေးလိုက်၏။

"ဟူကျင်းတို့ လူစုဘယ်ကိုပြောင်းသွားသလဲ အဘိုး"

"သူတို့ ဟူအန်တောင်ကြီးဘက်ကို ပြောင်းသွားကြတယ်ပြောတာပဲ၊ ကျုပ်တို့ကတော့ ဝေးလွန်းလို့ မလိုက်တော့ဘူးဗျာ"

"အော်. . . ဒါဆို ကျွန်တော်တို့ လိုက်သွားဦးမှဗျ"

လောင်စုနှင့် ရှောင်ချင်းတို့နှစ်ဦး ဟူအန်တောင်တန်းရှိရာသို့ ခရီးဆက်ခဲ့ကြလေသည်။ ထိုအချိန်တွင် ချိန်ကွမ်းမှာ တာစူတောင်ကြီးပေါ်သို့ ရောက်ခဲ့သည်မှာ ခြောက်လပင်



ပြည့်မြောက်တော့မည်။

ဆရာကြီး ဆယ်ဟိုလုံ၏ သမလှိုင်းမည်သော အပျော့သိုင်းပညာကို ဟတ်မြောက်ခဲ့ပြီဖြစ်၍။ ဆရာကြီး၏ ပညာက ကျင့်ကြံသည့်အခါတွင် အလွန်ပင်ကြောက်မက်ဖွယ်ရာကောင်းလှသည်ဟု တွေ့မြင်လာ၏။

ကျင့်ကြံရသည်မှာ အန္တရာယ်ရှိသလို အခန့်မသင့်လျှင်ခန္ဓာကိုယ် သွေးကြောများပင် ပြတ်တောက်သွားနိုင်သည်။

သို့ပေတည့် မကိုင်မှုထဲမှ နည်းစနစ်များကို ဦးနှောက်တွင်သံမှိုစွဲသို့ ကျက်မှတ်ခဲ့သည်မို့ တသွေမတိမ်း ကျင့်နိုင်ခဲ့ပြီဖြစ်သည်။

နောက်ဆုံးစမ်းသပ်ကြည့်ခဲ့ရာ လိုချင်သောလှိုင်းကို သီးသန့်ခွဲထုတ်နိုင်ခဲ့ပြီ ဖြစ်၏။ ယခုအခါတွင် သူ့တွင် ထိပ်သီးသိုင်းပညာနှစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ခဲ့ပြီဖြစ်သည်။

ထိုအခါ ရိုလီတန်ကိုယ်ပွားလှိုင်းခွဲနှင့် ဆရာကြီးဆယ်ဟိုလုံ၏ သမလှိုင်းပညာကို ပေါင်းစပ်ကြည့်ရန် အတွေးပေါ်လာသည်။

သို့ပေသည့် မည်သို့မည်ပုံဖြစ်လာမည်ဆိုတာ သူတွေးပြီး ထိတ်လန့်နေ၏။ ပညာရပ်နှစ်ခုကို ပေါင်းစပ်ဖို့ဆိုသည်မှာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပါချေ။

သို့ပေသည့် သူ့စိတ်ထဲတွင် အာသီသပြင်းပြနေသဖြင့်ပေါင်းစပ်နိုင်ဖို့အတွက် အချိန်နှင့်အမျှ ကျင့်ကြံသွား၍ ဆုံးဖြတ်လိုက်လေတော့သည်။

* * * * *



## အခန်း(၁၇)

လောင်စုနှင့်ရှောင်ချင်းတို့ နှစ်ဦး ဟူအန်တောင်တန်းကြီးအနီးသို့ ရောက်ရှိလာ၏။ရှောင်ချောင်းမှာ လောင်စုနှင့်လိုက်လာရသည်ကို ဝမ်းသာအားရဖြစ်နေ၏။

လမ်းတစ်လျှောက်လုံးတွင်လည်း မောသည် ပန်းသည်ပင် မရှိ၊ အစစအရာရာ ဖျတ်လတ်တက်ကြွနေ၏။ လောင်စုကိုလည်း ဖခင်အရင်းပမာ ပြုစုခဲ့၏။

လောင်စုမှာ ရှောင်ချောင်းအပေါ်တွင် သမီးလေးအရင်းပမာ တွယ်တာကာလာခဲ့၏။ ထို့ကြောင့် သူသွားမည့်ခရီးလမ်းမှာ အန္တရာယ်များလွန်းလှသဖြင့် ယူကျင်းတို့ထံတွင်အပ်နှံရန် ယခုလိုရောက်ရှိခဲ့ခြင်း ဖြစ်ပေသည်။

သူဟို့နှစ်ဦးသည် တောင်ခြေတွင် ရွာကလေးတစ်ရွာကို မြင်လိုက်သဖြင့် ရွာထဲသို့ဝင်ခဲ့ကြ၏။ ရွာသားများက သူတို့နှစ်ဦးကို အထူးအဆန်းသဖွယ် ကြည့်ရှုနေကြသည်။ ထိုရွာအရှေ့ဖက်ရှိ တဲလေးတစ်လုံးရှေ့အရောက်တွင် အဘိုးကြီးတစ်ဦး တဲအတွင်းမှ ပြေးထွက်လာ၏။

"ဟာ. . . လောင်စု"

"ဟင်. . . အစ်ကိုကြီး"

"ဝမ်းသာလိုက်တာဗျာ. . . ခင်ဗျားကိုပြန်တွေ့ရတော့မယ်မထင်ဘူးဗျို့. . ဘယ်တွေလျှောက်သွားနေလဲဗျာ. . ကဲ. . လာ. . လာ"

"ဟုတ်ကဲ့ . . အစ်ကိုကြီး"

နှစ်ဦးသား တဲထဲသို့ ဝင်လာခဲ့ကြ၏။ ဟူကျင်းမှာ လောင်စုနှင့် ပြန်လည်ဆုံဆည်းလိုက်ရသဖြင့် ဝမ်းသာအားရဖြစ်နေ၏။ ထို့ကြောင့်လည်း ရှိသမျှစားသောက်ဖွယ်ရာတို့ကိုထုတ်ကျွေးကာ ဝမ်းပန်းတသာနှင့် သူ့အနီးတွင်ထိုင်လိုက်၏။

"ကဲ. . . ပြောစမ်းပါဦး အစ်ကိုကြီးဟူကျင်းရာ"

"အင်း. . . ပြောတောင် မပြောချင်တော့ပါဘူး



ကွယ်၊ ဘျုပ်တို့ နှစ်ပေါင်းနှစ်ဆယ်သုံးဆယ်လောက်နေတဲ့ ရွာကလေးဟာ ခုတော့ ဟိုခွေးမသား မွန်ဂိုတပ်တွေကြောင့် ပြားပြားမှောက်ခဲ့ရပြီပေါ့လေ"

"ဟုတ်တယ် အစ်ကိုကြီးရယ်. . ကျွန်တော်ရှိချင်လိုက်ပါဘိ"

"ဒါပေါ့ကွာ. . မောင်ရင်သာ ရှိလို့ကတော့ မလွယ်ဘူးပေါ့၊ ဒါပေမယ့် တိုသူငယ်လေး ကယ်တင်ပေးလို့သာပေါ့ကွယ်"

"ဗျာ. . . ဘယ်သူလဲ အစ်ကိုကြီး ဟူကျင်းရဲ့"

"ဘယ်သူရှိရဦးမှာလဲကွာ မင်းခေါ်လာခဲ့တဲ့ ချိန်ကွမ်းဆိုတဲ့ သူငယ်လေ"

"ဟင်. . . ချိန်ကွမ်း"

"ဟုတ်ပါတယ်. . သူဝင်ကယ်လို့ပေါ့. . သူသာမကယ်ရင်. . တို့တစ်ရွာလုံး အလောင်းတွေထပ်ကုန်မှာ မလွဲဘူးပေါ့"

"ဟင် ချိန်ကွမ်း အဲဒီလောက်ပဲ ဓမ်းသလား ဗျ"

"ဟာ အံ့အားသင့်စရာပဲ လောင် စုရေ၊ တိုက်ခိုက်သွားပုံကလည်း အတော့ကို ကြောက်စရာကောင်းတာပဲကွယ်၊

မွန်ဂိုတစ်ဖွဲ့လုံး မျက်ကလဲဆန်ပြာပဲပေါ့၊ အားလုံးဖရိုဖရဲ ဖြစ်ပြီး ထွက်ပြေးကုန်ကြတာကွယ့်၊ တော်တော်သတ္တိရှိတဲ့သူငယ်ပါပဲကွာ၊ ပြီးတော့ သူ့သိုင်းကွက်တွေဟာလည်း ကြောက်ခမန်းလိလိပဲဟေ့"

"ဟင်"

လောင်စုမှာ အဘိုးဟူကျင်းစကားကြောင့် အံ့အားသင့်နေ၏။ ချိန်ကွမ်းကို သူ လူရိုးလူအေးလေးတစ်ယောက်လို့ပဲမြင်၏။ ထိုပြင် သူတစ်ထူးအပေါ် စေတနာသဒ္ဓါတရားကြီးလှသူကလေးဟု သိထားခဲ့၏။

ယခုတော့ ဟူကျင်း ပြောပုံအရဆိုလျှင် မွန်ဂိုအဖွဲ့ကိုပင် ရဲရဲရင့်ရင့် ချေမှုန်းတိုက်ခိုက်သည်မှာ အံ့အားသင့်စရာပင်။ စိတ်ထဲတွင်လည်း ချိန်ကွမ်းနှင့်အတူ တွေ့ချင်နေ၏။ ထို့ကြောင့် ဟူကျင်းကို တစ်ချက်လှမ်းကြည့်ရင် . . .

"အစ်ကိုကြီး ဟူကျင်း"

"ဟေ . . ."

"ဟောဒီ ကလေးမလေး ရှောင်ချောင်းကို ဦးလေးတို့ရွာမှာ ထားခဲ့ချင်တယ်ဗျာ၊ ကျွန်တော်ဟာ ခရီးလှည့်လည်သွားလာရတဲ့ လူဆိုတော့ သူ့ကို သွားလေရာခေါ်သွားလို့



မသင့်တော်ဘူးလေ"

"အိုး . . . ထားခဲ့စမ်းပါကွယ်၊ တို့တတွေစောင့်ရှောက်ပါ့မယ်"

"ဒါဆို အတော်ပါပဲ၊ ဒါထက် အစ်ကိုကြီး"

"ဟေ . . ."

"ကျွန်တော် ချိန်ကွမ်းနဲ့လည်း တွေ့ချင်လိုက်တာဗျာ"

"ဟာ . . . ချိန်ကွမ်းက တာစုတောင်ကြီးပေါ်မှာကွ"

"ဗျာ . . . တာစုတောင်ကြီး ပေါ်မှာ"

"ဟုတ်ပေ့ကွာ အဲ့ဒီတောင်ပေါ်ကို တက်သွားတာမင်းထွက်သွား ကတည်းကပဲပေါ့ကွာ"

"မပြောတတ်ပါဘူးကွာ၊ ဘာစိတ်ကူးရတယ်တော့ မသိပါဘူးကွာ၊ ငါတို့တောင် အဲ့ဒီတောင်ပေါ်ဘက်ကို ထွက်ပြေးရင်း သူ့ကို မထင်မှတ်ပဲ တွေ့ခဲ့ရတာကွ၊ နေတာကတော့ ဂူတစ်ဂူထဲမှာပေါ့ ဘာတွေလုပ်နေမှန်းလဲ မသိဘူး၊ ဒါပေမယ့် အခုလိုက်ပို့ဆို ငါမပို့တတ်တော့ဘူး ကွ၊ သူဟာ အတော့်ကို လျှို့ဝှက်တဲ့ ကောင်လေးပါပဲကွာ"

"ရွာကို ရောက်လာသေးလား"

"ဟင့်အင်း . . . ဟိုတစ်ခေါက်ဆင်းလာပြီး ကတည်းက ခုထိ မတွေ့ရတော့ပါဘူးကွာ"

"အင်း . . . ချိန်ကွမ်းဟာ အတော့်ကို အသိရခက်တဲ့ကလေးပဲကိုး"

"ဟုတ်တယ်ကွာ၊ သူ့ ပခုံးပေါ် က စွန်နက်ကြီးကလဲ သူ့လိုပဲဟော့ အတော့်ကို လျှို့ဝှက်ဆန်းကြယ်လှတဲ့ အဖြစ်တွေပဲ၊ ကဲ . . . ဒါတွေထားပါတော့ကွာ၊ မင်း တို့ရွာမှာ ဘယ်နှစ်ရက်နေမှာလဲ"

"ဟာ . . . မနေဘူး အစ်ကိုကြီး ဟူကျင်း၊ ဒီနေ့ ပဲ ကျွန်တော် ခရီးထွက်ဦးမယ်"

"ဟင် . . . မြန်လှချည်လားကွာ"

"ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော် လူတစ်ယောက်ကို လှည့်ပတ်ရှာနေတာဗျ၊ အဲ့ဒီလူကို မတွေ့မဖြစ်ဘူးလေ"

"ဟုတ်လား၊ ဒါဆို ဒီကား သားမကို တို့ဆီထားခဲ့မယ်ပေါ့"

"ဟုတ်တယ် အစ်ကိုကြီး ဟူကျင်း"



"စိတ်ချစမ်းပါလောင်စုရာ ငါတို့ အသေအချာ စောင့်ရှောက်ထားပါမယ်"

"ကျေးဇူးပါပဲဗျာ"

လောင်စသည် ရှောင်ချောင်းကို တစ်ချက်လှမ်းကြည့်လိုက်ရာ ရှောင်ချောင်းမှာ သူ့ကို မျက်နှာငယ်ကလေးနှင့် ငေးကြည့်နေသည်။

စိတ်ထဲတွင် မချင့်မရဲဖြစ်မိသော်လည်း သွားရမည့်ခရီးကကြမ်းတမ်းလှသည့်မို့ ရှောင်ချောင်းကို ခေါ် သွားလို့ မဖြစ်ပါချေ။

ထို့ကြောင့်လည်း

"သမီးလေး ရှောင်ချောင်း"

"ရှင် . . . ဦးကြီး"

"ဦးကြီးမှာ ကိစ္စတွေအများကြီး ရှိသေးတယ်ကွယ့်"

"အိုး . . . သမီးလိုက်လို့ မဖြစ်ဘူးလားဟင်"

"မလိုက်ပါနဲ့ သမီးရယ်၊ ဦးကြီးသွားရမယ့် ခရီးဟာ ကြမ်းတမ်းလှသလို အသက်အန္တရာယ်လဲ ရှိလှပါတယ်။ ဒါကြောင့်လည်း ဦးကြီးက သမီးကို ဒီရွာမှာ ထားခဲ့ရတာပါ ဦးကြီးကို ခွင့်လွှတ်ပါ သမီးရယ်"

" ဟုတ်ပါတယ် ကလေးမရယ်၊ မင်းဦးကြီး လောင်စုဟာ တော်အနှံ့ တောင်အနှံ့ မြို့အနှံ့ ရွာအနှံ့သွားလာ နေတဲ့ လူကြီးပါ၊ ဒီတော့ ငါ့မြေးကလေး ဘယ်လိုက်လို့ ဖြစ်မလဲကွယ်၊ အဘိုးတို့နဲ့ပဲ နေခဲ့ပေါ့၊ ဒီမှာ ဘာမှမပူရပါဘူးကွယ်"

အဘိုးဟူကျင်းကပါ ဝင်၍ပြောလိုက်သဖြင့် ရှောင်ချောင်းတစ်ယောက် ဘာမှ မပြောသာတော့ချေ။ မျက်ရည်တစမ်းစမ်းနှင့် ခေါင်းညိတ်လိုက်ရလေတော့၏။

"ဘာဖြစ်လို့ ငိုနေရတာလဲ သမီးရှောင်ချောင်းရယ်၊ ဦးကြီးပြန်လာမှာပေါ့ကွယ်"

" အိုး . . . ဦးကြီး ကျန်းမာရေး ကောင်းတာလည်း မဟုတ်ဘူး၊ လမ်းမှာတစ်စုံတစ်ခုဖြစ်ရင် ဘယ့်နှယ့်လုပ်ပါမလဲ ဦးကြီးရဲ့၊ သမီးပါတော့ တတ်နိုင်သမျှ ပြုစုနိုင်တာပေါ့ ဦးကြီးရယ်"

"ရပါတယ် သမီးရယ်၊ ဦးကြီးမှာ ဖြေဆေးအနည်းအကျဉ်းတော့ ကျန်ပါသေးတယ်ကွယ်၊ ကဲ . . . ဦးကြီး သွားမှဖြစ်မယ် သမီးရယ် တော်ကြာမှောင်လာရင် ခရီး ဆက်ရခက်နေဦးမယ်"

"ဟုတ်ပါပေသားပဲ၊ ကဲ . . . စိတ်ချလက်ချသာ



သွားပေတော့ လောင်စုရေ"

" ကျေးဇူးပဲ အစ်ကိုကြီး ဟူကျင်ရေ"

လောင်စုသည် ထိုင်ရာမှထလိုက်ခါ ကြမ်းပြင်ပေါ်မှ သားရေအိတ်ကြီးကို ပခုံးပေါ် လွယ်လိုက်သည်။ ထို့နောက် ဟူကျင်းနှင့် ရှောင်ချောင်းတို့ကို နှုတ်ဆက်ခါ ခရီးထွက်ခဲ့လေတော့၏။ စင်စစ် ရှောင်ချောင်း ပြောမည်ဆိုလည်း ပြောစရာပင်။

တစ်ချိန်က သူ့တွင် လက်ဝါးအတွင်း ဒဏ်ရာရရှိ ခဲ့၏။ ထို့ကြောင့်လည်း တစ်ခါတစ်ရံ နှင်းလက်ဝါးဒဏ်ကြောင့် လူမှန်မသိအောင် ခံစားခဲ့ရ၏။

ထို ဒဏ်ရာက ပြန်ပေါ်လာပြီဆိုလျှင် လမ်းလျှောက်နေရာမှ ဗိုင်းကနဲ လဲကျသွားကာ သတိမေ့မျောသွားနိုင်၏။ တစ်ကိုယ်လုံး ရေခဲတုံးကြီးပမာ အေးစက်တောင့်တင်းသွားတတ်သည်။

နှင်းခဲမှုန်များလည်း ခန္ဓာကိုယ်တစ်ခုလုံး၏ ချွေးပေါက်ကလေးများမှ ထွက်လာတတ်ပြီး တစ်ဦးတစ်ယောက်သာ အနီးအနား မရှိလျှင် နှင်းလက်ဝါး ဒဏ်နှင့် သေဆုံးသွားနိုင်ပေသည်။

သို့ပေတည့် ဒဏ်ရာကို မမှုနိုင်ပါချေ။ ချင်ထင်းကျက်ကိုမတွေ့ တွေ့အောင်သူရှာလို၏။ ချင်ထင်းကျက်ကို မတွေ့မချင်း သူပြသေနိုင်သေးဟု ယူဆ၏။

ထို့ကြောင့်လည်း ရေအဆုံး မိုးအဆုံး မြေလှန်ရှာဖို့ ဆုံးဖြတ်ရင်း ယခုတော့ ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။ သူသည် ဟူကျင်းတို့ရွာမှ ထွက်လာခဲ့ရာ သုံးရက်အကြာတွင် ပို့စူးဆိုသော တောမကျမြို့မကျ ဒေသကလေးသို့ ရောက်ရှိခဲ့၏။

မြို့သူမြို့သားများမှာ ပြည်မယဉ်ကျေးမှုကို အလိုက်မိဖို့ ကြိုးစားနေကြ၏။ လောင်စုသည် ပို့စူးသို့ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ရောက်ရှိခဲ့ဖူး၏။

ထိုစဉ် အိမ်ကလေးတွေကလည်း ဖရိုဖရဲရွာလမ်းကလည်း မညီမညွတ် ခြုံပင်ပေါင်းပင်တွေကလည်း တစ်ရွာလုံးလွှမ်းအုပ်မိုး နေခဲ့သည်။

ယခုတော့ အခြေအနေက မယုံကြည်နိုင်အောင် ပြောင်းသွားခဲ့လေပြီဖြစ်၏။ တဲအိမ်ကလေးများမှာလည်း ခိုင်ခန့်ဝင့်ထယ်လှသော အိမ်ကြီး ရခိုင်များဖြစ်လာ၏။

တစ်ချိန်က ကြမ်းတမ်းခဲ့သော ရွာလမ်းမကြီးမှာလည်း ဖြောင့်ဖြူးချောမွေ့လာ၏။ လမ်းတစ်ဘက်တစ်ချက်



တွင်းလည်း အဆောက်အဦးတွေက ပေါများလှ၏။

စားသောက်ဆိုင်များ၊ ဈေးကြီးများ၊ ဆေးပေးခန်းများနှင့် ခန်းနားတင့်တယ်လှ၏။ တစ်ချိန်က ခြုံနွယ်ပိတ်ပေါင်းတို့ ထူထပ်ခဲ့သော နေရာများမှာလည်း ယခုတော့ ပန်းခြံဥယျာဉ်ကလေးသဖွယ် ဖြစ်နေချေပြီ။

လောင်စုသည် သူ့မျက်စိကိုပင် သူ မယုံချင်တော့၊ အံ့ဖွယ်ကောင်းလှသော ပြောင်းလဲမှုများကို ကြည့်ရင်း လမ်းမကြီးအတိုင်း လျှောက်ခဲ့ရာ လမ်းဆုံတစ်ခုအရောက်တွင် မြင်ရသော မြင်ကွင်းကြောင့် သူ အံ့အားသင့်သွားသည်။

ထိုအရာကတော့ တစ်ခြားမဟုတ်ပါချေ။ လမ်းမပေါ်တွင် ဒဏ်ရာဗလပွနှင့် သွေးရဲရဲ သံရဲရဲဖြစ်ကာ လဲကျနေသော လူတစ်ဦး။

သူ့ပတ်ပတ်လည်းတွင် လူတွေစုဝေးကာ တစ်ယောက်တစ်ပေါက် ကြားနေကြ၏။ လောင်စုသည် လူစုကြားမှ တိုးဝင်ကာ လဲကျနေသောလူကို ကြည့်လိုက်၏။

"ဟာ . . . တောကျိုးကန်းပါလား"

သူအလွန်ပင် အံ့အားသင့်သွား၏။ တစ်ချိန်က သူ ရှောင်လင်ကျောင်းကြီးပေါ်သို့ ရောက်ခဲ့ဘူးပေရာ ထိုစဉ်က

တောကျိုးကန်းကျိုစန်းမှာ ဆယ်နှစ်သားပင် မပြည့်သေးချေ။

သို့ပေသည့် သူ့ကို လိုလေသေးမရှိအောင် ချော့ခဲ့ကာ အနင်းအနှိပ်ကစပြီး ပြုစုခဲ့သော လူငယ်ကလေးဖြစ်သည်။ ယခုလည်း သူ့မျက်နှာကို မြင်သည်နှင့် ငယ်ရုပ်ကို ဖမ်းမိကာ တအံ့တသြဖြစ်ပြီး သူ့နံဘေးတွင် ထိုင်ချလိုက်သည်။

ကျိုစန်းကတော့ ဘာမှမသိတော့ချေ။ လမ်းမပေါ်တွင် လဲကျကာ တအီးအီးနှင့် ငြီးငြူနေ၏။ ကျိုစန်း၏ အသွင်အပြင်ကို ကြည့်ရသည်မှာ အဆိပ်ပုန်းလက်နက်ကို မိလာသလိုပင်။

တစ်ကိုယ်လုံး ပြာနှမ်းနေ၏။ မျက်လုံးအိမ်မှာလည်း မဲနယ်ရောင်ပေါက်နေ၏။ ခြေသည်းလက်သည်း အရောင်ဟွေ့မှာလည်း ပြာမှိုင်းနေ၏။

လောင်စုသည် ကျိုစန်း၏ အသွင်အပြင်ကိုကြည့်ရင်း ဗဟိုသွေးပြန်ကြောနေရာများကို လက်ညှိုးနှင့် ထောက်ကာ ပိတ်ဆို့လိုက်၏။

အဆိပ်ငွေ့တွေက သွေးကြောထဲ တဖြည်းဖြည်း ပျံ့နှံ့ဝင်နေသည့်ပုံပင်၊ သူ့လက်နှင့် သွေးကြောပိတ်လိုက်သည်



နှင့် ကျိုစန်း၏ မျက်နှာပြင်မှာ ရဲတက်လာ၏။

တအင့်အင့်နှင့် ငြီးငြူသံမှာလည်း ငြိမ်ကျသွား၏။

“ဟာ. . . အံ့သြစရာပဲ ဟေ့၊ ပြာနေတဲ့အသားတွေ နီလာပြီကွ”

နံဘေးမှ လူများသည် တဟွတ်ဟွတ်နှင့် ဝေဖန်ပြောဆိုနေကြ၏။ ထိုအချိန်တွင် လောင်စုသည် ကျိုစန်းကို ပခုံးပေါ်ထမ်းပြီး နီးရာစားသောက်ခန်း မထဲသို့ ဝင်ခဲ့၏။

ဆိုင်ပိုင်ရှင်သည် သူတို့နှစ်ယောက်ကို မြင်သည်နှင့် တအံ့တသြဖြစ်နေ၏။

“ဟာ . . . ဘာ . . . ဘာလုပ်လို့လဲ ဆရာကြီး”

“တည်းမလို့ ပေါ့ကွာ”

“ဟင် . . . သူ . . . သူက”

“နေမကောင်းလို့ပေါ့ကွာ မင်းမှာ တည်းခိုခန်းရှိတယ် မဟုတ်လား”

“ဟုတ်ကဲ့ ရှိပါတယ် ဆရာကြီး”

“ဒါဆို အတော်ပဲကွာ တစ်ခန်းလောက် ငှားစမ်းကွာ”

“ဗျာ”

ဆိုင်ရှင်မှာ သူ့အသွင်အပြင်ကို ကြည့်ပြီး အထင်သေးပုံပင်၊ ထိုစဉ် လောင်စုသည် အိတ်ထဲမှ ရွှေဒင်္ဂါတစ်ပြားကို ထုတ်ပြီး ဆိုင်ရှင်ကို ပစ်ပေးလိုက်၏။

"ဟင် "

"ဘယ်လိုလဲကွာ အခန်းရမှာလား"

" ဟာ . . . ရ . . . ရပါတယ် ဆရာကြီး ကျွန်တော် လိုက်ပို့ပါမယ်"

" အို . . . မင်းလိုက်ပို့စရာ မလိုပါဘူးကွာ အရေးကြီးတာက ငါတို့စားဖို့ အစားအသောက်တွေ အမြန်ဆုံးလိုက်ပို့ဖို့ပဲကွ"

" ဟာ . . . စိတ်ချဆရာကြီး"

လောင်စုသည် ဆိုင်ရှင်ညွှန်ပြသည့် သစ်သား လှေကားကြီးအတိုင်း စားသောက်ဆိုင်၏ အပေါ်ထပ်သို့ တက်ခဲ့ပြီး လွတ်နေသော အခန်းတစ်ခန်းထဲသို့ ဝင်ခဲ့သည်။

အခန်းထဲရောက်သည်နှင့် ကျိစန်းကို ကုတင်ပေါ် ချလိုက်ပြီး၊ နံဘေးတွင်ထိုင်ကာ အရေးကြီးသော သွေးကြောမများကို တထောက်ထောက်နှိပ်ရင်း ကုသလိုက်သည်။

အချိန်တစ်နာရီခန့်အကြာတွင် ကျိစန်းတစ်ယောက်



မျက်လုံးပွင့်လာ၏။ ငိုဟိုသည်သည်ကြည့်ရင်း လူးလဲထလိုက်၏။

"ဟင်"

"သက်သာရဲ့လား ကျိုးကန်းလေး"

"ဗျာ . . . ဟင် ဟို ဦးကြီးက မိုး . . . မိုးလက်ဝဲမဟုတ်လား"

"ဟုတ်ပါဗျာ"

"ဟာ ဝမ်းသာလိုက်တာ ဦးကြီးရယ်၊ ကျွန် . . . ကျွန်တော်မယုံနိုင်ဘူးဗျာ၊ ဦးကြီးသေသွားပြီဆိုလို့ ကျွန်တော် ငိုလိုက်ရတာကွာ"

"ဟင်း . . . ဟင် . . . မင်း အခုတွေ့ရပြီပဲကွယ်"

"ဟုတ်ပါ့ဦးကြီးရယ်၊ ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

"ဒါထက် . . . နေပါဦး ကျိုးကန်းကလေးရဲ့၊ မင်းက ဘယ်လိုဖြစ်တာလဲကွယ်၊ ဦးကြီးသာ ရောက်မလာရင် မင်း အခြေအနေက မလွယ်ဘူး ကောင်းလေးရယ်၊ အင်း . . . မင်း အဆိပ်လက္ခဏာကြည့်ရတာ ငါတော့ မသက်ဘူးဟော့၊ ဧကန္တ ဟို ခွေးသူတောင်စားရဲ့ လက်ချက်ပဲ ဖြစ်ရမယ်"

"ဟုတ်ပါတယ် ဦးကြီးရယ်၊ ဦးကြီးကယ်ပေလို့သာ ပေါ့ မဟုတ်ရင် ကျွန်တော် မလွယ်ဘူးဗျ"

"ကျီးကန်းလေး"

"ဗျာ"

"မင်း ရှောင်ဆက်တောင်ပေါ် ရောက်ခဲ့ပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီး"

"အိုး ဘာလို့ မိုက်မိုက်မဲမဲသွား ရသလဲကွာ၊ ဒီနယ်မြေက ငရဲပြည်ထက် ဆိုးတယ်ကွာ၊ တော်တော် အောက်တန်းကျတဲ့ သိုင်းသမားတွေ စုဝေးရာကို မင်း ဘာလို့သွားရတာလဲ"

"ဒီလိုပါဦးကြီး"

"တောကျီးကန်းကျိစန်းသည် ရှောင်လင်ဂိုဏ်းချုပ်ကြီးယူရှန်၏ စေလွှတ်ချက်အရ သွားခဲ့ရပုံကို အသေးစိတ် ပြောပြလိုက်၏"

ထို့အပြင် မထင်မှတ်ဘဲ တိုက်ခိုက်ခံလိုက်ရသောကြောင့် အဖြစ်ကိုလည်း ပြောပြလိုက်၏။ လောင်စုမှာ ကျိစန်း၏ စကားကိုကြားရသောအခါ အံ့တကြိတ်ကြိတ်ဖြစ်နေ



၏။

"တောက် . . . . မိုက်ရိုင်းလိုက်ပါဘိကွာ"

"ဟုတ်တယ် . . . ဦးကြီး၊ တော်တော့်ကို အောက်တန်းကျတဲ့ လူတွေပါပဲ"

"ဒါဆို . . . . မင်း အခုဘယ်ပြန်မှာလဲ"

"စုန့်စန်း . . . တောင်ကြီးပေါ်ပြန်ဦးမယ် ဦးကြီး"

"အင်း . . . ငါလည်း ရှောင်လင်ကိုလိုက်ခဲ့မှ ထင်တယ်"

"ဟာ . . . လိုက်ခဲ့ပါလား ဦးကြီးရယ်၊ ကျောင်းတော်ကြီးအခြေအနေက စိုးရိမ်စရာပဲ ဦးကြီးရဲ့၊ မွန်ဂိုတပ်ကလည်း ကျွန်တော်တို့ ကျောင်းကြီးကို မျက်စောင်းတထိုးထိုးဖြစ်နေပြီ ဦးကြီးရဲ့၊ အရေးထဲ မကိုင့်ကြီး ပျောက်သွားတော့ ပိုဆိုးတာပေ့ါ ဦးကြီးရယ်၊ ကဲ လိုက်သာလိုက်ခဲ့ပါဦးကြီးရယ်"

"အေး လေ . . ဒီမှာတစ်ရက်နှစ်ရက်နေပြီးရင် သွားကြတာပေ့ါကွာ"

နှစ်ဦးသား ပြောဆိုနေကြစဉ်ဝယ် စားသောက်ဖွယ်ရာများ ရောက်ရှိလာ၏။ ကျိစန်းမှာ ဟင်းနံ့ထမင်းနံ့ကိုရ

သည်နှင့် ပ်းစပ်တစ်ပြင်ပြင်ဖြစ်နေ၏။ လောင်စုသည် ကျီးကန်းကလေးကို ပြုံးစေ့စေ့ကြည့်ရင်း . . .

"ကဲ . . . သ လူကလေး၊ ဦးကြီးတို့ စားလိုက်ကြရအောင်"

"အဲတော်ပဲ. . . ဦးကြီး၊ ကျွန်တော် အတော့ကို ဆာနေတာ"

"ငါသိပါတယ်ကွာ၊ ဒီအဆိပ်ပြေတာနဲ့ မင်းဆာမယ် ဆိုတာသိလို့ ငါမှာထားတာပါ"

" ဟင် . . . ဟုတ်လား၊ ကျေးဇူးတင်လိုက်တာ ဦးကြီးရယ်"

နှစ်ဦးသား ပြောပြောဆိုဆိုနှင့် ရောက်ရှိလာသော အစားအသောက်များကို မြိန်ရည်ယှက်ရည် စားသောက်ကြလေသည်။

စားသောက်ပြီးကြသည်နှင့် ဆိုင်ထဲမှ ထွက်ခဲ့ကာ ဗီရိုကလေးတစ်စီး ငှားလိုက်ကြပြီး စုန့်စန်းတောင်ကြီးဘက်သို့ ထွက်ခဲ့ကြ၏။

မြင်းကြီးမှာ အုန်းခွံရောင် မြင်းကြီးဖြစ်ပြီး လည်ဆံမွေးတဖွားဖွားနှင့် အရပ်အမောင်းရော ဒေါက်ပါကောင်း



လှ၏။

ဖုန်တထောင်းထောင်းထနေသော လမ်းမကြီးအတိုင်း တခွပ်ခွပ် ခရီးနှင်ခဲ့ကြရာ ညနေစောင်းလု အချိန်အခါတွင် စုန့်စန်း တောင်ကြီး၏။ တောင်ခြေသို့ ရောက်ရှိလာ၏။

ယိုအချိန်တွင် မြင်းလှည်းသမားကြီး၏ ထူးဆန်းအံ့ဩဖွယ်ကောင်းလှသော မြင်းငေါက်သံနှင့် မရှေးမနှောင်းမှာပင် လမ်းတစ်ဖက်တစ်ချက်ပေါ်မှ အနက်ရောင် ဝတ်စုံ ားသမားများ တရိပ်ရိပ်ခုန်ချလာကြသည်။

အားလုံးရှစ်ယောက်အနက် ရောင်မျက်နှာဖုံးများကို တပ်ဆင်ထားကြပြီး လက်ထဲတွင်လည်း ဓားကြီးတွေ တလက်လက်တောက်ပနေ၏။

အမှောင်ထုကလည်း တစ်စတစ်စမှောင်လိုက်လာသော်လည်း လရောင်ကပြာခဲ့နေသည်မို့ သူတို့လက်ထဲမှ အသွားထက်လှသော ဓားကြီးတွေက တလက်လက်တောက်ပ အရောင်ထွက်နေခြင်းဖြစ်၏။

ထိုစဉ်လှည်းကြီးပေါ်မှ လူကလို့ဝှက်သိမ်းဆည်းထားသော ဓားကြီးကို ထုတ်ကာအချက်ေ းလိုက်၏။ လမ်းပေါ်သို့ ခုန်ချလာသော ဓားသမားများသည် ဗီရိုလှည်း ြး

ပေါ်သို့ လွှားကနဲ လွှားကနဲ ခုန်တက်လိုက်ကြလေ၏။

သူတို့အားလုံး အပေါ်ရောက်သည်နှင့် လက်ထဲမှ ဓားသမားများနှင့် လှည်းနံရံများကို အော်ဟစ်ခုတ်ထစ်ကြလေသည်။

" ခုတ် . . . အသေခုတ်"

" ဝှစ် . . . ဝှစ်"

" ရွှပ် . . . ရွှပ်"

" သေစမ်းကွာ"

" ဒုတ် . . . ဒုတ်"

အသံဗလံတွေ ပွက်လောရိုက်သွားသလို လှည်းကြီးမှာ သစ်တော်ပင် တစ်ပင်အောက်အရောက်၌ ရပ်သွား၏။ ခဏမျှအကြာ၌ ဗီရိုတံခါးတွင် တွန်းဖွင့်လိုက်ကြပြီး အထဲသို့ လှမ်းကြည့်လိုက်ကြသည်။

" ဟာ . . . ဘယ်လိုလဲကွ"

" ဘာဖြစ်လိုလဲဗျ"

" ဟင် "

" အထဲမှာ ဘယ်သူမှမရှိပါလား"

" ဟင် . . . ကျုပ်ကိုယ်တိုင် ခေါ်တင်လာတာပဲ



ဗျ"

"အံ့သြစရာပဲ"

သူတို့အားလုံး အံ့အားသင့်နေကြ၏။ မြင်းလှည်းမောင်းသမားမှာလည်း သူကိုယ်တိုင် တင်ဆောင်လာခဲ့သောလူနှစ်ယောက် ပျောက်သွားသည်ကို စဉ်းစားမရနိုင်အောင်ဖြစ်နေသည်။ လှည်းတစ်စီးလုံးမှာတော့ ဓားခုတ်ရာတွေ မွနေ၏။ ထိုအချိန်၌ တောင်ခြေမှ လူနှစ်ဦးလျှောက်လာနေသည်။

ထိုသူနှစ်ဦးမှာ အခြားတော့မဟုတ်ပါ။ မိုးလက်ဝါးလောင်စုနှင့် တောကျီးကန်း ကျိစန်းတို့နှစ်ယောက်ပင် ဖြစ်သည်။ ကျိစန်းမှာ လောင်စု၏အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေ၏။

လမ်းတစ်ဝက် အရောက်တွင် သူ့လက်ကိုဆွဲကာ လှည်းပေါ်မှ ခုန်ဆင်းကျန်ရစ်ခဲ့သဖြင့် စဉ်းစားမရနိုင်အောင်ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ ဦးကြီးရဲ့"

"မင်း မသိပါဘူးကွာ ငါလှည်းမောင်းသမားကို မသက်သာလို့ကြည့်နေတာကွ သူ့ရဲ့အမူအရာနဲ့ သူ့မျက်လုံးတွေဟာ မရိုးသားဘူးလို့ ငါထင်တယ်၊ ဒါကြောင့် ငါတို့ဆင်းနေ

ခဲ့တာပဲ"

"ဟုတ်လား"

"အခုအချိန်ကစပြီး သတိထားမှပဲဟေ့. . ."

လောင်စုသည် ကျိစန်းကို သတိပေးကာ တောင်စောင်းလမ်းအတိုင်း တက်ခဲ့ကြသည်။

လမ်းတစ်ဝက် အရောက်၌ . . .

" နေဦး ကျိစန်း၊ ငါ မသင်္ကာဘူး"

"ဘာဖြစ်လို့လဲ"

"နေဦးကွ"

လောင်စုသည် လေညာကတက်လာသည်မို့ အနံ့အသက်ကို ရှူရှိုက်ရင်း စိတ်ထဲတွင် မသင်္ကာ၍ ကျိစန်းကို ဟန့်တားလိုက်၏။

တစ်ခဏအကြာတွင် ကျိစန်းကို မျက်ရိပ်ပြကာ လမ်းတစ်ဖက်ရှိ ချုံနွယ်များကြားသို့ ခုန်ဝင်လိုက်ကြပြီး အခြေအနေကို စောင့်ကြည့်လိုက်ကြသည်။ ထိုစဉ် တောင်ဆင်းလမ်းအတိုင်း စကားပြောသံတွေ ထွက်ပေါ်လာ၏။

လူတစ်စုဆင်းလာနေကြသည်။ အားလုံးအနက်ရောင်ခြုံလွှာကြီးများကို ခြုံထားကြကာ ခါး၌ဓားရှည်များချိတ်



ထားသည်။

လောင်စုသည် ခြုံဘဲမှ ချောင်းကြည့်ရင်း မြေပြင်ပေါ်မှ ကျောက်ခဲကလေးများကို ယူ၍ပစ်ခတ်လိုက်၏။

"ဝှစ်"

"ဝှစ်"

"ဒုတ် . . . ဒုတ် "

"ဘာသံလဲကွ"

ဝတ်ရုံမည်းကြီး ခြုံထားသော လူများမှာ အသံကြောင့် ခြေလှမ်းတန့်သွားပြီး ဟိုဟိုသည်သည်ကြည့်လိုက်ကြသည်။ ထိုအင်္ဂါက်ခြုံများကြားမှ လူတစ်ဦး ခုန်ထွက်လာ၏။

"ဟာ . . . မိုးလက်ဝဲပါလား"

"ဟုတ်ပါ့ကွာ . . . ဟား . . . ဟား . . . ဟား"

"ရန်သူ "

"ခုတ် . . . အသေခုတ်"

ဝတ်ရုံမည်းများသည် လောင်စုကို ရင်ဆိုင်ရန် အော်ရင်းဟစ်ရင်း ဓားများကို ဆွဲထုတ်လိုက်ကြ၏။

" ဟာ . . . "

" ဟင် . . . ခား တွေဘယ်ရောက်ကုန်ပါလိမ့် "

" ဟာ . . . ဟုတ်ပ့ါကွာ "

အားလုံး ကြက်သေသေနေကြ၏။ ခါးတွင်ချိတ်ထားသော ဓားတွေလည်း တစ်ချောင်းမျှမရှိတော့ချေ။ လောင်စုသည်သူတို့ ရှေ့၌ မားမားရပ်ရင်း တဟားဟား အော်ဟစ်ရယ်မောနေသည်။

ကျိစန်မှာ လောင်စု၏အပြုအမူကိုကြည့်၍ အကြီးအကျယ်အံ့အားသင့်နေ၏။ အဖြစ်အပျက်က မယုံနိုင်စရာပင်၊ ဘာမဟုတ်သည့် ကျောက်ခဲကလေးများကို လက်နက်လုပ်ရင်း အတွင်းအား အသုံးချကာ ပစ်ပေါက်တိုက်ခိုက်ပုံမှာ အံ့အားသင့်ဖွယ်ရာပင်။

တစ်ဖက်မှ ရန်သူများမှာ သူတို့ခါးတွင် ချိတ်ဆွဲထားသော ဓားများလွင့်စင်သွားသည်ကိုပင် မသိလိုက်ကြချေ။

ယခုတော့ အားလုံးမင်သက်မိကာ တုတ်တုတ်မျှ မလှုပ်နိုင်အောင် ဖြစ်နေကြလေတော့သည်။ ထိုစဉ် လောင်စုသည် လက်ထဲမှ ဝါးစိမ်းတုတ်ကလေးဖြင့် ဝတ်စုံနက်များကိုဝင်၍ ရိုက်နှက်လေ၏။

" ဝှစ် "



" ရွှမ်း . . . ဗြိ"

" အောင်မလေးဗျ "

ဝတ်ရုံနက်အားလုံး ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်အောင် ဖြစ်နေကြ၏။ ကိုယ်ပေါ်တွင် ခြုံလွှမ်းထားသော ဝတ်ရုံနက်ကြီးများမှာ အပိုင်းပိုင်းပြတ်ကာ မြေပေါ်တွင်ပုံကျကုန်၏။

အားလုံးလုံးတီးဖြစ်ကာ ရှက်ရှက်နှင့် ထွက်ပြေးကြကုန်၏။ ထိုစဉ် လောင်စုသည် မြေပြင်ပေါ်တွင် စုပုံနေသော ကျောက်ခဲများကို သုံးလေးချက် ကန်ထုတ်လိုက်ရာ ရှေ့မှ ထွက်ပြေးသွားသော လူတစ်စုကို တဖုံးဖုံးနှင့် ထိမှန်ကုန်လေသည်။

အားလုံးမြေပြင်ပေါ်တွင် ပိုးစိုးပက်စက်နှင့် လဲကျကုန်၏။ လောင်စုသည် တဟား ဟား ရယ်မောရင်း တောကျိုးကန်းကျိစန်းကို ပခုံးဖက်ကာ စုန့်စန်းတောင်ပေါ်သို့ ဖြည်းဖြည်းချင်း တက်ခဲ့ကြလေတော့သည်။

* * * * *

## အခန်း (၁၈)

" ဟာ . . . ဘယ်လိုဖြစ်ပါလိမ့် "

" ဟင် . . . ဂိုဏ်းချုပ်ကြီးရော "

" အို . . . ဘယ်လိုတွေပါလိမ့် . . . မယုံနိုင်စရာပါလား "

" လက်ဦးသွားပြီဟေ့ . . . လက်ဦးသွားပြီ "

" ဟင် . . . "

လောင်စု ရောကျိစန်းပါ ပြင်ကွင်းကြောင့် ကြက်သေ,သေနေကြ၏။ ရှောင်လင်ကျောင်းတော်ကြီးမှာ ကျီးနှင့်ဖုတ်,ဖုတ်ဖြစ်နေ၏။

ဖရိုဖရဲဖြစ်နေသော ဘုရားပုထိုးများ မီးခိုးတလူလူ



ထွက်နေ၏။ ခေါင်မိုးကြီးများ၊ ကျောင်းဆောင်ကြီးများမှာ မြင်ရုံနှင့်ရင်နင့်စရာပင်။

သွေးစွန်းနေသော ဘာဝါရေး အဆောက်အအုံများကို မြင်ရသောအခါ နှစ်ဦးသား စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရ၏။ ကျောင်းတော်၏ ရင်ပြင်ပေါ်တွင်လည်း မြင်ကွင်းမှန်သမျှ ဖရိုဖရဲနှင့် ပျက်စီးယိုယွင်းနေ၏။ မြင်ကျေဘာသာရေးရုပ်ထုများလည်း အားလုံးပြိုကာ ကြည့်မကောင်းရှုမကောင်းဖြစ်နေခဲ့ချေပြီ။

ကျိစန်းသည် ဂိုဏ်းချုပ်ကြီး နေထိုင်ရာအခန်းထဲဝင်ကာ မွှေနှောက်ရှာဖွေသော်လည်း အရိပ်အယောင်ပင်မမြင်ရတော့ချေ။

"တောက်. . . . ဘယ်လို ဖြစ်ကုန်ပါလိမ့်"

"မိုက်ရိုင်းလိုက်တာဗျ"

"အေးကွာ အတော့ကို မိုက်ရိုင်းလှတဲ့ အသွင်အပြင်ပါလား"

နှစ်ယောက်စလုံး တောက်တခေါက်ခေါက်ဖြစ်နေကြ၏။ ထိုစဉ် လောင်စုသည် ကျိုးပဲ့နေသော တိုင်လုံးကြီးဘေးမှ အပ်ကလေးတစ်ချောင်းကို တွေ့လိုက်ရသဖြင့် ယူ

ကြည့်လိုက်၏။

"ဘာလေးလဲ ဦးကြီး"

"လက်နက်ပုန်း"

"ဟင် . . . ဟုတ်လား . . . ဘယ်သူ့လက်ချက်လဲဟင်"

"အင်း . . . ဒါမွန်ဂိုတွေ ကိုင်နေကျဝံပုလွေစွယ်တပ်တဲ့အဆိပ်လူး အပ်တွေပါလား "

"ဟင် . . . ဒါမွန်ဂိုတွေ ကျွန်တော်တို့ ဘုရားကျောင်းပေါ် ကျူးကျော်ဖျက်ဆီးသွားပြီးပေါ့ "

"ဒါပေါ့ကွာ"

"တောက် . . . မိုက်ရိုင်းလိုက်ပေ့ ဦးကြီးရာ"

"ကဲပါကွာ . . . ဂိုဏ်ချုပ်ကြီးကို ရှာပါဦး"

"သူ . . . အခန်းထဲမှာ မရှိဘူး ဦးကြီးရဲ့ "

"ဟင် ဟုတ်လား၊ ဒါဆိုအပြင်ထွက်ပြီး ရှာကြရအောင်"

"ဟုတ်ကဲ့ . . . ဦးကြီး "

နှစ်ဦးသား ပြောပြောဆိုဆိုနှင့် အပြင်ထွက်ပြီး ရှာဖွေလိုက်ကြ၏။



အချိန်အတော်ကလေးကြာမျှ ရှာဖွေသော်လည်း ဝူရှန်တို့၏အရိပ်အယောင်ကို မတွေ့ရထိုစဉ် တောတန်းထဲမှ တိုးတိုးတိတ်တိတ် ထွက်လာသော လူတစ်ဦး တစ်ယောက်၏ အရိပ်အယောင်ကို မြင်လိုက်ကြသဖြင့် နှစ်ဦးသား ခြေသံဖျောက်၍ လိုက်ခဲ့ကြရာ နောက်ဆုံးတွင် တောင်တန်းအနောက်ဘက်သို့ လျှို့ဝှက်လမ်းမှ ဆင်းထားသည်ကို တွေ့လိုက်ကြရ၏။

ထို့ကြောင့် နှစ်ဦးစလုံး လျှို့ဝှက်လမ်းကလေးကြားမှ ခပ်ခွာခွာလိုက်ခဲ့ရာ နောက်ဆုံးတွင် ဂိုဏ်းချုပ်ကြီး ဝူရှန်ပုန်းအောင်နေသာ ဂူစပ်သို့ ရောက်ရှိလာကြလေတော့၏။

"ဟင်"

"ဟာ . . . ဂိုဏ်းချုပ်ကြီး နေတဲ့ဂူပဲ"

"ဟုတ်ရဲလား ကျိစန်းရဲ့"

"သေချာပါတယ် ဦးကြီးရာ"

"ဒါဆို ဝင်ကြရအောင်"

နှစ်ဦးသား ဂူထဲသို့ တစ်လှမ်းချင်းဝင်ခဲ့ရာ ဝါစဉ်အကြီးဆုံးရန်ရှောင်ကို တွေ့လိုက်ရသဖြင့် ဂိုဏ်းချုပ်ကြီးရှိမည့်နေရာကို မေးလိုက်၏။

ရန်ရှောင်သည် ကျိစန်းနှင့် လောင်စုကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်ကာ ဂိုဏ်းချုပ်ကြီးထံ ခေါ်သွားလေ၏။

"သြော် ဆရာကြီး မိုးလက်ဝဲပါလား ... ဟင် ... တောကျီးကန်းလည်းပါသကိုး"

"ဟုတ်ပါတယ် ... ဂိုဏ်းချုပ်ကြီး"

"ကဲ ... ထိုင်ကြပါဦး"

"ဘယ်လိုတွေဖြစ်ပါလိမ့် ဂိုဏ်းချုပ်ကြီးရယ်"

"မြင်တဲ့အတိုင်းပဲ လောင်စုရေ ... ကျုပ်တို့ဆီကို မွန်ဂိုတပ်တွေတက်လာပြီး မတရား တိုက်ခိုက်သွားကြ လို့ဗျ"

"တောက် ... မိုက်ရိုင်းလွန်းလှချည်လား"

"ဟုတ်ပဗျာ၊ ကျုပ်တို့လည်း ဆင်းပြီးရှောင်နေရတယ်၊ ဒါနဲ့ ကျိစန်း မင်းအခြေအနေ ဘာထူးသေးလဲကွ"

"ကျွန်တော် ရှောင်ဆက်တောင်ကို ရောက်ခဲ့ပါတယ် ဂိုဏ်းချုပ်ကြီး ဒါပေမယ့်..."

"ဒါပေမယ့်... ဘာဖြစ်သလဲကွ"

"ကျွန်တော် သူတို့ရဲ့ ကြိုတင်တိုက်ခိုက်မှုကို ခံခဲ့ရပါတယ် ဂိုဏ်းချုပ်ကြီး"



"ဘာ .... မယုံနိုင်စရာကွာ"

"ဂိုဏ်းချုပ်ကြီး"

တောကျီးကန်းကျိစန်းသည် သူကြုံခဲ့ရသည့် အဖြစ်သနစ်များကို ရှင်းပြလိုက်၏။ ဂိုဏ်းချုပ်ကြီး ဝူရှန်မှာ တောကျီးကန်း၏ စကားကြောင့် လောင်စုကို ကျေးဇူးတင်သောအ ကြည့်နှင့်ကြည့်ရင် ...

"အင်း ဆရာကြီး ရောက်လာလို့သာပေါ့လေ၊ တကယ်တော့ ခုလိုဖြစ်ရတာ ကိုးမျက်နှာမကိုင်ရှကြီးကြောင့်ပါပဲ ဆရာကြီးရယ်"

"ဟင်... ကိုးမျက်နှာမကိုင်ရှကြောင့် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဟာ... အတော့ကို ကြောက်စရာကောင်းလှပါလား၊ ပြောစမ်းပါဦးဗျာ ဘယ်လိုတွေဖြစ်ပါလိမ့် ဂိုဏ်းချုပ်ကြီးရယ်"

"အင်း ဒီလိုပါ ဆရာကြီး"

"........."

ဂိုဏ်းချုပ်ကြီးဝူရှန်သည် အဖြစ်အပျက်အလုံးစုံကို ရှင်းပြလိုက်၏။ လောင်စုမှာ ဂိုဏ်းချုပ်ကြီး၏ စကားကြောင့်

စိတ်မချမ်းမသာဖြစ်နေ၏။

ထိုစဉ် ဝူရှန်က လောင်စုကို မယုံကြည်နိုင်သော အကြည့်နှင့်ကြည့်ရင်း . . .

" ဒါထက်နေပါဦး ဆရာကြီးရဲ့၊ ဆရာကြီးတို့လူစု လုပ်ကြံခံရပြီး သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းကို ကျွန်တော်တို့ ကြားမိပါတယ်၊ ခုတော့ ဘယ်လိုလုပ်ပြီး ဆရာကြီး ပြန်ပေါ်လာပါလိမ့် "

" ဪ . . . ဒါလား၊ အင်း ထူးခြားလှတဲ့ ကံကြမ္မာကြောင့်ပဲလို့ ဆိုရမှာပေါ့ ဂိုဏ်းချုပ်ကြီးရယ်၊ တစ်နည်းအားဖြင့် ပြောရရင် ကျုပ်သေနေ့ မစေ့သေးလို့ပဲ ဆိုရမှာပေါ့"

"ဒါဆို . . . ဆရာကြီးနဲ့ အတူပါသွားတဲ့ ညီအစ်ကိုတော်ကောဟင်"

"ကျွန်တော်လည်း သူတို့သတင်းကို လိုက်ရှာနေဆဲပါ ဂိုဏ်းချုပ်ကြီး "

"အင်း . . . အဖြစ်အပျက်တွေကလည်း မယုံနိုင်စရာပါလား"

"ကဲ . . . ဒီမှာဆက်နေလို့ မသင့်ဘူးထင်ပါတယ် ဂိုဏ်းချုပ်ကြီး"



"ဟင် . . . ဘာဖြစ်လို့လဲ ဆရာကြီး မိုးလက်ဝဲရဲ့ "

"ဪ . . . မွန်ဂိုတပ်က ဆရာကြီးတို တောနင်းရှာ နေကြတော့တယ်၊ ပြီးတော့ အန်ယုကျိဆိုးနရာဆီကို ကျုပ် သွားချင်သေးတယ် "

"ဘာလုပ်ဖို့လဲဗျ"

"ဒီလူကို ကျုပ်တွေ့ချင်တယ်ဗျာ"

"တော် တော် ကောက်ကျစ်ကဲလူနော်၊ သူ့ကို မြီးကိုးခွနဲ့ ဝံပုလွေကြီးလို့တောင် ခေါ်ကြတာဗျ"

"ရပါတယ်လေ ကျုပ် သူနဲ့တွေ့မှ ဖြစ်မှာ"

"ဆရာကြီးမှာ ကိစ္စရှိလို့လား "

"ရှိတာပေါ့ဗျာ ခုလို ယုတ်ယုတ်မာမာ လုပ်သွားတာဟာ လုံးဝမကောင်းတဲ့ ကိစ္စတွေပဲ၊ ဒီတော့ ဆုံးမစရာရှိတာ ဆုံးမရမှာပေါ့လေ၊ ကဲ . . . ကျုပ်ဒီမှာတည်းဖို့ စိတ်ကူးပြီး လာခဲ့တာပဲ၊ ခုတော့ မဖြစ်သေးဘူးဗျို့၊ အဲဒီ . . . အန်ယကျိဆိုတဲ့လူဆီကို ကျုပ်လိုက်မှဖြစ်မယ် "

"ဟာ . . . ဆရာကြီးက သူ့ကို မြင်ဘူးလို့လား"

"မြင်တော့ ဘယ်မြင်ဘူးပါ့မလဲ၊ ဒါပေမယ့် မေးစမ်းပြီး လိုက်ရှာရမှာပေါ့၊ ကဲ . . . ဒါဆို ကျစန်းကို ခင်ဗျားတို့

လက်ထဲ ပြီးပြီပဲ၊ ကျုပ်သွားဦးမယ်ဗျို့"

"ဟင်. . . . မြန်လှချည်လားဗျ"

အဂ "မမြန်လို့မဖြစ်ဘူး၊ ကျုပ်ရှာနေတဲ့ လူတစ်ယောက် သူတို့ဆီမှာ ရောက်နေနိုင်တယ်ဗျ"

လုပ်၊ "ဘယ်သူပါလိမ့် ကျုပ်သိခွင့်ရမလားဗျ"

တို့၊ "အချိန်မတန်သေးပါဘူးလေ၊ အချိန်တန်ရင် သိရမှာပေါ့၊ ကျုပ်သွားပြီဗျို့"

လောင်စုသည် ရှောင်လင်ဂိုဏ်းချုပ်ကြီးဝူရှန်ကို နှုတ်ဆက်ခါ စုန့်စန်းတောင်ကြီးပေါ်မှ ဖြည်းဖြည်းချင်း ဆင်းသွားလေ၏။

သူ့စိတ်ထဲမှာတော့ ဒေါသတွေ ဟုန်းဟုန်းဆူနေချေပြီးဖြစ်၏။ မလုပ်သင့်မလုပ်နိုင်သော အလုပ်ကို လုပ်ဝံ့သည်မို့ စိတ်ထဲတွင် အမုန့်ကြိတ်ပစ်ချင်သည့် စိတ်များ တဖွားဖွား ပေါ်နေ၏။

အန်ယုကျိုကို သူမမြင်ဘူး၊ သို့ပေသည့် သူရှာနေသောသူသည် အန်ယုကျိုလို လူယုတ်မာ၏ နောက်ကွယ်တွင် ရှိဖို့သေချာ၏။

ထို့ကြောင့်လည်း စုန့်စန်းတောင်ပေါ်က ဆင်းဆင်း



ခြင်းအနီးအနားရှိ ရွာကလေးများတွင် သတင်းကို အမိအရ စုံစမ်းခဲ့၏။

တန်ယုကျိုတို့လူစု သွားတတ်လာတတ်သည့် နေရာဒေသမှန်သမျှ ခြေရာခံခဲ့လေ၏။ ထိုအချိန်တွင် ကိုယ်ကိစ္စနှင့်ကိုယ် ဒုက္ခတွေ့နေသူ တန်ယုကျိုမှာတော့ ရှောင်လင်ကျောင်းတော်ကြီးကိစ္စကို မေ့လျော့နေပြီဖြစ်၏။

သူ့ခေါင်းထဲတွင် သမီးဖြစ်သူ ကျောက်မိန်၏ သောက တဟုန်းဟုန်း တောက်လောင်နေ၏။ ရှိသမျှတပည့်တပန်းတွေကို စေလွှတ်ရှာဖွေခိုင်းသော်လည်း ကျောက်မိန်၏သတင်းကို အစအနပင် မရခဲ့ချေ။

ထို့ပြင် မွန်ဂိုခေါင်းဆောင်ကြီးလုထိုကိုလည်း မျက်နှာ မပြရဲတော့ သူ့အတွေးထဲတွင် အကြီးအကျယ် ဖြန့်ကျက်စိတ်ကူးခဲ့သော စိတ်ကူးယဉ်ကမ္ဘာကြီးက ပြိုကျခဲ့ချေပြီ။

ထိုအခြေအနေများကြောင့်လည်း အန်ယုကျိုတစ်ယောက် အိမ်ထဲက အိမ်ပြင်မထွက်ရဲအောင်ပင် ဖြစ်နေ၏။ ထိုအချိန်တွင် သူနေထိုင်ရာ အိမ်ဝင်းရှေ့သို့ မွန်ဂိုခေါင်းဆောင်ကြီး၏ တပ်ဖွဲ့မှ တပ်သားတစ်ဦး ရောက်ရှိလာ၏။

အန်ယုကျိုမှာ ထိုအချင်းအရာကို အိမ်ကြီး၏အ ဂ

ထပ် ပြတင်းမှနေ၍ မြင်လိုက်ပေရာ ရင်ထဲတွင် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ထို့ကြောင့် အိမ်ကြီးပေါ်မှာနေ၍ အောက်ထပ်သို့ အပြေးဆင်းခဲ့ပြီး အမောတကောနှင့် မေးလိုက်၏။

"ဘာ . . . ဘာကိစ္စလဲကွ "

"ဆရာကြီး တန်ယုကျိကို ခေါင်းဆောင်ကြီး လုထို ချက်ချင်းလိုက်ခဲ့ဖို့ ခေါ်လိုက်ပါတယ် "

"ဟုတ် . . . ဟုတ်လား "

"ဟုတ်ပါတယ်ခင်ဗျား "

"ဒါဆို ချက်ချင်းပဲ သွားကြရအောင်ဟေ့"

တန်ယုကျိသည် ဝတ်ရုံကြီးကို လွှားကနဲခြုံရင်း မွန်ဂိုတပ်သား မောင်းနှင်လာသော မြင်းလှည်းပေါ်သို့ အမြန်တက်ခါ လုထို ရှိရာသို့ အမြန်ဆုံးလိုက်ခဲ့လေတော့၏။

စိတ်ထဲတွင်တော့ ဘုရားတနေရဆဲ၊ လုထိုနှင့် ရင်ဆိုင်ရမှာ မျက်နှာပူလှ၏။ သို့ပေသည့် ရှောင်ဖို့မလွယ်သည့်ကိစ္စများမို့ ရှေ့မျက်နှာနောက်ထားကာ လိုက်ပါလာခဲ့ရလေ၏။

လုထိုတို့ နေထိုင်ရာ အိမ်တော်ကြီး ရှေ့အရောက်တွင် လှည်းရပ်သည်နှင့် အမြန်ဆင်းလိုက်ပြီး အိမ်ကြီးထဲသို့



ဝင်ခဲ့သည်။

လုထိုသည် သူ့ကိုမြင်မြင်ခြင်း ပြုံးရွှင်သော အမူအယာနှင့် ကြိုဆိုလာပေရာ တန်ယုကျိရင်ထဲတွင် တင်းကြပ်မှုမှန်သမျှ ကင်းစင်သွား၏။

" ဟော . . . တန်ယုကျိတောင် ရောက်လာပြီးကိုး"

" ဟုတ်ပါတယ် ခေါင်းဆောင်ကြီး "

" ကဲ . . . ကဲ . . . အေးအေး လူလူထိုင်ပါဦးဗျာ"

" ဟုတ် . . . ဟုတ်ကဲ့ "

သူလုထို၏မျက်နှာကို ရဲရဲမကြည့်ဝံ့၊ ဧည့်ခန်းရှိ ကျွန်းကုလားထိုင်ကြီးပေါ်တွင် မဝံ့မရဲဝင်ထိုင်လိုက်၏။

လုထိုသည် အိမ်ပေါ်တက်သွားပြီး တအောင့်မျှအကြာတွင် ကြောက်မက်ဖွယ်ရာ ကောင်းလှသည့် လူကြီးတစ်ဦးနှင့်အတူ အောက်ထပ်သို့ ပြန်၍ဆင်းသက်လာ၏။

" တန်ယုကျိ "

" ပြောပါခေါင်းဆောင်ကြီး "

" ဟိုကိစ္စကွေကို မေ့လိုက်ပါတော့ဗျာ ခု ကျုပ်တို့မှာ အလုပ်ကိစ္စတွေ ပေါ်လာပြီဗျ "

" ဗျာ . . . ဘာကိစ္စပါလည်း ခေါင်းဆောင်ကြီး "

" ဟောဒါ . . . ကျုပ်တို့ ခေါင်းဆောင်တွေဆီက ရောက်လာတဲ့ ဆရာကြီး ကောက်ဆိုင်ပဲခင်ဗျား သူ့ကိုတောင်ပိုင်း ဒေသမှာရှိတဲ့ခင်ဗျား လူတွေဆီအမြန်ဆုံး ပို့ပေးစမ်းပါ"

" ဟုတ် . . . ဟုတ်ကဲ့ ခေါင်းဆောင်ကြီး "

" ဒီမှာတန်ယုကျိ "

" ဟုတ်ကဲ့ . . . ခေါင်းဆောင်ကြီး "

" ကျုပ်တို့အရေးတော်ပုံ ပေါ်လာပြီဗျ၊ ဒီတော့ ခင်ဗျားဘက်က လူတွေကိုလည်း သတိပေးထားဦးဗျို့ "

" ဟုတ်ကဲ့ပါ ခေါင်းဆောင်ကြီး "

" ပြီးတော့ ကျုပ်ပြည်ကို ကျုပ်ပြန်ဦးမယ် "

" ဟင် . . . ဒါဆိုဒီမှာ ဘယ်သူကျန်ခဲ့မှာလဲ ခေါင်းဆောင်ကြီး "

" ကျုပ်သား စစ်ထိုကျန်ခဲ့မှာပေါ့ဗျာ "

" တော်သေးတာပေါ့ ခေါင်းဆောင်ကြီးရယ် "

" ခင်ဗျား ဘာမှမပူပါနဲ့ဗျာ၊ ကျုပ်မကြာခင် ပြန်လာခဲ့မှာပါ "

" ဟုတ်ကဲ့ . . . ခေါင်းဆောင်ကြီး"



" ကဲ ဒါဆို . . . ဒီဆရာကြီးကို ခေါ်သွားပေတော့"

" ဟုတ်ကဲ့ . . . ခင်ဗျ "

တန်ယုကျိမှာ မွန်ဂိုခေါင်းဆောင်ကြီး လုထို၏စကားကို တစ်ခွန်းမှမငြင်းနိုင်၊ သူစေခိုင်းသည့်အတိုင်း မွန်ဂိုအမျိုးသားကြီး ကောက်ဆိုင်ကို တောင်ပိုင်းဒေသရှိ ကုန်းစွန်းတို့ဆီအမြန် ပို့ပေးရန် စီစဉ်ရလေတော့၏။

* * * * *

## အခန်း (၁၉)

ချိန်ကွမ်းတစ်ယောက် တာစုတောင်ကြီးပေါ်တွင် ရောက်နေသည်မှာ တစ်နှစ်တင်းတင်း ပြည့်သွားချေပြီဖြစ်သည်။

ထိုအတောအတွင်း ဆရာကြီး ရီလင်တန်၏ ကိုယ်ပွားသိုင်းပညာနှင့် ဆရာကြီး ဆယ်ဟိုလုံ၏သမလှိုင်း ပညာတို့ကိုပေါင်းစပ်ရင်း " အန္တိမလှိုင်း " မည်သောလှိုင်းသစ်တစ်ခုကို ရရှိလာ၏။

အန္တိမလှိုင်း၏ အာနိသင်ကထူးဆန်း အံ့သြဖွယ်ရာပင်။

အစားအသောက်မစားဘဲလည်း နေနိုင်သလို အသက်မရှူဘဲလည်း နေနိုင်၏။ နောက်ဆုံးအိပ်စက်ခြင်းကိုပင်



ငြင်းဆန်နိုင်သည့် အာနိသင်များရှိနေပေရာ ချိန်ကွမ်းတစ်ယောက် သူ့စိတ်ကူးဉာဏ်ဖြင့် ဖော်ထုတ်ခဲ့သောအန္တိမလှိုင်း ပညာကို ဝမ်းသာအားရဖြစ်နေ၏။

ထိုအခါ တတိယမြောက် သိုင်းဆရာကြီးဖြစ်သည့် မိုးလက်ဝဲလောင်စုက ကိုယ်ဖော့လိပ်ပြာသိုင်းပညာကို အန္တိမလှိုင်းနှင့်ပေါင်းစပ်ဖို့ သူခက်ခက်ခဲခဲ ကြိုးစားခဲ့၏။

ရရှိသော သိုင်းစွမ်းရည်က အံ့မခန်းဖွယ်ရာပင်၊ သစ်ပင်မှ သစ်ရွက်ကလေးတစ်ရွက်အလား ပေါ့ပါးသွက်လက်နေသလို အနောက်တောင်ဘက်မှ တိုက်ခတ်လာသော လေပြေလေညှင်းများနှယ်လည်း အာရုံတွေကလန်းဆန်းနေ၏။

လေထဲတွင် လိပ်ပြာတစ်ကောင်လိုပဲ ဝဲနိုင်ပျံနိုင်သည့် အဆင့်ကို ရရှိလာ၏။ မြင့်မားလှသော သစ်ပင်ကြီးများကို ပြေးတက်ပြေးဆင်း လုပ်နိုင်သလို လူတစ်ဖက်စာခန့်ရှိသည့် သစ်ပင်ကြီးများကိုလည်း တဝုန်းဝုန်းကျိုးပွဲသွားအောင် ရိုက်ချနိုင်ခဲ့ချေပြီ။

ဆရာကြီးသုံးဦး ပညာကိုပေါင်းစပ်ရင်း ချိန်ကွမ်းတစ်ယောက် အံ့သြဖွယ်ကောင်းလှသော ဝိဇ္ဇာထိုတိုက်ကွက်

ကို ရရှိလာလေ၏။

တောထဲတောင်ထဲတွင် စွန်နက်ကြီးနှင့်အတူ ခုန်ပျံကျော်လွှားကာ လေ့ကျင့်နေရသည်ကို သူပျော်၏၊ စွန်နက်ကြီးကလည်း သူ့သိုင်းကွက်တွေကြားတွင် တစ်ခါတစ်ရံ မျက်လုံးပြူး မျက်ဆံပြူးပင် ရှောင်တိမ်းနေရ၏။

ချိန်ကွမ်းမှာ ယခုလိုထူးဆန်းလှသော သိုင်းပညာကို ရရှိသော ဆရာကြီးသုံးဦးကို အထူးပင် ကျေးဇူးတင်နေမိ၏။ ထစ်ချိန်က သူ့အပေါ်တွင် နိုင်ချင့်တိုင်းနိုင်ကြသော လူယုတ်မာများကို အခုအခြေအနေမှတော့ တစ်စက်ကလေးပင် မမှုတော့ချေ။

ယခုလည်း တောင်ပေါ်တွင် လပေါင်းများစွာ နေခဲ့ရသည်မို့ ပျင်းရိငြီးငွေ့လာလေရာ တောင်အောက်သို့ဆင်းရန် ဆုံးဖြတ်ခဲ့ပြီး စွန်နက်ကြီးနှင့်အတူ တောင်ခြေသို့ ဆင်းခဲ့၏။

အဘိုးဟူးကျင်းတို့ ရွာကလေးမှာ သူရောက်ရှိသွားချိန်တွင် ပြောင်းရွှေ့သွားပြီမို့ ဝူတန်တောင်ပေါ်သို့ သူလိုက်ခဲ့၏။ ရွာကလေးက တောင်ခြေတွင် မေးတင်ထား၏။ သူရောက်ရှိသွားချိန်တွင် နေဝင်ဆည်းဆာ အချိန်ကလေးဖြစ်



၏။

ရွာသားတွေက သူ့ကို ထူးထူးဆန်းဆန်း ဝိုင်း၍ကြည့်ရှုနေကြ၏။ တောင်ထဲတောင်ထဲတွင် လပေါင်းများစွာနေခဲ့ရပြီး အသီးအနှံများကိုသာ စားသောက်ခဲ့သဖြင့် ချိန်ကွမ်း၏အသားအရည်မှာ ကြည်လင်သန့်ရှင်းနေ၏။ လူ့သဘာဝနှင့် လောဘရိပ်၊ ဒေါသရိပ်၊ မောဟရိပ်မည်သော အရိပ်သုံးပါး၏ ရှုပ်ထွေးချယ်သမှုကြောင့် မြင်လိုက်သည်နှင့် ထိုအရိပ်များ၏ ရောင်ပြန်က မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်တွင် ပေါ်လွင်နေကြစမြဲဖြစ်၏။

ရှုပ်ထွေးလှသော အရိပ်အရောင်လက္ခဏာတို့က ခန္ဓာကိုယ်တစ်ခုလုံးပေါ်တွင် စိုးမိုးယှက်သန်းနေတတ်၏။

ယခုမူ ချိန်ကွမ်း၏ အသွင်ကအရိပ်သုံးပါးနှင့် ကင်းဝေးကာ ကြည်လင်သော အတွင်းအားလှိုင်းတန်ခိုး[illegible]ကြောင့်ဖြူစင်သန့်ရှင်းနေ၏။

ရွာသားများမှာ သူ့ကို အထူးအဆန်းသဖွယ်ကြ[illegible]သွား၏။

အရပ်ကမြင့်မြင့်မားမား ခန္ဓာကိုယ်အနေအထားကလည်း ကျစ်ကျစ်လှစ်လှစ်၊ ရုပ်ရည်အသွင်အပြင်ကလ[illegible]

သန့်စင်ချောမွတ်နေသည်မို့ မြင်ယုံနှင့် လေးစားဖွယ်ကောင်းလှသော လုလင်ပျိုတစ်ဦး၏ အသွင်လက္ခဏာတွင် ပေါ်လွင်နေ၏။

ခန္ဓာကိုယ်ပေါ်တွင်လည်း အဖြူရောင်ဝတ်ရုံကြီးကို ခြုံလွှမ်းထား၏။ ပခုံးပေါ်မှာတော့ တကွပ်ကွပ်နှင့် အော်မြည်နေသော စွန်နက်ကြီးက လိုက်ပါလာ၏။

ချိန်ကွမ်းသည် ရွာရိုးအတိုင်း လျှောက်လာခဲ့ရာ အဘိုး ဟူးကျင်းနေထိုင်သည့် တဲကလေးရှေ့ အရောက်တွင် ရပ်လိုက်၏။

အမျိုးသမီးငယ်ကလေးတစ်ဦးမှာ ကြိတ်ဆုံကြီးတွင် မောင်းထောင်းနေ၏။ ချိန်ကွမ်းသည် အမျိုးသမီးငယ်ကို ထူးထူးဆန်းဆန်းကြည့်ရင်း အံ့အားသင့်နေ၏။ ရုပ်ရည်မှာ အဝေးကကြည့်ရုံနှင့် စွဲမက်ဖွယ်ကောင်းလှ၏။

ခန္ဓာကိုယ်အနေအထားမှာ ပါးပါးလှပ်လှပ်ရှိပြီး ရှိုက်ကြီး ရှိုက်ဖို အသွယ်သွယ်လည်းနှင့် မြင်ရုံနှင့်မူးမေ့သွားနိုင်၏။

တစ်ခြမ်းဆောင်းမြင်နေရသော အသွင်လက္ခဏာကို ကြည့်ရင်း ချိန်ကွမ်းငေးငိုင်သွားသည်။ ဖြူဝင်းသော အသား



အရည်။ ပြေပြစ်သော နှာတံ။ အိထွေးနီမြန်းနေသော နှုတ်ခမ်းကလေးအစုံနှင့်။

ဖြောင့်စင်းလှသည့် ဆံကေသာအလှ စသည့် အလှရိပ်များ ဖွဲ့စည်းထားသော အလှနတ်သမီးကလေးတစ်ပါး ကို မြင်လိုက်ရသည့်အလားပင်။ ရင်တွေက တုန်ယင်ခုန်လာ၏။

မခံစားဖူးသည့် ခံစားချက်မို့ ချိန်ကွမ်းတစ်ယောက် သူ့ကိုယ်သူပင် နားမလည်းနိုင်ဖြစ်ခဲ့ရ၏။ ချိန်ကွမ်းသည် ခြံဝတွင် ငေးငေးငူငူကြီးရပ်ရင်း အမျိုးသမီးငယ်ကလေး၏ အလှကို တစ်အံ့တသြဖြစ်နေ၏။

ထိုအချိန်တွင် အမျိုးသမီးငယ်ကလေးသည် သူ့ဘက် လှည့်လာလေရာ ချိန်ကွမ်းကိုမြင်သွား၏။

" အို. . . "

" ဟင် . . . "

" ချိန်ကွမ်းမှာ ဘာပြောရမှန်း မသိဖြစ်နေ၏။ ထိုစဉ် အမျိုးသမီးကလေးသည် သူ့အနီးသို့ ရောက်လာ၏။ ဘယ်သူနဲ့ တွေ့ချင်လို့ပါသလဲရှင်. . .

" ဩော် ဟို ကျွန်တော်အဘိုးဟူးကျင်းနဲ့ တွေ့ချင်လို့ပါဗျာ "

" ဟုတ်ပါတယ် ခင်ဗျာ . . . ဒါထက်ခင်ဗျားက အဘိုးဟူးကျင်းရဲ့ သမီးလား "

" မဟုတ်ဘူး ရှင့် "

" ဗျာ "

အမျိုးသမီးငယ်ကလေးက သူ့ကိုစူးစူးပြောလာပေရာ ချိန်ကွမ်းတစ်ယောက် ပြုံးစိစိဖြစ်သွား၏။ ထိုစဉ်က အမျိုးသမီးငယ်ကလေးထံမှ စကားသံထွက်ပေါ်လာ၏။

" ရှင့် . . . အဖိုးနဲ့တွေ့ချင်လို့လား . . . ဒါဆို အထဲမှ ခဏစောင့် ကျွန်မသွားခေါ်ပေးပါ့မယ် "

" ဩော် အဘိုးက . . . ယာခင်းထဲရောက်နေတယ် ထင်တယ် "

" ဟုတ်ကဲ့ရှင့် . . . ကဲခဏစောင့်ဦးနော် "

" ဟုတ်ကဲ့ခင်ဗျာ "

အမျိုးသမီးငယ်ကလေးသည် သူ့ရှေ့မှ လှစ်ကနဲ ထွက်ပြေးသွား၏။ ချိန်ကွမ်းမှာ အမျိုးသမီးငယ်ကလေး၏ အသွင်အပြင်ကိုကြည့်ပြီး ဖူးသစ်စနှင်းဆီပွင့်ကလေး တစ်ပွင့်ကို တွေ့လိုက်ရသည့်အလား ခံစားခဲ့ရ၏။

ထိုအချိန်တွင် အမျိုးသမီးငယ်ကလေးမှာ ရွာလမ်း



မကြီးအတိုင်း ပြေးထွက်သွားပေရာ တစ်အောင့်မျှအကြာတွင် အဘိုးဟူးကျင်းနှင့် အတူပြန်လည်ရောက်ရှိလာလေ၏။

အဘိုးဟူးကျင်းသည် ချိန်ကွမ်းကို မြင်မြင်ခြင်း အံ့အားသင့်နေ၏။

" ဟာ . . . လူကလေး ချိန်ကွမ်းပါလား "

" ဟုတ်ကဲ့အဘိုး . . . အဘိုး နေကောင်းတယ် နော် "

" ကောင်းပါ့ကွယ် . . . လူကလေးဘယ်များသွား နေပါလိမ့် အဘိုးဖြင့် ကလေးကိုမျှော်လိုက်ရတာကွယ် "

" ကိစ္စရှိလို့ပါ အဘိုး "

" ဟုတ်လား . . ကဲ . . . ကဲ. . . အထဲဝင် ပါဦးကွယ် "

" ဟုတ်ကဲ့ . . . အဘိုး"

ချိန်ကွမ်းသည် ပြောပြောဆိုဆိုနှင့် တဲကလေးထဲသို့ ဝင်ခဲ့၏။ အဘိုးဟူးကျင်းမှာ ခေါင်းပေါ်ကသဘက်ကလေးကို ဖြုတ်ရင်း ခွျေးသုတ်လိုက်၏။ ထို့နောက် တဲဝတွင် ထည် ဆောက်ထားသော ရေချမ်းစင်ကလေးတွင် ရေတစ်ခွက်ခပ် သောက်လိုက်ပြီး တဲထဲသို့ဝင်ခဲ့လေ၏။

" ကဲ . . . အေး အေး ဆေး ဆေး ထိုင်ပါဦး လူလေးရယ် မတွေ့တာကြာတော့ အတော့ကိုပြောင်းလဲသွားပါလား အသားတွေလည်းဖြူလို့ "

" ဟုတ်တယ် . . . အဘိုး "

" ဝမ်းသာလိုက်တာကွယ် အင်း မင်းနဲ့အတူလိုက်လာတဲ့ ဆရာကြီးလော်ငစုလည်း တစ်ခေါက်တော့ ပြန်လာသေးတယ်ကွယ် "

" ဟုတ်လား . . . ဆရာကြီး အခုဘယ်မှာလဲဟင် "

" အို . . . သူလည်းခဏပဲလာတာပါကွယ် . . . ဟောဟိုရှောင်ချောင်းဆိုတဲ့ ကောင်မလေးကို ငါ့ဆီမှာအပ်ခဲ့ပြီး ပြန်ထွက်သွားတာပဲကွယ် "

" ရှောင်ချောင်းဟုတ်လား အဘိုး "

" အေးကွယ် . . . အဲဒီကလေးမလေးဟာ မင်းလိုပဲ ဒုက္ခသည်လေးပေါ့ကွယ် . . . ခုတော့အဖိုးမှာနေတာအသားကျနေပြီကွယ့် . . . ကဲခဏနေဦး နော် "

အဘိုးဟူးကျင်းသည် ထိုင်နေရာမှထကာ ရှောင်ချောင်းကို ခေါ်လိုက်ပြီး ချိန်ကွမ်းနှင့် မိတ်ဆက်ပေးလိုက်၏။ ရှောင်ချောင်းမှာ သူ့ကိုရဲရဲမကြည့်ရဲ မျက်လွှာလေးချကာ



ပြုံးတုန့်တုန့်လုပ်နေ၏။

ချိန်ကွမ်းသည် ရှက်သွေးဖြာနေသော ရှောင်ချောင်း၏ အသွင်ကလေးကိုကြည့်ရင်း ရင်တလှိုက်လှိုက်ခုန်နေ၏။ သူ့အတွေးအာရုံထဲတွင်လည်း ရှောင်ချောင်း၏ မခို့တရို့အလှကလေးက ဖမ်းစားထား၏။

ထိုစဉ် ရှောင်ချောင်းသည် အိမ်အနောက်ဘက်သို့ဝင်သွားကာ တအောင့်မျှအကြာတွင် စားသောက်ဖွယ်ရာနှင့်အတူထွက်လာ၏။

ချိန်ကွမ်းမှာ ရှောင်ချောင်း၏အလှကို မျက်စိထဲကမထွက်နိုင်တော့ တောရိုင်းပန်းကလေး၏ အလှရိပ်တွင် ချိန်ကွမ်းတစ်ယောက် ယစ်မူးခဲ့ချေပြီ။

အဘိုးဟူးကျင်းသည် သူ့ကို သီတင်းတစ်ပတ်ခန့်နေဖို့ပြောလာ၏။ ချိန်ကွမ်းမှာ အဘိုးနှင့်အတူနေချင်သော်လည်း မိန်းကလေးအပျိုလေးရှိနေသည်မို့ အားနာနေ၏။

အဘိုးဟူးကျင်းကလေးက သူ့သဘောကိုရိပ်မိဟန်တူ၏။ ထိုမှစ၍ ရှောင်ချောင်းကငြင်သာသော လေသံကလေးနှင့်အတူ ပြောလာ၏။

" အစ်ကိုချိန်ကွမ်းဒီမှာပဲ စိတ်ချလက်ချတည်းနိုင်ပါ

တယ်၊ ကျွန်မ ဒေါ်လေးကျင်ဟောက်တို့ဆီ သွားနေပါမယ်"

" အေး ဟုတ်ပေသားပဲ၊ ဘာ့မှအားမနာစမ်းပါနဲ့ လူကလေးရယ် ရောက်တုန်း ရောက်ခိုက်အေး အေးလူလူ ပေါ့ကွယ် "

အဘိုးဟူးကျင်းက ပါဝင်၍ ပြောလာသဖြင့် ချန်ကွမ်းမငြင်းသာတော့ ထို့ကြောင့် အဘိုးဟူးကျင်း၏ တဲကလေးတွင် ချိန်ကွမ်းတစ်ယောက်တည်းခိုးလိုက်၏။ ရှောင်ချောင်းမှာ အိမ်ရှင်မကောင်း ပီသ၏။ သူ့ကိုလိုလေသေးမရှိအောင် ဧည့်ခံ၏။ ချိန်ကွမ်းကလည်း အလကားမနေ ထင်းပေါက်စရာရှိ ပေါက်၊ ရေခပ်စရာရှိခပ်နှင့် အိမ်မှုကိစ္စများကို ဝိုင်းဝန်းလုပ်ပေးလိုက်၏။

* * * * *

သို့နှင့် ချိန်ကွမ်းနှင့် ရှောင်ချောင်းတို့နှစ်ဦးမှာ တစ်စတစ်စ ရင်းနှီးလာကြလေ၏။ လရောင်သည် ထိန်ထိန်သာနေ၏။ နှင်းများက တစ်ဖွဲဖွဲကျနေသည်။ သစ်ကြားပင်ကြီးအောက်တွင် လရောင်က ပိုးတဝါး အရိပ်ထင်နေသည်။



ရှောင်ချောင်းသည် သစ်ကြားပင်ကြီးအောက်သို့ တစ်ရွေ့ရွေ့ လျှောက်လှမ်းလာခဲ့သည်။ သူမသည် အဖြူရောင်ကိုယ်ကြပ်အင်္ကျီကိုဝတ်ကာ ဆံပင်များကို နောက်ဖက်တွင် သေသေသပ်သပ် စည်းနှောင်ထားသည်။

လရောင်ဖြင့် ရှောင်ချောင်း၏ မျက်နှာလေးမှာ ဝင်းပစိုပြည်နေလေသည်။

" ရှပ် . . . ရှပ် . . . ရှပ် "

" ဟင် . . . "

ခြေသံတစ်သံကို ကြားလိုက်ရသောကြောင့် ရှောင်ချောင်း ထိတ်လန့်သွားသည်။

" ဘာပါလိမ့် "

" သူမသည် အသံလာရာဘက်သို့ စူးစမ်းကြည့်ရှုလိုက်မိသည်။

" ထပ် . . . ထပ် "

တစ်စုံတစ်ရာကို တက်နင်းမိ၍ ကျိုးကြေသံကိုကြားလိုက်ရပြန်လေသည်။ အသံမှာ သစ်ကြားပင်ကြီး၏ နောက်ဘက်ခြုံနွယ်များ ဖုံးလွှမ်းနေသော နေရာမှ ထွက်ပေါ် လာခြင်းဖြစ်လေသည်။

ရှောင်ချောင်းသည် အိမ်ဘက်သို့ လှည့်ပြန်ရန်ဟန်ပြင်လေသည်။ ထိုအခါ သစ်ကြားပင်အောက်မှ လူရိပ်တစ်ရိပ် ထွက်ပေါ်လာလေသည်။

" ဟော့ . . . မင်း ဘယ်သွားမလို့လဲ "

" ဟင် . . . "

ရှောင်ချောင်းမှာ ရင်ထဲတွင် ထိတ်တနဲဖြစ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက် လုံရှည်တစ်ချောင်းကို ကိုင်ကာ သစ်ကြားပင်အောက်တွင် ရပ်နေသည်။

" ကျွန်မ . . . ကျွန်မ . . . "

ရှောင်ချောင်းပြန်ဖြေရန် ကြိုးစားသော်လည်း ထိတ်လန့်ကြောက်ရွံ့မှုကြောင့် သူမအသံများမှာ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေလေသည်။ သစ်ကြားပင်အောက်မှ လူသည် ခြေလှမ်းကို ရှေ့သို့ လေးလှမ်း လှမ်းလျှောက်လာ၏။

" ဟော့ နေပါဦး မင်း ငါ့ကို မကြောက်ပါနဲ့ ငါလူဆိုး မဟုတ်ပါဘူး လမ်းပျောက်နေတဲ့သူပါ "

" ဟင် "

ထိုဝတ်စုံနက်၏စကားကြောင့် ရှောင်ချောင်းမှာ



ကြောက်ရွံ့စိတ် အနည်းငယ်ပြေသွားလေသည်။

" ဟုတ်တယ်၊ ငါဟာ လူတစ်ယောက်ကို လိုက်ရှာနေတာပါ "

" ရှင် ဘယ်သူ့ကို လိုက်ရှာနေတာလဲ "

" အန္တိမလှိုင်းဆိုတဲ့ အတွင်းအားသိုင်းပညာ တတ်မြောက်ထားတဲ့သူပါ၊ အဲဒီလူက မျက်ခုန်းထူထူ၊ အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ် သူ့နာမည်ကို လူတွေက ရှောင်ကွမ်းလို့ ခေါ်ကြတယ်၊ အဲဒီလူကို မင်း သိသလား "

" ရှောင်ကွမ်း "

ဟူသော အမည်ကိုကြားလိုက်ရသောကြောင့် ရှောင်ချောင်း မျက်လုံးများဝိုင်းသွားသည်။

" သူ့ကို ရှင်က ဘာဖြစ်လို့ တွေ့ချင်ရတာလဲ "

မရဲတရဲဖြင့် ရှောင်ချောင်းက တုန့်ပြန်မေးလိုက်သည်။

" ငါသူ့ကို တွေ့ချင်တာက သူ့အန္တိမလှိုင်း အတွင်းအားကို ဘယ်လိုတောင် လေ့ကျင့်သလဲဆိုတာ သိချင်လို့ပါ "

" ရှင် သိချင်ပေမယ့် သူက ပြောချင်မှ ပြောမှာပေါ့"

" သူပြောအောင် လုပ်နိုင်တဲ့နည်းလမ်း ရှိပါတယ်"

" ရှင်က ဘာလုပ်မှာလဲ "

" ဒီလိုဟေ့ "

ပြောပြောဆိုဆို သစ်ကြားပင်အောက်မှ လျှောက်လာသူသည် သူ့လက်ထဲမှ အိတ်တစ်အိတ်ကို မြေကြီးပေါ်သို့ သွန်ချလိုက်သည်။

" ရှီ . . . ရှီ . . . ရှီ "

" ဟင် "

အိတ်အနက်ထဲမှ မြွေလေးများသည် မြေကြီးပေါ်သို့ လုံးလုံးထွေးထွေး ရောက်လာသည်။ လရောင်ကြောင့် အဖြူရောင်မြေတလင်းတွင် မြွေများ၏ အရောင်မှာ တလက်လက်ဖြစ်နေသည် မြွေစိမ်းကိုးကောင်တိတိရှိသည်။

သူတို့၏ကျောမှ အကြေးခွံသည် လရောင်ဖြင့် တောက်လက်နေသည်။ မြွေစိမ်းကိုးကောင်သည် သုံးကောင်စီခွဲကာ ရှောင်ချောင်းရှိရာသို့ တရွေ့ရွေ့လာနေ၏။

" ဟင် . . . မြွေတွေ . . . မြွေတွေပါလား "

ရှောင်ချောင်းက ကိတ်လန့်တကြား အော်ဟစ်လိုက်သည်။



" ရှီ . . . ရှီ . . . ရှီ "

မြွေများသည် တွန့်သံပေး၍ ပါးပျဉ်းထောင်ကာ ရှေ့သို့ တရွေ့ရွေ့ တိုးလာသည်။

" အမယ်လေး "

မြွေများသည် ဖိုခနောက်ဆိုင် ရှောင်ချောင်းကို တို့ထားလိုက်တော့၏။

" ဟား . . . ဟား . . . ဟား "

ဝတ်စုံနက်ထံမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

" ရှင် ရှင် ဒါဘာသဘောလဲ "

" မင်း. . . မြွေကိုက် မခံချင်ဘူးလား"

" ဘယ်သူက အဆိပ်ရှိတဲ့ မြွေတွေကို ကိုက်တာကို ခံချင်မှာလဲရှင့် "

" ဟင်း ဟင်း မင်း မြွေတွေကို ကြောက်ရင် ငါပြန်ခေါ်လိုက်ပါ့မယ်ကွာ "

" ဖျောင်း . . . ဖျောင်း . . . ဖျောင်း "

လက်ခုပ်တီးသံ သုံးချက်ထွက်လာသည်။ ဝတ်စုံနက်က တီးလိုက်ခြင်းဖြစ်သည်။ ထိုလက်ခုပ်သံကြားသည်နှင့် ကျောင်းတက်ခေါင်းလောင်းထိုးသံကို ကြားရသော ကျောင်း

သားများကဲ့သို့ မြွေကိုးကောင်သည် ပါးပျဉ်းများကိုချကာ နောက်ကြောင်းသို့ ပြန်၍ ပြေးသွားတော့၏။

ဝတ်စုံနက်က အနက်ရောင်အိပ်အမဲကြီးကိုဖွင့်ကာ ဟထားလိုက်သည်။ မြွေများသည် အနက်ရောင်အဝတ်အိပ်ထဲသို့ သူ့ထက်ငါ အလုအယက်ပြေးဝင်သွားကြသည်ကို ရှောင်ချောင်း အံ့ဩဖွယ်ရာ မြင်တွေ့လိုက်ရလေသည်။

မြွေများအကုန်ဝင်သွားသောအခါ ဝတ်စုံနက်သည် အဝတ်အိပ်၏ ရှုံ့ကြိုးကိုဆွဲကာ သူ့ပခုံးတွင် လွယ်လိုက်တော့၏။

" ရှင့် မြွေတွေက တော်တော်လိမ်မာသားပဲ "

" လိမ်မာပေမယ့် သူတို့က အဆိပ်ပြင်းပြီးတော့ အနံ့ခံကောင်းတယ် "

" ကျွန်မ ဘာကူညီရမှာလဲ "

" ငါ့မြွေတွေက အစာမစားရလို့ သိပ်ဆာလောင်နေတယ်၊ အဲဒီတော့ မင်းရဲ့လက်ကလေးတစ်ဖက်ကို ဖြတ်ပြီးတော့ ငါ့ရဲ့မြွေတွေကို ကျွေးလိုက်ပါလား "

" ရှင် "

ရှောင်ချောင်း ထိတ်လန့်ကာ နောက်သို့ဆုတ်လိုက်



မိသည်။

" ဟုတ်ပါတယ်၊ ငါ့မြွေတွေအတွက် ငါဟာ လူတစ်ယောက်ရဲ့လက်တစ်ဖက်ကို ကျွေးနေကျ၊ ဒီကနေ့အဖို့ သူတို့ကို အစာကျွေးဖို့ လူတစ်ယောက် ငါလိုက်ရှာနေတာ ပထမဆုံး မင်းကိုတွေ့တာပဲ "

" မလုပ်ပါနဲ့ရှင် ကျွန်မလက်တစ်ဖက်ကိုတော့ မဖြတ်ပါနဲ့ "

" မဖြတ်ပါဘူး၊ မြွေကိုးကောင်က မင်းလက်ကို သူတို့ဝမ်းဗိုက်ပြည့်ရုံပဲ စားကြမှာပါ "

" ဘယ်လို ရှင်ဟာ တော်တော်ကြောက်စရာ ကောင်းတဲ့သူပဲ၊ သွား . . . သွား ရှင်ဒီကထွက်သွား "

" သွားမှာပါပဲ၊ ဒါပေမယ့် မင်းငါ့နောက်ကို လိုက်ခဲ့ရလိမ့်မယ် "

" ကျွန်မ မလိုက်ဘူး "

" မလိုက်ရင် မင်း ထွက်သွားကြည့်လေ "

ရှောင်ချောင်းသည် သူမအိမ်ဘက်သို့ ကမန်းကတန်း ပြန်၍ ပြေးထွက်လိုက်လေတော့၏။

" ကဲ . . လာ "

" ဝုန်း "

" အမယ်လေး "

သူမ၏ခြေထောက်များသည် တုန့်ကနဲဖြစ်သွားပြီး ပြောင်တလင်းဖြစ်နေသော မြေပြင်တွင် မှောက်လျားထိုးလဲကျသွားသည်။ ထိုအခါတွင် သူမ၏ခြေထောက်များ မြွေစိမ်းသခင်ကျိုးရှောင်ဟုန်က ကြိုးတစ်ချောင်းနှင့် ပစ်၍ဖမ်းထားခဲ့ကြောင်း ရိပ်မိလိုက်သည်။

" အမယ်လေး "

ကျိုးရှောင်ဟုန်သည် တစ်ရွေ့ရွေ့ ထွက်ခွာသွားသည်။ ရှောင်ချောင်းမှာ မှောက်လျားထိုးဖြင့် ကျိုးရှောင်ဟုန်ဆွဲခေါ်ရာသို့ သဲပြင်ပေါ်မှ လျောတိုက်ပါသွားလေတော့သည်။

" လွှတ် . . . လွှတ် ကျွန်မကို လွှတ်၊ ကယ်ကြပါဦး "

ရှောင်ချောင်းသည် အသံကုန်ဟစ်အော်လိုက်လေ၏။ သို့သော် သူမ၏အသံကို မည်သူမျှ မကြားကြပေ။

" ငါ့မှာ ရန်သူတစ်ယောက်ရှိတယ်ကွ "

အဘိုးဟူးကျင်းက ချိန်ကွမ်းကိုကြည့်ရင်း ပြောလိုက်



သည်။ ချိန်ကွမ်းနှင့် ဟူးကျင်းသည် လသာသောညဖြစ်၍ စုန့်ရှိ၏အရက်ဆိုင်တွင် နှစ်ဦးသားထိုင်ကာ " ရှန်ချီ " ဝါးမြစ်အရက်ကို ဇိမ်ခံသောက်နေကြခြင်းဖြစ်၏။

" ဘယ်လို ရန်သူလဲ ဟူဘဘ "

" ဟား ဟား ဟား အဲဒီရန်သူက သိပ်အံ့သြစရာကောင်းတယ်၊ ငါချစ်တဲ့ ချောင်းယုံကို သူကချစ်တဲ့လူပေါ့"

" ရည်စားလုဖက်ပေါ့ "

" ဟုတ်တယ် ဒါပေမယ့် ချောင်းယုံက သူနဲ့အလျင်စတွေ့ခဲ့တာ "

" ဘဘဟူက နောက်ကျတာပေါ့ "

" နောက်ကျပေမယ့် ချောင်းယုံက ငါ့ကိုလည်းတွေ့ရော အဲ့ဒီလူကို လုံးဝဂရုမစိုက်တော့ဘူး "

အဘိုးကြီးဟူးကျင်းက ပြောပြောဆိုဆို အရက်အိုးကိုယူကာ တစ်ဂွပ်ဂွပ်ဖြင့် သောက်လိုက်လေတော့၏။

" သူက ဘဘဟူးကို သတ်ပစ်ချင်လောက်အောင်မုန်းမှာပဲ၊ ဘဘဟူးက သူ့ရည်စားကို သွားလုတာကို "

" အဟွတ် "

ဟူးကျင်းက ချောင်းတစ်ချက်ဆိုးပြီး တံတွေးများကို

ထွေးထုတ်လိုက်၏။

"ဟုတ်တယ် သူ့နာမည်က မြွေစိမ်းသခင် ကျိုးရှောင်ဟုန်တဲ့"

"ဗျာ"

လက်ထဲမှ အရက်အိုးသည် အောက်သို့လွတ်ကျသွားလေတော့၏။

"ခွမ်း"

အရက်အိုးမှာ ချိန်ကွမ်း၏ ခြေထောက်နားတွင် ကျ၍ကွဲသွား၏။ အရက်အိုးထဲမှ မြွေစိမ်းတစ်ကောင်သည် ချိန်ကွမ်း၏ ခြေအစုံကိုလှမ်း၍ ပေါက်ထည့်လိုက်သည်။

"အမယ်လေး"

ချိန်ကွမ်း နောက်သို့ဆုတ်လိုက်ရာ ကုလားထိုင်ရောလူပါလဲကျသွားလေတော့သည်။ ဘဘဟူးကျင်းသည် မြွေစိမ်းကို သူ့လက်ထဲမှတူဖြင့် လှမ်း၍ပစ်လိုက်လေသည်။

"ရှွပ်"

မြွေစိမ်း၏ ခေါင်းတည့်တည့်တွင် စိုက်ဝင်ကာ တူကလေးသည် မြေကြီးထဲတွင် နစ်နေ၏။ မြွေစိမ်းသည် တွန့်လိမ်ကာ လူးလွန့်နေ၏။ ချိန်ကွမ်းသည် ခုန်ထလိုက်သည်။



"ဘဘဟူး ကျုပ်တို့ဒီနေ့ နိမိတ်မကောင်းဘူး"

"ဟုတ်တယ်"

"ကျုပ်လည်း အဲ့ဒီမြွေစိမ်းသခင်နဲ့ တွေ့ဖူးတယ်၊ သူနဲ့ကျုပ် သိုင်းပညာပြိုင်ကြတော့ သူကရှုံးနိမ့်သွားတယ်၊ ဒါကြောင့် ခုနစ်လပိုင်း ကိုးရက်နေ့မှာ မင်းစိတ်မချမ်းမသာဖြစ်ရမယ်လို့ ကျုပ်ကို သတိပေးသွားတယ်"

"ဟာ ဒီနေ့ ခုနစ်လပိုင်း ခုနစ်ရက်နေ့ပဲ"

"ဟုတ်လား ဒါဆို အိမ်ကိုပြန်ကြစို့၊ ဘဘဟူး ကျုပ်ရှောင်ချောင်းကို စိတ်မချဘူး၊ အခု မြွေစိမ်းတစ်ကောင်ကို တွေ့ရတာ မြွေစိမ်းသခင်ကျိုးရှောင်ဟုန်က သူ့အနီးအနားမှာ ရှိနေပြီဆိုတဲ့အကြောင်း ကျုပ်ကို သတိပေးတာပဲ"

အဘိုးဟူးကျင်နှင့် ချိန်ကွမ်းတို့သည် ယာခင်းထဲရှိ သူတို့တဲကလေးထဲသို့ အလျင်အမြန် ပြန်လာကြသည်။

သို့သော် . . .

တဲအိမ်ကလေးထဲတွင် ရှောင်ချောင်းမရှိတော့ပေ။ ထို့ပြင် သဲပြင်ပေါ်တွင် လျှောတိုက်ဆွဲခေါ်သွားသော အရာများကို တွေ့ရပြီး ရှောင်ချောင်း၏ ပန်းရောင်ခေါင်းစီးကြိုးလေးသည် ခြုံနွယ်တစ်ခုတွင် ချိတ်ကာ ကျန်ခဲ့သည်။

" ရှောင်ညီမကို မြွေစိမ်းသခင် ဖမ်းသွားပြီ ဘဘဟု"

" အေး . . . တို့နောက်ကျသွားပြီ "

" နောက်မကျပါဘူး၊ ဘဘ. . . သူ. . ဒီအနီးအနားဟောထဲမှာရှိမှာပါ ကျုပ်လိုက်သွားမယ်"

ပြောပြောဆိုဆို ချိန်ကွမ်းပြေး၍ ထွက်လာခဲ့လေတော့သည်။ ရှောင်ချောင်းမှာ သွေးကြောပိတ်ခံထားရသောကြောင့် ကျောက်ဂူထဲရှိ မြက်ဖျာပေါ်တွင် မလှုပ်မယှက်ဖြစ်နေသည်။

" ကျွန်မ လက်ကို မြွေစာမကျွေးပါနဲ့ရှင်"

သွေးကြောပိတ်ထားသော်လည်း စကားပြောနိုင်သေး၍ ရှောင်ချောင်းက တောင်းပန်စကားဆိုလိုက်သည်။ ကျိုးရှောင်ဟုန်က ရှောင်ချောင်း၏ ဘယ်လက်ကိုဆွဲကာ အဝါရောင်ဆေးများ သုတ်လိမ်းနေလေသည်။

" ငါ့ရဲ့မြွေတွေက လူသားစားနေကျဆိုတော့ ခုဆိုသိပ်ဆာလောင်နေပြီ၊ ဒီဆေးနဲ့ရရင် သူတို့အစာဆိုတာသိလို့မင်းဆီလာကြလိမ့်မယ်။ မင်းရဲ့လက်ငါးချောင်းကို မြွေတစ်ကောင်စီက စားရင် မြွေငါးကောင်ဟာ အစာဝပြီးသွားရောကျန်တဲ့ မြွေလေးကောင်က သူတို့စာသလောက်စားရင် မင်း



ရဲ့လက်ဖျံ တစ်တောင်ဆစ်အထိလောက်ပါပဲ ဒီထက်ပိုမစားနိုင်ပါဘူး"

ကျိုးရှောင်ဟုန်က လုပ်နေကျ အလုပ်တစ်ခုကိုလုပ်သကဲ့သို့ပင် ခပ်အေးအေးပြောကာ ရှောင်ချောင်း၏ဘယ်လက်ကို လက်ဖဝါး လက်ခုံပါမကျန် အဝါရောင် စိမ်းရွှေရွှေအနံ့ ဆေးများကို လူးနေသည်။

" အဟင့်. . ကျွန်မကို သနားပါ၊ ကျွန်မ . . . တောင်းပန်ပါတယ် "

" ငါ့မြွေစာအကျွေးခံရတဲ့ လူတိုင်းကလည်း အဲ့ဒီလိုတောင်းပန် ကြတာပါပဲ နောက်တော့လည်း လက်တစ်ဘက် ငုံးတိတိဖြစ်သွားတာပဲ၊ ကဲ . . . ရပါပြီ "

ပြောပြောဆိုဆို အခန်းထောင့်ရှိ အနက်ရောင်အဝတ်အိပ်ကို ဖွင့်လိုက်၏။

" ရှီ . . . ရှီ . . . ရှီ "

မြွေများသည် သူတို့ပါးပျဉ်းများကိုထောင်ကာ ရှောင်ချောင်းရှိရာသို့ ပြေးလာကြလေတော့သည်။ ရှောင်ချောင်းမှာ အရှင်လတ်လတ် မြွေကိုက်ခံရမည့်အချိန်ကို ထိတ်လန့်စွာ စောင့်နေရလေတော့၏။

" ဝှစ် . . . ဝှစ် . . . ဝှစ် "

ထိုအချိန်မှာပင် အဖြူရောင် အလင်းတန်းကြီး ထွက်ပေါ်လာကာ ပါးပျဉ်းထောင်နေသော မြွေများတွန့်လိမ်သွားသည်။

" ဟင် "

မြွေများဦးခေါင်းတွင် သေးငယ်ချွန်မြသည့် ဓားကလေးများ စိုက်ဝင်နေသည်။ မြွေကိုးကောင်လုံး ရှောင်ချောင်း၏လက်ဆီသို့ မရောက်ဘဲ ဂူကြမ်းပြင်တွင် တွန့်လိမ်နေသည်။

မြွေစိမ်းသခင် ကျိုးရှောင်ဟုန်သည် ကျောက်ဂူဝသို့ လှမ်းကြည့်လိုက်၏။ ကျောက်ဂူဝတွင် ချိန်ကွမ်းသည် ရပ်နေလေသည်။

" ဟား ဟား ဟား မင်းနဲ့ငါ ဘယ်သူအတွင်းအားသာသလဲဆိုတာ ကြည့်ကြသေးတာပေါ့ "

" ဝှစ် "

" ဝုန်း "

သမင်ကို တွေ့သော ကျားတစ်ကောင်လို မြွေစိမ်းသခင်ကျိုးရှောင်ဟုန်က ချိန်ကွမ်းကို လွှားကနဲ ခုန်အုပ်လိုက်



လေတော့သည်။

" ထန်း "

" ထန်း "

" ထန်း "

လက်ဝါးချက်ချင်း သုံးကြိမ်တိတိ ရိုက်မိသွားကြသည်။ သူ၏မြွေများကို သတ်လိုက်သောကြောင့် မြွေစိမ်းသခင်ကျိုးရှောင်ဟုန်က ချိန်ကွမ်းကို သည်းသည်းမည်းမည်း တိုက်ခိုက်ခြင်းဖြစ်သည်။

အန္တိမလှိုင်းအတွင်းအားကို မြွေစိမ်းသခင်ရထားကြောင်း ချိန်ကွမ်းရိပ်မိလိုက်သည်။ ထို့ကြောင့် လေထဲသို့ ခုန်တက်ကာ မြွေစိမ်းသခင်၏ ဦးခေါင်းပေါ်သို့ ရိုက်ချလိုက်တော့၏။

" ဖျောင်း "

" အား "

မြွေစိမ်းသခင်က သူ့လက်ဝါးကို ခေါင်းပေါ်တင်ကာ ခုခံလိုက်၍ လက်ဝါးနှစ်ခုဆုံမိကြတော့သည်။ မြွေစိမ်းသခင်သည် အတွင်းအား အကုန်ဆုံးကာ ဆောင့်တွန်းလိုက်၏။

" ဟူး "

အတွင်းအားကို အကုန်သုံးကာ ချိန်ကွမ်းကလည်း ဖိထား၍ သူတို့နှစ်ဦးလုံး သဲပြင်ပေါ်တွင် မှောက်လျားထိုး အနေအထား ဖြစ်သွားသည်။

မြွေစိမ်းသခင် တဆတ်ဆတ်တုန်နေသကဲ့သို့ ချိန်ကွမ်းလည်း တစ်ကိုယ်လုံး လှုပ်ခါနေ၏။

" အူး . . . အား "

" အမယ်လေး "

ခဏကြာသောအခါ နှစ်ဦးလုံး ငြိုင်တူအော်လိုက်ကြ၏။

အခြေအနေမှာ ငြိမ်သက်သွားသည် မြွေစိမ်းသခင် ကျိုးရှောင်ဟုန်က ဂူကြမ်းပြင်တွင် ပါးနှင့်ကပ်ရင်း နှုတ်ခမ်းမှ သွေးများယိုစီးကျလာ၏။

ထိုအခါတွင်မှ ချိန်ကွမ်းသည် ထရပ်လိုက်သည်။ မြက်ဖျာပေါ်တွင် ပက်လက်အိပ်နေသော ရှောင်ချောင်း၏ ပိတ်ထားသော အကြောကို ပြန်ဖွင့်ပေးလိုက်သည်။

ရှောင်ချောင်းသည် တဟင့်ဟင့်ငိုရှိုက်ရင်း ထပြေးကာ ချိန်ကွမ်းကို ဖက်လိုက်သည်။ ချိန်ကွမ်းကလည်း ရှောင်ချောင်း၏ ကိုယ်လေးကို ပွေ့ဖက်ထားလိုက်သည်။



" အစ်ကိုသာ အချိန်မီရောက်မလာရင် ကျွန်မရဲ့ ဘယ်လက်ဟာ မြွေစာဖြစ်ပြီ "

" အင်း ခုတော့ ဘာမှ ပူစရာမရှိတော့ပါဘူး ညီမရယ် "

ချိန်ကွမ်းက ရှောင်ချောင်း၏ ကျောပြင်လေးကို ယုယစွာပွတ်သပ်၍ ချော့မော့လိုက်လေတော့၏။

ပြီးပါပြီ

မောင်နှင်းဆွေ

တိုးကက်ရေး